# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**ကောင်းမှုပြုလျှင် မြတ်၏**

မကောင်းမှုကိုပြုလျှင် နောင်အခါတွင် ပူပန်ရသောကြောင့် မကောင်းမှုကို မပြုခြင်းသည် မြတ်၏။ ကောင်းမှုပြုလျှင် နောင်အခါတွင် မပူပန်ရ (ဝမ်းမြောက်ရ) သောကြောင့် ကောင်းမှုကိုပြုခြင်းသည် မြတ်၏။

(ဓမ္မပဒ-၃၁၄)

၁၃၇၈ ခုနှစ်၊ ဝါဆိုလဆန်း ၁၀ ရက် | ၂၀၁၆ ခုနှစ်၊ ဇူလိုင် ၁၄ ရက်၊ ကြာသပတေးနေ့၊ | အတွဲ (၅၅)၊ အမှတ် (၂၈၃)

## သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ကောဒသမအစည်းအဝေး ပထမနေ့ကျင်းပ

စာမျက်နှာ-၇

# နိုင်ငံတော်သမ္မတ ဦးထင်ကျော် (၁၁)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီး အစည်းအဝေး (ASEM) တက်ရောက်ရန် မွန်ဂိုလီးယားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် ဇူလိုင် ၁၃

**မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာမြို့၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အာရှ- ဥရောပထိပ်သီးအစည်းအဝေး(ASEM) သို့ တက်ရောက်ရန် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့ည ၁၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာသွားသည်။**



နိုင်ငံတော်သမ္မတ ဦးထင်ကျော်အား ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။ **(ယာပုံ)**

အာရှ - ဥရောပ ထိပ်သီးအစည်းအဝေး (ASEM)ကို ၁၉၉၆ ခုနှစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ စတင်ကျင်းပခဲ့သည်။ ယခုနှစ် မွန်ဂိုလီးယားနိုင်ငံ၌ကျင်းပမည့် အစည်းအဝေးသည် (၁၁)ကြိမ်မြောက် အစည်းအဝေးဖြစ်ပြီး အေဆမ်၏ နှစ် ၂၀ ပြည့် နှစ်ပတ်လည်နေ့ရက်နှင့်လည်း တိုက်ဆိုင်လျက်ရှိသည်။

(၁၁)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေး (ASEM) ၌ မြန်မာနိုင်ငံသည် အာရှဒေသဆိုင်ရာ ညှိနှိုင်းရေးမှူးအဖြစ် နယူးဇီလန်နိုင်ငံနှင့် တွဲဖက်တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်သည်။ ယခုနှစ်တွင် အေဆမ်သည် နှစ် ၂၀ ပြည့်သည့်အတွက် အာရှ - ဥရောပ ဒေသအကြား အပြန်အလှန် ရောင်ပြန်ဟပ်စေမည့် အခွင့်အလမ်းများကို ဖန်တီးပေးအပ်သွားမည့်အပြင် အနာဂတ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံအုတ်မြစ်ကိုလည်း ချမှတ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



မြန်မာ့အလင်း

# သမိုင်းရေစီးကြောင်း အစုန်အဆန်

လူတို့၏အတွေးစိတ်ကူးတို့သည် ဆန်းကြယ်ထွေပြားပါသည်။ တချို့က (၂၁) ရာစု ပင်လုံညီလာခံ ဟုဆိုသည်နှင့် ပင်လုံညီလာခံကို အကြောင်းပြု လျက် ရှမ်းပြည်နယ်အား ခွဲထွက်ခွင့်ပြုထားခြင်းကို ထောက်ပြပြီး (၂၁) ရာစုပင်လုံညီလာခံ၌ ခွဲထွက်ရေးတို့ကို ဆွေးနွေးမည်လားဟု စိတ်ကူး ဉာဏ်ကွန့်မြူးကြပါသည်။ ဤနေရာ၌ ထင်ထင်ရှားရှားပေါ်လာသည်မှာ ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ အတူ လက်တွဲဖော်ဆောင်ခဲ့သော ပင်လုံညီလာခံ၏ နိုင်ငံရေးအနှစ်သာရကို ခွဲထွက်ရေး စိတ်ကူးရှိသူတို့က မှန်မှန်ကန်ကန် နားမလည်ခြင်းဖြစ်ပါသည်။ ပင်လုံညီလာခံ၏ နိုင်ငံရေးအနှစ်သာရသည် မြန်မာလူမျိုးအပါအဝင် တိုင်းရင်းသားလူမျိုးစုအားလုံး လက်တွဲလျက် တစ်စုတစ်စည်းတည်း ပြည်ထောင်စု၏လွတ်လပ်ရေးကို အရယူခဲ့ခြင်းဖြစ်ပါသည်။

တချို့က ရှမ်းပြည်နယ်အား နောင်တစ်ချိန်၌ ခွဲထွက်လိုပါက ခွဲထွက် ခွင့်ပြုမည်ဟူသောအချက်ကို ထောက်ပြလျက် ပင်လုံညီလာခံဆိုသည်မှာ ခွဲထွက်ခြင်းကို အသိအမှတ်ပြုခဲ့သော ညီလာခံဖြစ်သည်ဟု အဓိပ္ပာယ်ဖွင့် ဆိုကြပါသည်။ အမှန်မှာမူ ပင်လုံစာချုပ်၏နိဒါန်း(သို့မဟုတ်) အဖွင့်စာပုဒ် ကို သုံးသပ်ပါက ပင်လုံစာချုပ်၏ နိုင်ငံရေးအနှစ်သာရကို သိမြင်နိုင်မည် ဖြစ်ပါသည်။ အဆိုပါ နိဒါန်းပိုဒ်၌ "မြန်မာပြည်ဘုရင်ခံ၏ အမှုဆောင် ကောင်စီမှ ဝန်ကြီးအချို့နှင့် စော်ဘွားအားလုံးအပြင် ရှမ်းပြည်၊ ကချင် တောင်တန်းဒေသများနှင့် ချင်းတောင်တန်းဒေသများမှ ကိုယ်စား လှယ်များ တက်ရောက်ကြသော ပင်လုံတွင်ကျင်းပသည့် အစည်းအဝေး၌ ကြားဖြတ်မြန်မာအစိုးရနှင့် ချက်ချင်းပူးပေါင်းလိုက်ခြင်းအားဖြင့် ရှမ်း၊ ကချင်နှင့် ချင်းတို့သည် လွတ်လပ်ရေးကို ပိုမိုလျင်မြန်စွာရရှိလိမ့်မည်ဟု အစည်းအဝေးတက်ရောက်သူ အဖွဲ့ဝင်တို့က ယုံကြည်ကြသည့်အတိုင်း၊ တညီတညွတ်တည်း အောက်ပါအတိုင်း သဘောတူညီကြသည်"ဟု ဖော်ပြ ထားသည်ကိုသုံးသပ်ပါက တစ်စုတစ်စည်းတည်းအတူတကွ လွတ်လပ်ရေး ရယူခြင်းသည် ပင်လုံညီလာခံ၏ နိုင်ငံရေးအနှစ်သာရဖြစ်သည်မှာ ပေါ်လွင် ထင်ရှားပါသည်။ ဤနိုင်ငံရေးအနှစ်သာရကို မေ့မှိန်၍ ခွဲထွက်ခွင့်ကို ရှေ့တန်းတင်ဆွေးနွေးခြင်းမျိုးသည် အရိုးကိုအရွက်ဖုံးသော အတွေး အခေါ်သာဖြစ်ပါသည်။

ပို၍ဆိုးသည်မှာ ခွဲထွက်ရေးကို ရှေ့တန်းတင်ပြောဆိုသူတို့သည် ခေတ်၏ သမိုင်းရေစီးကြောင်းကို လျစ်လျူရှုထားခြင်းဖြစ်ပါသည်။ အာဆီယံ၊ ဥရောပသမဂ္ဂ အစရှိသောအဖွဲ့အစည်းတို့က မိမိတို့သက်ဆိုင်ရာဒေသ တွင်းရှိ နိုင်ငံတို့အား စုစည်းလျက် ပြိုင်ဆိုင်မှုပြင်းထန်နေသော မျက်မှောက်ကမ္ဘာကြီး၌ စုစည်းညီညွတ်မှုအင်အားဖြင့် ရပ်တည်ယှဉ်ပြိုင် နိုင်စွမ်းရှိရန် အသည်းအသန်ကြိုးပမ်းနေသော ခေတ်၌ ခွဲထွက်ခွင့်ဟူသော စိတ်ကူးအတွေးတို့သည် ခေတ်၏သမိုင်းရေစီးကို ဆန့်ကျင်နေသည်ဖြစ်၍ အောင်မြင်ရန် အကြောင်းရင်းခံတို့မရှိသည်မှာ ပေါ်လွင်ထင်ရှားပါသည်။ မြန်မာနိုင်ငံသည် အာဆီယံကို လိုအပ်သကဲ့သို့ အာဆီယံသည်လည်း မြန်မာနိုင်ငံကို လိုအပ်ပါသည်။ သမိုင်း၌ ဗမာပြည်မဟု ရည်ညွှန်းပြောဆို ခဲ့သော တိုင်းဒေသကြီး ခုနစ်ခုတို့သည် ကျန်ပြည်နယ်များအား လိုအပ် သကဲ့သို့ ကျန်ပြည်နယ်များသည်လည်း တိုင်းဒေသကြီးခုနစ်ခုကို လိုအပ် ပါသည်။ ဤသို့သော ပေါင်းစည်းရေး သမိုင်းရေစီးကြောင်းတို့ကို ဆန်တက်၍ ခွဲထွက်ရေးပန်းတိုင်ကို ချီတက်မည်ဆိုပါက သမိုင်းရေစီး ကြောင်းအတွင်း နစ်မြုပ်သွားမည်သာဖြစ်ပါသည်။

တစ်ဆက်တည်းတင်ပြလိုသည်မှာ အမျိုးမျိုးအဖုံဖုံကွဲပြားနေသော အယူအဆတို့ကြောင့် (၂၁) ရာစုပင်လုံညီလာခံ အောင်မြင်ပါမည်လား ဟူသော စိုးရိမ်ကြောင့်ကြမှုတို့အပေါ် ထားရှိသင့်သည့် သဘောထားအမြင် ဖြစ်ပါသည်။ နှစ်ပေါင်း ၆၈ နှစ် ပြည်တွင်းစစ်ကို ဖြတ်သန်းခဲ့သော နောက်ခံသမိုင်းကို ထည့်သွင်းစဉ်းစားပါက အယူအဆအတွေးအမြင်တို့ အမျိုးမျိုးအဖုံဖုံ ကွဲပြားနေခြင်းသည် အံ့ဩစရာကိစ္စမဟုတ်ပါ။ သဘာဝ ကျသော အနေအထားမျိုးသာ ဖြစ်ပါသည်။ ကွဲပြားနေသော အမျိုးမျိုး အဖုံဖုံ အယူအဆတို့ကိုကြည့်၍ စိတ်ပျက်နေသော စိတ်ဓာတ်သည် သမိုင်းကိုဖန်တီးနိုင်မည့် စိတ်ဓာတ်မဟုတ်သည်မှာ ထင်ရှားပါသည်။ အခက်အခဲကွဲပြားမှုအလုံးစုံတို့အပေါ် လွှမ်းခြုံထားနိုင်သည့် ကျယ်ပြန့် သော အခြေခံသဘောထားတစ်ရပ်အပေါ် (၂၁) ရာစု ပင်လုံညီလာခံ တက်ရောက်မည့်ပြည်ထောင်စုအင်အား အားလုံးတို့က တညီတညွတ်တည်း သဘောတူညီမှုရရန် ကြိုးပမ်းမှုမျိုးသည်သာ သမိုင်းကိုဖန်တီးနိုင်မည့် စိတ်ဓာတ်ခံယူချက်တို့ဖြစ်ပါသည်။ ပြည်ထောင်စုအင်အားစု အားလုံး လက်ခံနိုင်မည့် ကျယ်ပြန့်သော ဘုံရပ်တည်ချက်သဘောထားသည် (၂၁) ရာစု ပင်လုံညီလာခံကို အဆင့်သစ်တစ်ခုသို့ တွန်းတင်ပေးမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ပထမဆင့်အနေဖြင့် အခက်အခဲနှင့်ကွဲပြားမှုတို့ကို ယာယီ လျစ်လျူရှုလျက် ကျယ်ပြန့်သော ဘုံရပ်တည်ချက်တစ်ရပ် ထွက်ပေါ်လာ ရေးကို ဦးတည်ဆောင်ရွက်ကြပါရန် အလေးအနက်တိုက်တွန်းနှိုးဆော် ဖော်ပြအပ်ပါသည်။ ။


## နေပြည်တော်၌ မိုးရာသီသစ်ပင်စိုက်

**နေပြည်တော် ဇူလိုင် ၁၃**

ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် အရိပ်ရရှိစေရန် ရည်ရွယ်၍ ဇူလိုင် ၁၂ ရက်က နေပြည်တော် ဘူတာကြီး၌ စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ ကျင်းပခဲ့ ကြောင်း သိရသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီး ဌာနပြည်ထောင်စုဝန်ကြီး ဦးသန့်စင်မောင်နှင့် ဇနီးတို့က ကံ့ကော်ပင်အား စိုက်ပျိုး ပေးပြီး ဒုတိယဝန်ကြီး ဦးကျော်မျိုးနှင့်ဇနီး၊ အရာရှိကြီးများ၊ အရာထမ်းအမှုထမ်း များက ကံ့ကော်၊ ပိတောက် စုစုပေါင်း သစ်ပင် ၂၀၀ အား နေပြည်တော် ဘူတာကြီး ပရိဝုဏ်အတွင်း စိုက်ပျိုးကြ ကြောင်း သိရသည်။

(သတင်းစဉ်)




## ထင်သာမြင်သာပြုပြင်စရာ

# သိမ်ဆိပ်-လေးကေ လမ်းကို အဆင့်မြှင့်တင် ဆောင်ရွက်စေလို



ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်စေရေး အတွက် အဓိကလိုအပ်ချက်သည် လမ်း ပန်းဆက်သွယ်ရေး ကောင်းမွန်ခြင်းပင် ဖြစ်သည်။ လမ်းပန်းဆက်သွယ်ရေး မ ကောင်းသော ကျေးလက်တောရွာများ အထိလမ်းသစ်ဖောက်ခြင်း၊ ကျောက်ချော လမ်းခင်းခြင်း၊ ကတ္တရာလမ်းခင်းခြင်းတို့ ကို တစ်ဆင့်ချင်း၊ တစ်နေရာချင်း အလိုက် မွန်ပြည်နယ် သထုံမြို့နယ်ဆောက်လုပ်ရေး ဝန်ကြီးဌာန(လမ်း/တံတား)မှအကောင် အထည်ဖော်ဆောင်ရွက်နေသည်။

မွန်ပြည်နယ် သထုံမြို့နယ် ဆောက် လုပ်ရေးဝန်ကြီးဌာနက ဦးစီးတည် ဆောက်နေသည့် မြို့နယ်ချင်းဆက်လမ်း ဖြစ်သော သိမ်ဆိပ်-ဝီယော်-လေးကေ လမ်းပိုင်းသည် မိုင် ၄၀ ကျော်ရှိပြီး အဆိုပါ လမ်း၏ နယ်နိမိတ်ကို ပေ ၁၀၀ သတ်မှတ် ထားသည်ကို တွေ့ရှိရသည်။ သုဝဏ္ဏဝတီ မြို့ သိမ်ဆိပ်ရပ်ကွက်မှ ခရိုင်ချင်းဆက် လမ်းဖြစ်သည့် ဝီယော်ကျေးရွာ အထိ ၄ မိုင် ၆ ဖာလုံအထိ အကျယ် ၁၂ ပေရှိသော ကတ္တရာလမ်းကိုလမ်းတစ်ဖက် သုံးပေနှင့် စုစုပေါင်း ခြောက်ပေတိုးချဲ့ဆောင်ရွက်ရန် စီမံချက်ရှိကြောင်းနှင့် ရန်ပုံငွေဘတ်ဂျက် ရရှိပြီးဖြစ်ကြောင်း အဆိုပါလမ်း၏ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းမြင့်က ပြောသည်။

သို့ရာတွင် ရန်ကုန်-မော်လမြိုင် အဝေးပြေး ကားလမ်းမကြီးအနီး ယင်းလမ်း၏အစဖြစ်သော သုဝဏ္ဏဝတီမြို့ သိမ်ဆိပ်ရပ်ကွက်မှ ဝင်းပကျေးရွာအထိ လမ်းဘေး ဝဲယာနှစ်ဖက်ရှိ အချို့သော လူနေအိမ်များ၊ လျှပ်စစ်မီးတိုင်များ၊ တယ်လီဖုန်း ကြိုးတိုင်များကြောင့် ဆောက်လုပ်ရေးမှ လုပ်ငန်းများ ဆောင် ရွက်ရန် အခက်အခဲများ ရှိနေသည်။ အဆိုပါလမ်းသည် မွန်ပြည်နယ်အတွင်း အရေးပါသော လမ်းတစ်လမ်းဖြစ်ပြီး လက်ရှိ လမ်းအသုံးပြုသည့် ယာဉ်စီးရေ များပြားလာသည့်အတွက် ခေတ်နှင့် အညီ လမ်းရေိယာတိုးချဲ့ရန် လိုအပ်နေ သည်။ သိမ်ဆိပ်-ဝင်းပ-ဝီယော်-ပိန္နဲတော- လေးကေလမ်းတစ်လျှောက် ကျေးရွာများ သည် လွန်ခဲ့သောနှစ်များစွာက ငြိမ်းချမ်း မှု မရှိ၍ ဖွံ့ဖြိုးတိုးတက်မှု နောက်ကျခဲ့ ရပြီး ယခုအခါ ငြိမ်းချမ်းမှု ရှိလာသည့် အတွက် လမ်းပန်းဆက်သွယ်ရေးကောင်း မွန်လာ၍ တိုးတက်ဖွံ့ဖြိုးလာသည်ကို တွေ့ရသည်။ ထို့ကြောင့် မြို့ရွာကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် လမ်းတိုးချဲ့ မှုအား အများအကျိုးကို ရှေးရှု၍ သက် ဆိုင်ရာ ပြည်သူများအနေဖြင့် သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ပူးပေါင်းညှိနှိုင်းဆောင် ရွက်ကြစေရန် ပြည်သူများက ဆန္ဒရှိနေ ကြောင်း သိရသည်။

ခွန်(ဝင်းပ)

# ပေါင်းတည် အကျဉ်းထောင်အား စစ်ဆေး

**ပေါင်းတည် ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်အကျဉ်းထောင်သို့ တရားလွှတ်တော်တရားသူကြီးဦးတင်ဟုန်နှင့် တာဝန်ရှိသူများ ဇူလိုင်လ ပထမပတ်က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထို့နောက် အကျဉ်းဦးစီးဌာနမှ တာဝန်ခံအရာရှိ ဦးပြည့်သက်ထွန်းက အကျဉ်း ထောင်အတွင်း စီမံဆောင်ရွက်ထားမှု၊ အကျဉ်းထောင်လုံခြုံရေး၊ စီမံဆောင်ရွက်ထားရှိမှု၊ စားဖိုဆောင်၊ ဆေးပေးခန်းတို့ကို ကြည့်ရှုစစ်ဆေးပြီး အကျဉ်းသားများနှင့် တွေ့ဆုံကာ ဥပဒေပါ အခွင့်အရေးများရရှိခြင်း ရှိ မရှိ၊ နေရာထိုင်ခင်း သက်သာချောင်ချိမှု ရှိ မရှိ၊ အာဟာရဖြည့်တမှု၊ ကျန်းမာရေးပြည့်စုံမှု၊ ဆေးကုသခွင့်ရရှိမှုအခြေအနေ၊ အမျိုးသမီး အကျဉ်းသူများအတွက် လုံခြုံရေးစီမံဆောင်ရွက်ထားရှိမှုများနှင့် အကျဉ်းသူအကျဉ်း သားများ မတရားနှိပ်စက်ခံရခြင်းများ ရှိ မရှိ စစ်ဆေးကြည့်ရှုခဲ့ပြီး ပြည်ခရိုင်တရားရုံးနှင့် ခရိုင်တွင်းရှိ မြို့နယ်တရားရုံးများမှ စာရေးဝန်ထမ်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး သင်တန်းဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

သန့်စင်(ပဲခူး)

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း ၁၃-၇-၂၀၁၆

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၉၅၃၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၄၅၅၀၀ |

**စက်သုံးဆီဈေးနှုန်း(တစ်လီတာဈေး) ရန်ကုန်**

| | |
|---|---|
| ဒီဇယ် | ၅၅၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၅၄၀ / ၅၇၀ ကျပ် |
| အောက်တိန်း ၉၅ | ၆၅၀ / ၇၆၀ ကျပ် |
| ပရီမီယံဒီဇယ် | ၅၈၀ / ၆၀၀ ကျပ် |

**နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၇၂.၀ |
| ဥရောပ | တစ်ယူရို | ၁၂၉၄.၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၇၀.၁၈ |
| ထိုင်း | တစ်ဘတ် | ၃၃.၃၀၅ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၅၆ |
| တရုတ် | တစ်ယွမ် | ၁၇၅.၂၄ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၂.၂၇ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်း - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်
သတင်းထောက်မှူး - မြင့်ဆွေ
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း www. facebook.com/MYANMAALINNNEWS
နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

# ညီညွတ်ရေးအတွက် ဆတက်ထမ်းပိုး တိုးပြီးလုပ်ကြ

ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့သူတွေမှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့မလိုဘူး။ သို့သော်လည်းပဲ ဗမာပြည်ရဲ့လွတ်လပ်ရေး၊ တိုင်းသူပြည်သားညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက်ထမ်းပိုး တိုးပြီး လုပ်ကြဖို့လိုတယ်။

**(ဗိုလ်ချုပ်အောင်ဆန်း၏ ၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေးတွင် ပြောကြားခဲ့သောမိန့်ခွန်းမှ ကောက်နုတ်ချက်)**



# သမီးများကပြောပြသည့် အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်အကြောင်း

**သတင်းဆောင်းပါး - မင်းသစ်(သတင်းစဉ်)၊ ဇော်ကြီး(ပဏ္ဍိတ)**

**ဓာတ်ပုံ - ဇော်မင်းလတ်**

**ရန်ကုန် ဇူလိုင် ၁၃**

“စည်းလုံးမှုရှိရင် ပင်လယ်ထဲကရေကို ခပ်ထုတ်နိုင်တယ်လို့ ပါပါ အမြဲပြောလေ့ရှိတဲ့ စကားကို အခုထိမှတ်မိနေသေးတယ်။ ဘယ်တော့မှလည်း မေ့သွားမှာမဟုတ်ဘူး” ဟု အာဇာနည်ခေါင်းဆောင် မန်းဘခိုင်၏ သမီးဖြစ်သူ အသက်(၇၇)နှစ်အရွယ်ရှိပြီဖြစ်သည့် အလယ်တန်းပြကျောင်းဆရာမ(ငြိမ်း) နန့်ခင်ဌေးရီခိုင်က ပြောသည်။

သမီးဖြစ်သူ နန့်ခင်ဌေးရီခိုင်သည် သားသမီးမြေးများနှင့်အတူ အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်နေထိုင်ခဲ့သည့် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နှင့် ၁၅ မိုင်အကွာရှိ ယုန်သလင်းရွာတွင် လက်ရှိနေထိုင်လျက်ရှိသည်။

ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် မတ်လ ၂၇ ရက်နေ့က ယုန်သလင်းရွာ အဝင်ရွာထိပ်တွင် အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ ပုံတူအမှတ်တရရုပ်တုကို သမီးမြေးများက ထုလုပ်ပြီး တည်ထားခဲ့ကြသည်။

ဗိုလ်ချုပ်အောင်ဆန်းသည် သခင်ဘဝတွင် ဇလွန်မြို့၌ နယ်ချဲ့တော်လှန်ရေးတရားဟောကြားမှုဖြင့် အင်္ဂလိပ်အစိုးရက ဆုငွေငါးကျပ်ဖြင့် ဖမ်းဝရမ်းထုတ်ထားချိန်တွင် ယုန်သလင်းရွာရှိ မန်းဘခိုင်၏နေအိမ်၌ ခေတ္တပုန်းအောင်းနေခဲ့ကြောင်း ထိုအချိန်က အသက်ခုနစ်နှစ်အရွယ်သာရှိသေးသည့် နန့်ခင်ဌေးရီခိုင်က ပြောပြသည်။



အာဇာနည်ခေါင်းဆောင် မန်းဘခိုင်



အာဇာနည်ခေါင်းဆောင် မန်းဘခိုင် အသုံးပြုခဲ့သော ထီးနှင့် ဓာတ်ပုံမှတ်တမ်းစာအုပ်

ဆက်လက်၍ မန်းဘခိုင်၏သမီး နန့်ခင်ဌေးရီခိုင်က “ပါပါသူငယ်ချင်း ရာဇဝတ်ဝန်ထောက်ဇနီး မေရီလှတောက ဘခိုင်ရေ သခင်အောင်ဆန်းကို နင်တာဝန်ယူပြီး ရန်ကုန်ကို ပြန်ပို့ပေးပါဆိုပြီး အိမ်ခေါ်လာတယ်။ အိမ်မှာ သုံးရက်လောက် သခင်အောင်ဆန်းနေသွားခဲ့တယ်။နေ့အချိန်ဆိုရင် သခင်အောင်ဆန်းကို ယောက်ျားရေချိုးခန်းထဲမှာ စားစရာ၊ ဖတ်စရာစာအုပ်တွေနဲ့ထားတယ်။ ညမိုးချုပ်မှ အိမ်အပေါ်ထပ်မှာ ပါပါနဲ့ ဗိုလ်ချုပ်တို့စကားပြောတယ်။ သုံးရက်မြောက်တဲ့နေ့မှာပဲ ပါပါက ရွာကနေ ဟင်္သာတကို ငှက်ပျောကားနဲ့ ဗိုလ်ချုပ်ကိုဝှက်ပြီး ခေါ်သွားတယ်။ ဟင်္သာတကနေပြီးမှ ပေါင်းမိုးလှေကြီးနဲ့ ငှက်ပျောခိုင်တွေကြားမှာ ဗိုလ်ချုပ်ကိုဝှက်ပြီး ရန်ကုန်ကို ပြန်ပို့ပေးတယ်”ဟု ပြောပြသည်။

မန်းဘခိုင်သည် နိုင်ငံရေးလောကထဲမဝင်မီ ရွာတွင်နေထိုင်စဉ်ကာလ၌ တစ်ဖက်က ငှက်ပျောခြံလုပ်ငန်းကို လုပ်ကိုင်နေကာ တစ်ဖက်တွင်လည်း ကရင်စာပေပြန့်ပွားရေးအတွက် ကရင်လူငယ်များအား ကရင်စာသင်ကြားပေးခဲ့ပြီး ရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

“ဗိုလ်ချုပ်အောင်ဆန်း အင်္ဂလိပ်ကိုတော်လှန်ဖို့အတွက် ဂျပန်ကိုထွက်သွားပြီး ပြန်လာတဲ့အချိန် ပါပါနဲ့ဗိုလ်ချုပ် အဆက်အသွယ်ရပြီး ပါပါက အဲ့ဒီအချိန်ကစပြီး နိုင်ငံရေးလောကထဲဝင်သွားတာ။ ပါပါက ရန်ကုန်မှာ နိုင်ငံရေးလုပ်နေတော့ အမေနဲ့ ညီအစ်ကိုမောင်နှမတွေက ရွာမှာကျန်ခဲ့တယ်။ အဲ့ဒီအချိန် ပါပါက ရွာပြန်လာလိုက်၊ ရန်ကုန်ပြန်သွားလိုက်ပေါ့”ဟု နန့်ခင်ဌေးရီခိုင်က ပြောသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်ရေးရရှိရန် တိုက်ပွဲဝင်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အလေးထားဆောင်ရွက်ခဲ့ရာ ကရင်-ဗမာ ချစ်ကြည်ရေးအတွက်လည်း မန်းဘခိုင်အပါအဝင် ကရင်တိုင်းရင်းသားခေါင်းဆောင်များကို အားထားခဲ့သည်။

ဆက်လက်၍ နန့်ခင်ဌေးရီခိုင်က “ပါပါက ကရင်လူငယ်များ အစည်းအရုံးဥက္ကဋ္ဌလည်း လုပ်ခဲ့တယ်။အထူးသဖြင့် ကရင် ဗမာ ချစ်ကြည်ရေးကို ပိုအားစိုက်လုပ်ခဲ့တယ်။ ကရင် ဗမာချစ်ကြည်ရေးအတွက် ဗိုလ်ချုပ်ကလည်း ပါပါကို အားထားခဲ့တယ်။

“ပါပါဆုံးတဲ့အချိန် အမိုးတို့က ယုန်သလင်းရွာမှာပဲ ရှိနေသေးတာ၊ ပါပါကျဆုံးတော့ ရန်ကုန်မှာရှိတဲ့ဆွေမျိုးတွေက အကြောင်းကြားတဲ့အတွက် မိသားစုအကုန်လုံးလိုက်သွားကြတယ်။အဲ့ဒီအချိန်က အမိုးအသက်က ခုနစ်နှစ်ပဲရှိသေးတာ”ဟု ပြောသည်။

မန်းဘခိုင်ကွယ်လွန်ချိန်တွင် ၎င်းနှင့်ပတ်သက်သည့် အသုံးအဆောင်ပစ္စည်းများ ကျန်ရစ်ခဲ့သော်လည်း ယုန်သလင်းရွာမီးလောင်ချိန်တွင် အဆိုပါပစ္စည်းများ မီးထဲပါသွားခဲ့ကြောင်း၊ အာဇာနည်ခေါင်းဆောင်ကြီး မန်းဘခိုင်၏ သားသမီးများထဲတွင် နိုင်ငံ့တာဝန်ထမ်းဆောင်ခဲ့သူများရှိသလို ခြံလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများရှိကြောင်း နန့်ခင်ဌေးရီခိုင်၏ ပြောပြချက်အရ သိရသည်။

ထို့အတူ ရန်ကုန်တွင်နေထိုင်သည့် မန်းဘခိုင်၏ သမီးဖြစ်သူ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ပါမောက္ခဌာနမှူး(ငြိမ်း)ဒေါ်မြင့်မြင့်ခိုင်က “ဖေဖေကျဆုံးသွားတဲ့အချိန်ကစပြီး မေမေက နေ့စဉ်အာဇာနည်ဗိမာန်ကို ပန်းခွေသွားချတယ်။ မေမေရှိတုန်းက နေ့တိုင်း အိမ်မှာပန်းခွေလုပ်ရတော့ အိမ်မှာနေတဲ့သူတွေတောင် အစဉ်အဆက် ပန်းခွေလုပ်တတ်လာတယ်။ အရင်တုန်းကဆို အာဇာနည်ကုန်းမှာ အစောင့်ရဲဘော်လောက်ပဲရှိတယ်။ နေ့စဉ်ပန်းခွေတစ်ခွေ သွားချနေကျဆိုတော့ အစောင့်ရဲဘော်လေးတွေနဲ့တောင် ရင်းနှီးနေတယ်”ဟု ပြောသည်။



အာဇာနည်ခေါင်းဆောင် မန်းဘခိုင်၏သမီး နန့်ခင်ဌေးရီခိုင်



အာဇာနည်ခေါင်းဆောင် မန်းဘခိုင်၏ သမီး ဒေါ်မြင့်မြင့်ခိုင်

ယခင်က ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ ကျဆုံးခဲ့ရသည့် အာဇာနည်ခေါင်းဆောင်ကြီးများ ဂူသွင်းမြှုပ်နှံထားရာ အာဇာနည်ဗိမာန်တွင် ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်ကို တစ်ဂူချင်းစီအလိုက် ဝန်ကြီးဌာနအမည်၊ မွေးဖွားသည့်ခုနှစ်များကို ဓာတ်ပုံနှင့်တကွ အသီးသီးထားရှိသော်လည်း ဖောက်ခွဲခံရပြီးနောက်ပိုင်း ပြောင်းလဲပြင်ဆင်လိုက်ရာ ဗိမာန်ကြီးကလွဲ၍ နောက်လူများ သိရှိမှတ်သားရန် မကျန်ရှိတော့ကြောင်း မန်းဘခိုင်၏ သမီးဖြစ်သူ ဒေါ်မြင့်မြင့်ခိုင်က ပြောသည်။

“ဖေဖေသက်ရှိထင်ရှားရှိစဉ်အချိန်က တတ်နိုင်သမျှ မှန်မှန်ကန်ကန်လုပ်ကြဖို့ အမြဲပြောလေ့ရှိသလို၊ အလုပ်လုပ်ရင်လည်း ဂရုတစိုက်လုပ်လေ့ရှိတယ်လို့ မေမေက ပြောတယ်။ ဖေဖေ့ကိုနမူနာယူပြီး ကြိုးစားဖို့ အမြဲဆုံးမခဲ့တယ်”ဟု ဒေါ်မြင့်မြင့်ခိုင်က ပြောသည်။

# (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲကျင်းပ

**ချောင်းဦး ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ပြန်/ဆက် ဦးစီးဌာနနှင့် အမြင့်ကျေးရွာအုပ်စု နန်းဦးမူလတန်းလွန်ကျောင်းတို့ ပူးပေါင်း၍ (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် အကြိုဟောပြောပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက နန်းဦးမူလတန်းလွန်ကျောင်းရှိ သခင်လေးမောင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အာဇာနည်နေ့အကြောင်း သိကောင်းစရာများကို မုံရွာခရိုင် ပြန်/ဆက်ဦးစီးမှူး ဒေါ်စိုးစိုးဝင်းနှင့် ကျောင်းအုပ်ဆရာကြီး ဦးဇော်လွင်ဦးတို့က ဟောပြောပြီး စာစီစာကုံးပြိုင်ပွဲနှင့် စာဖတ်စွမ်းရည်ပြိုင်ပွဲများကျင်းပရာ စာစီစာကုံးပြိုင်ပွဲသို့ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၅ဦး၊ စာဖတ်စွမ်းရည်ပြိုင်ပွဲသို့ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၂၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

ဆက်လက်ပြီး ဆုချီးမြှင့်ပွဲတွင် ဆုရရှိသူများကို တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးခဲ့သည်။

“အာဇာနည်နေ့အကြောင်း၊ အာဇာနည်ခေါင်းဆောင်ကြီးများအကြောင်းကို ကျောင်းသားကျောင်းသူလေးတွေ သိခွင့်ရဖို့အတွက် ကျွန်တော်တို့ကျောင်းကို လာရောက်ပြီး အခုလို ဟောပြောပွဲတွေ၊ ပြိုင်ပွဲတွေ ကျင်းပပေးတာကြောင့် ကျေးဇူးတင်ပါတယ်”ဟု ကျောင်းအုပ်ဆရာကြီး ဦးဇော်လွင်ဦးက ပြောသည်။

**(မြို့နယ် ပြန်/ဆက်)**

## အာဇာနည်နေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်

**လှိုင်းဘွဲ့ ဇူလိုင် ၁၃**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် အမှတ်(၅) အခြေခံပညာမူလတန်းလွန်ကျောင်း ကျောင်းသား ကျောင်းသူများ (၆၉)နှစ်မြောက် အာဇာနည်နေ့အထိမ်းအမှတ် ကဗျာရွတ်ဆိုပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီက ပြည်သူ့စာကြည့်တိုက်၌ ကျင်းပသည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်စန်းမြင့်က ပြိုင်ပွဲကျင်းပရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြီး ကျောင်းသား ကျောင်းသူ ၁၂ ဦးက လွတ်လပ်ရေးဖခင်၊ ဗိုလ်ချုပ်မွေးနေ့၊ အာဇာနည်နေ့၊ ဒို့ဗိုလ်ချုပ်အောင်ဆန်း ခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယနှင့် တတိယဆုရရှိသူများအား မြို့နယ်ဦးစီးမှူးက လည်းကောင်း၊ နှစ်သိမ့်ဆုများကို ကျောင်းအုပ်ဆရာမကြီးက လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားပြတိုက်(ရန်ကုန်)နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တို့ကို ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဇူလိုင် ၁၃**

မြန်မာနိုင်ငံ အမျိုးသားယဉ်ကျေးမှုဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုး၊ ဗိုလ်ချုပ်သန်းထွဋ်တို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ရန်၊ လူငယ်ထုအတွင်း မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများ စိတ်ဝင်စားတန်ဖိုးထားလေးစားစေရန်၊ ပြတိုက်ပစ္စည်းများ စုဆောင်းထားရှိမှုနှင့် ပြသမှုများကောင်းမွန်စေရန်အတွက် ရန်ကုန်တိုင်းဒေသကြီးရှိ အမျိုးသားပြတိုက်(ရန်ကုန်)နှင့် အမျိုးသားစာကြည့်တိုက်(ရန်ကုန်)တို့ကို ကြည့်ရှုစစ်ဆေးသည်။

ဒုတိယသမ္မတသည် နံနက် ၁၀ နာရီတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန အမျိုးသားပြတိုက်(ရန်ကုန်)သို့ရောက်ရှိရာ ညွှန်ကြားရေးမှူး ဒေါ်နန်းလောင်ဝ်င်းက ဧည့်သည်ဝင်ရောက်မှု၊ နိုင်ငံခြားဧည့်သည်များအား ဘာသာရပ်အလိုက် ရှင်းပြမှု၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်နေမှု၊ ပြတိုက်ရှိ ရှေးဟောင်းပစ္စည်းများ ထိန်းသိမ်းထားရှိမှုနှင့် ပြတိုက်ရှိ အထပ်လိုက် ပြခန်းပြသထားရှိမှုတို့ကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြတိုက်ရှိ မြန်မာအက္ခရာ လက်ရေးမူပြခန်း၊ သီဟာသနပလ္လင်ပြခန်း၊ ရတနာပုံခေတ်ပြခန်း၊ ဗုဒ္ဓအနုပညာပြခန်း၊ တိုင်းရင်းသားယဉ်ကျေးမှုပြခန်း၊ သဘာဝပြခန်းနှင့် မြန်မာ့သမိုင်းမတင်မီပြခန်း၊ မြန်မာ့မြို့ပြယဉ်ကျေးမှုပြခန်းတို့ကို လိုက်လံကြည့်ရှုသည်။

အမျိုးသားပြတိုက်ကို ၁၉၅၂ ခုနှစ်တွင် ရန်ကုန် ဂျူဗလီဟော၌ လည်းကောင်း၊ ၁၉၇၀ ခုနှစ်တွင် ရန်ကုန်မြို့ ပန်းဆိုးတန်းရှိ (ယခု မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်)၌ လည်းကောင်း၊ ၁၉၉၆ ခုနှစ်မှစပြီး ပြည်လမ်းရှိ ယခုအမျိုးသားပြတိုက်အဆောက်အအုံ၌လည်းကောင်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဒုတိယသမ္မတနှင့်အဖွဲ့သည် ရန်ကုန်မြို့ကမ္ဘာအေးဘုရားလမ်း သီရိမင်္ဂလာလမ်းသွယ်ရှိ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်ဦးစီးဌာန အမျိုးသားစာကြည့်တိုက်(ရန်ကုန်)သို့ ရောက်ရှိရာ ညွှန်ကြားရေးမှူး ဒေါ်မြဦးက စာကြည့်တိုက်နှင့် ပတ်သက်သည့်အချက်အလက်များ၊ ရှားပါးစာအုပ်များ ထိန်းသိမ်းထားရှိမှု၊ ဘေးအန္တရာယ်ဖြစ်ပေါ်လာပါက ဆောင်ရွက်မည့် အစီအမံ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်မှု၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဒုတိယသမ္မတသည် ပေပုရပိုက်နှင့် လက်ရေးဌာနစိတ်၊ စာနယ်ဇင်းအခန်း၊ အင်္ဂလိပ်စာအခန်း၊ သတင်းစာအခန်း၊ မြန်မာ့စာအုပ်စင်အခန်းနှင့် ရှားပါးစာပေအခန်းတို့ကို လှည့်လည်ကြည့်ရှုသည်။

အမျိုးသားစာကြည့်တိုက်ကို ၁၉၅၂ ခုနှစ်တွင် ပြည်ထောင်စုယဉ်ကျေးမှုဝန်ကြီးဌာနက နိုင်ငံတော်စာကြည့်တိုက်အမည်ဖြင့် ရန်ကုန်မြို့ ဂျူဗလီဟော၌ လည်းကောင်း၊ ၁၉၆၂ ခုနှစ်တွင် အမှတ် (၁၆၆) ပန်းဆိုးတန်းလမ်း၌ လည်းကောင်း၊ ၁၉၆၄ ခုနှစ် သြဂုတ်လတွင် မြို့တော်ခန်းမ၌ လည်းကောင်း၊ ၁၉၈၄ ခုနှစ် သြဂုတ်လတွင် ကမ်းနားလမ်း ခြောက်ထပ်ရုံး၌ လည်းကောင်း၊ ၂၀၀၂ ခုနှစ် ဇွန်လတွင် တာမွေမြို့နယ် အမျိုးသားစာကြည့်တိုက်၌ လည်းကောင်း၊ ၂၀၀၈ ခုနှစ်တွင် ကမ္ဘာအေးဘုရားလမ်း သီရိမင်္ဂလာလမ်းသွယ်၌ လည်းကောင်း ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားပြတိုက်(ရန်ကုန်)တွင် ကြည့်ရှုစစ်ဆေးစဉ်** (သတင်းစဉ်)

## မွန်၊ ကရင်နှင့် ကချင်ပြည်နယ်တို့တွင်ပြုလုပ်ခဲ့သော တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား မူဝါဒစီစဉ်ရေးဆွဲရေး အထောက်အကူပြုဆွေးနွေးပွဲတိုးတက်မှုအပေါ် အတွေ့အကြုံဖလှယ်

**နေပြည်တော် ဇူလိုင် ၁၃**

မိမိတို့ ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားဘာသာစာပေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိပါကြောင်း ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ဇူလိုင် ၁၂ ရက်က ကျင်းပသော တိုင်းရင်းသားလူမျိုးများ၏ ဘာသာစကား မူဝါဒစီစဉ်ရေးဆွဲရေး အထောက်အကူပြုဆွေးနွေးပွဲ တိုးတက်မှုအပေါ် အတွေ့အကြုံဖလှယ်ရေး တွေ့ဆုံပွဲတွင် ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားယဉ်ကျေးမှု ဖွံ့ဖြိုးတိုးတက်ရေး၊ ကျောင်းနေအရွယ် လူငယ်လူရွယ်အားလုံး ပညာသင်ကြားနိုင်ရေး၊ ပညာရေးဝန်ကြီးဌာန၏ ဖွဲ့စည်းပုံတွင် Alternative Education Department ကို အသစ်တိုးချဲ့ဖွဲ့စည်းကာ ကျောင်းပြင်ပရောက် ကလေးများနှင့် ရွှေ့ပြောင်းလုပ်သားများ၏ ကလေးများ ပညာရေးစောင့်ရှောက်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့အပြင် ကျောင်းအဆင့်တိုးမြှင့်ခြင်းများကို ဖြေလျှော့ပေးလိုက်သည့်အတွက် အလယ်တန်းနှင့် အထက်တန်းပညာသင်ကြားမှုသည် တိုးမြှင့်လာခဲ့ပါကြောင်း၊ အဆိုပါကျောင်းများသည် ဝေးလံသည့်ဒေသများနှင့် ကျေးလက်ဒေသများရှိ ကျောင်းများဖြစ်ပါကြောင်း။

တိုင်းရင်းသားများ၏ ယဉ်ကျေးမှုဓလေ့ထုံးစံ၊ သမိုင်းအမွေအနှစ်များနှင့် တန်ဖိုးထားသောအရာများကို ထိန်းသိမ်းစောင့်ရှောက်ပေးမည့် ပြည်ထောင်စုကြီး၏ လူမှုစီးပွား စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်အောင် ထိန်းသိမ်းမြှင့်တင်ပေးမည့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော လူငယ်လူရွယ်များကို ပြုစုပျိုးထောင်ရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အလားတူ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နိုင်သက်လွင်က မိမိတို့ဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှု၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့ဆွေးနွေးပွဲတွင် မွန်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် ကချင်ပြည်နယ်တို့တွင် ဆောင်ရွက်ခဲ့သော ပြည်နယ်အဆင့် ဘာသာစကားမူဝါဒဆိုင်ရာ အတွေ့အကြုံများကို မျှဝေသွားကြမည်ဖြစ်ပြီး လာမည့်ဆွေးနွေးပွဲနေ့တွင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များအတွက် ဘာသာစကားမူဝါဒဆိုင်ရာ နည်းစနစ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါဆွေးနွေးပွဲကို ဇူလိုင် ၁၁ ရက်မှ ၁၃ ရက်အထိ နေပြည်တော် Park Royal Hotel တွင် ကျင်းပခြင်းဖြစ်ပြီး ဆွေးနွေးပွဲတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အမျိုးသားပညာရေးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဘာသာစကားမူဝါဒရေးဆွဲရေးဆိုင်ရာ အတွေ့အကြုံများကို ဖလှယ်ကြကာ အဆိုပါမူဝါဒရေးဆွဲရေးလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

ဆွေးနွေးပွဲသို့ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော် ပညာရေးမြှင့်တင်မှုကော်မတီဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင်များ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအား အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်လုပ်ငန်းအဖြစ် ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်သည့်အခြေအနေများ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၃**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်သည် နိုင်ငံတကာမီဒီယာ ကူညီပံ့ပိုးမှုအဖွဲ့အစည်း (International Media Support-IMS)နှင့် FOJO:Media Institute ၏ Deputy Program Manager ဖြစ်သူ Ms.Petra Qiding ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်ခြင်းဆိုင်ရာ ဥပဒေအရ ရပ်ရွာလူထုအခြေပြု ရေဒီယိုအသံထုတ်လွှင့်မှုလုပ်ငန်း (Community Radio Services) ဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများနှင့် လူထုအတွင်း အသံလွှင့်ပညာရပ်ပြန့်ပွားရေး ဆောင်ရွက်နိုင်မည့်အစီအစဉ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

အလားတူ ပြည်ထောင်စုဝန်ကြီးသည် ဂျာမနီနိုင်ငံအခြေစိုက် DW Akademie ၏ မြန်မာနိုင်ငံဆိုင်ရာ တာဝန်ခံဖြစ်သူ Ms. Isabella Kurkowski ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၁ နာရီတွင် အဆိုပါဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအား အများပြည်သူဝန်ဆောင်မှု ရုပ်သံလွှင့်လုပ်ငန်းအဖြစ်သို့ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ဒေသဆိုင်ရာသတင်းများ စုဆောင်းရယူခြင်းနှင့် ထုတ်လွှင့်ခြင်းလုပ်ငန်းများ တိုးချဲ့နိုင်ရေးအတွက် ဗဟိုဦးစီးမှု လျှော့ချရေး (Decentralization)ဆိုင်ရာ အစီအမံများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များအား အင်တာနက် On Line မှတစ်ဆင့် လွယ်ကူစွာကြည့်ရှုနိုင်ရေးအတွက် အင်တာနက်စာမျက်နှာ အဆင့်မြှင့်တင်ရေးအစီအစဉ်များနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များအား ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံရာတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**(သတင်းစဉ်)**

## ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ် ၁၇၀၀ စင်တီမီတာအထိ တက်လာနိုင်

**မကွေး ဇူလိုင် ၁၃**

ဧရာဝတီမြစ်ရေသည် ဇူလိုင် ၁၃ ရက် တိုင်းထွာချက်အရ မကွေးမြို့၌ ၁၄၅၇ စင်တီမီတာနှင့် မင်းဘူးမြို့၌ ၁၄၇၅ စင်တီမီတာရှိပြီး စိုးရိမ်ရေမှတ် ၁၇၀၀ စင်တီမီတာအထိ တက်လာနိုင်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ ဧရာဝတီမြစ်ရေ တိုင်းထွာချက်များအရ ၁၇၀၀ စင်တီမီတာအထိ တက်လာနိုင်ပြီး ပခုက္ကူမြို့၌ တစ်ကြိမ်ခန့် စိုးရိမ်ရေမှတ်အထက် ရောက်ရှိနိုင်ကြောင်း မကွေး၊ မင်းဘူး၊ အောင်လံနှင့် ချောက်မြို့များ စိုးရိမ်ရမည့်အနေအထားအထိ မရောက်နိုင်ကြောင်း သိရသည်။

ဇူလိုင်လခန့်မှန်းချက်များအနေဖြင့် မကွေးတိုင်းဒေသကြီး၌ ရွာသွန်းမြဲခန့်သာ မိုးထစ်ချုန်းရွာနိုင်ကြောင်း ဇူလိုင် ၁၀ ရက်မှ ၁၇ ရက်အထိ မိုးထစ်ချုန်းရွာနိုင်သည်ဟု ခန့်မှန်းကြောင်းနှင့် ဧရာဝတီမြစ်ရေ ဇူလိုင် ၁၃ ရက် တိုင်းထွာချက်အရ မကွေးမြို့၌ ၁၄၅၇ စင်တီမီတာနှင့် မင်းဘူးမြို့၌ ၁၄၇၅ စင်တီမီတာအထိရှိကြောင်း၊ မကွေး၊ မင်းဘူး၊ အောင်လံနှင့် ချောက်မြို့များ၌ ၁၇၀၀ စင်တီမီတာအထိ တက်လာနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးလွင်ဦးမောင်ထံမှ သိရသည်။

"ဒီဇူလိုင်လအတွက်ကတော့ မှတ်သုံလေအားပြတ်ခြင်း တစ်ကြိမ်ခန့် ဖြစ်ပေါ်နိုင်ပါတယ်။ နောက်တစ်ချက်ကတော့ မိုးလယ်ကာလမှာ ဘင်္ဂလားပင်လယ်အော်မှာ လေဖိအားနည်းရပ်ဝန်း လေးကြိမ်ခန့်ဖြစ်ပေါ်နိုင်ပြီး မုန်တိုင်းငယ်အဖြစ် နှစ်ကြိမ်ခန့် ရောက်ရှိနိုင်ပါတယ်။ ဇူလိုင်လမှ သြဂုတ်လလယ်အထိ စိုးရိမ်ရမည့်အနေအထားထိ မရောက်နိုင်ပါဘူး"ဟု ဦးလွင်ဦးမောင်က ဆက်လက်ပြောပြသည်။

**ဇွဲထက်ရှင်**

# မြန်မာ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် ဇူလိုင် ၁၃**

ဒုတိယသမ္မတ ဦးမြင့်ဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယူဂျယ်ကျောင်းအား နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင် ဧည့်ခန်းမ၌ ယနေ့ ညနေ ၃ နာရီတွင် လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် မြန်မာ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များနှင့် နှစ်နိုင်ငံဆက်ဆံမှု တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဦးခင်မောင်တင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးမြင့်ဆွေ မြန်မာနိုင်ငံဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး မစ္စတာ ယူဂျယ်ကျောင်းအား လက်ခံတွေ့ဆုံစဉ်**
(သတင်းစဉ်)

# (၃၄)ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေး နေပြည်တော်တွင် ကျင်းပ




**နေပြည်တော် ဇူလိုင် ၁၃**

အာဆီယံစွမ်းအင်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု ကဏ္ဍခွဲများဖြစ်သော အာဆီယံ ရေနံကောင်စီ၊ ကျောက်မီးသွေးနှင့် သန့်စင်သော ကျောက်မီးသွေးသုံးစွဲရေး နည်းပညာဆိုင်ရာ၊ အာဆီယံလျှပ်စစ်စွမ်းအားဆိုင်ရာ၊ စွမ်းအင် အကျိုးရှိထိရောက်စွာ အသုံးပြုရေးနှင့် စွမ်းအင်ခြိုးခြံချွေတာရေးဆိုင်ရာ၊ ပြန်ပြည့်မြဲစွမ်းအင်ဆိုင်ရာ၊ ဒေသတွင်း စွမ်းအင်မူဝါဒနှင့် စီမံခန့်ခွဲရေးဆိုင်ရာ၊ မြို့ပြသုံးနျူကလီးယားစွမ်းအင်ဆိုင်ရာ၊ အာဆီယံစွမ်းအင်မူဝါဒချမှတ်သူများ အဖွဲ့အစည်းကွန်ရက်နှင့် အာဆီယံစွမ်းအင်ဗဟိုဌာန အဆင့်မြှင့်တင်ရေးဆိုင်ရာများနှင့် ပတ်သက်၍ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို အပြန်အလှန်ညှိနှိုင်းဆွေးနွေးသွားကြမည်ဖြစ်ကြောင်း အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် အလှည့်ကျဥက္ကဋ္ဌအဖြစ်ဆောင်ရွက်သူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးထိန်လွင်က ပြောကြားသည်။

ဆွေးနွေးပွဲတွင် အာဆီယံ+၃ နိုင်ငံများနှင့် အရှေ့အာရှနိုင်ငံများအကြား စွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်ပြီးခဲ့သည့် လုပ်ငန်းများနှင့် ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကိုလည်း ဆွေးနွေးအတည်ပြုကြမည်ဖြစ်ကြောင်း သိရှိရပြီး အာဆီယံဒေသတွင်း စွမ်းအင်ကဏ္ဍအပေါ် "အာဆီယံဒေသတွင်း စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေးဟာ အရေးကြီးပါတယ်။ အာဆီယံဖွံ့ဖြိုးတိုးတက်ရေး သာမက အရှေ့အာရှနဲ့ တောင်အာရှဒေသတွင်း ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း အထောက်အကူပြုနိုင်တယ်။

"စွမ်းအင်ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ကြရာမှာ သန့်စင်တဲ့ စွမ်းအင်သုံးစွဲနိုင်ဖို့၊ စွမ်းအင်ခြိုးခြံချွေတာသုံးစွဲဖို့၊ စွမ်းအင်ဖူလုံဖို့ကိုလည်း အာဆီယံနိုင်ငံများက ပူးပေါင်းဆောင်ရွက်သွားမယ်။ ပြီးတော့ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်ဖို့နဲ့ စွမ်းအင်သုံးစွဲမှုနဲ့သက်ဆိုင်တဲ့ စံစနစ်တွေ လိုက်လျောညီထွေဖြစ်အောင် ပူးပေါင်းဆောင်ရွက်သွားမယ်။ အာဆီယံစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်တဲ့ အစီအစဉ် ၂၀၁၀-၂၀၁၅ အကောင်အထည်ဖော်တာ ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်နိုင်ခဲ့တယ်"ဟု အမြဲတမ်းအတွင်းဝန်က အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့် အရာရှိကြီးများ အစည်းအဝေးအဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားသည်။

အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးကို နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ဇူလိုင် ၁၂ ရက်မှ ၁၅ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အစည်းအဝေးသို့ အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် အာဆီယံ၏ ဆွေးနွေးဖက်နိုင်ငံများဖြစ်သော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ နယူးဇီလန်၊ ရုရှားနှင့် အမေရိကန်နိုင်ငံတို့မှ စွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများနှင့် ကိုယ်စားလှယ်များ တက်ရောက်ကြကြောင်း သိရသည်။

ယခု (၃၄) ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးတွင် ဆွေးနွေးညှိနှိုင်းကာ ထွက်ပေါ်လာမည့် သဘောတူညီချက်များကို လာမည့် စက်တင်ဘာလတွင် ကျင်းပမည့် (၃၄) ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ ဝန်ကြီးများအစည်းအဝေးတွင် တင်ပြ အတည်ပြုချက် ရယူသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသည် ၂၀၀၉ ခုနှစ်တွင် (၂၇) ကြိမ်မြောက် အာဆီယံစွမ်းအင်ဆိုင်ရာ ဝန်ကြီးများ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများကို အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပခဲ့ပြီး ယခု ဒုတိယအကြိမ်အဖြစ် လက်ခံကျင်းပခြင်းဖြစ်ကြောင်း သိရှိရသည်။ **ဟန်နီဝင်း**

## မြန်မာနိုင်ငံကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာကင်းထောက်အဖွဲ့ချုပ်တို့မှ မြန်မာ့ကင်းထောက်အဖွဲ့ဝင် မှတ်ပုံတင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာလုပ်ငန်းဆွေးနွေး

**ရန်ကုန် ဇူလိုင် ၁၃**

မြန်မာနိုင်ငံ ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသဆိုင်ရာ ကင်းထောက်အဖွဲ့ချုပ်တို့ပူးပေါင်း၍ မြန်မာ့ကင်းထောက်အဖွဲ့ဝင် မှတ်ပုံတင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲ ဖွင့်ပွဲကို ဇူလိုင် ၁၁ ရက်က အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း လမ်းမတော်မြို့နယ်၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ကင်းထောက်ကြီး ဦးတင်မောင်ထွန်း၊ မြန်မာနိုင်ငံအမျိုးသားကင်းထောက်အဖွဲ့ ကင်းထောက်ချုပ် ဒေါက်တာတင်ညို၊ ဒုတိယကင်းထောက်ချုပ် ဦးသာစိန်၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသကင်းထောက်အဖွဲ့ချုပ် APR Regional Director Mr. JR C Pangilinan၊ The Singapore Scout Association Corporate Affair Director Mr. Lai Kwok Chin၊ World Scout Bureau/ Asia Pacific Support Center Ms. Leonisa Malonzo Capinlac နှင့် ကင်းထောက်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်၊ ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သင်တန်းသားများ တက်ရောက်ကြသည်။

အဆိုပါဆွေးနွေးပွဲတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ကင်းထောက်ကြီး၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့ချုပ်တို့က လုပ်ငန်းဆွေးနွေးပွဲနှင့်ပတ်သက်၍ အမှာစကားပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့ ကင်းထောက်ချုပ်က မြန်မာနိုင်ငံကင်းထောက်အဖွဲ့ကို စနစ်တကျ စုစည်းဖွဲ့စည်းနိုင်ပြီး အရည်အသွေးမြင့်မားသော မြန်မာ့ကင်းထောက်အဖွဲ့ဝင်များ ဖြစ်မြောက်လာရန်ရည်ရွယ်၍ မှတ်ပုံတင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းဆွေးနွေးပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ လုပ်ငန်းဆွေးနွေးပွဲတက်ရောက်သူများက မြန်မာနိုင်ငံအတွက် လွန်စွာအားထားရမည့် ကင်းထောက်အဖွဲ့ဝင်များအား ပြုစုပျိုးထောင်ပေးနိုင်ကာ စာရိတ္တခိုင်မာပြီး ကြံ့ခိုင်သောစိတ်ဓာတ်နှင့်အတူ တစ်ပါးသူများကို ကူညီလိုသည့် ကင်းထောက်မောင်မယ်များဖြစ်မြောက်ရေးအတွက် အများအကျိုး၊ ပြည်သူ့အကျိုးသယ်ပိုး ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့ကင်းထောက်အဖွဲ့ချုပ်နှင့် အာရှပစိဖိတ်ဒေသ ကင်းထောက်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့်အတူ မြန်မာနိုင်ငံ၏အကျိုးကို သယ်ပိုးထမ်းဆောင်နိုင်မည့် ကင်းထောက်အဖွဲ့ဝင်များတိုးပွားပြီး အင်အားစာရင်းဇယားများ မှတ်ပုံတင်ရေးစနစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း ဝိုင်းဝန်းကူညီဆောင်ရွက်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

**ကိုလတ်(သတင်းစဉ်)**

# ချင်းတွင်းမြစ်ရေဝင် အိမ်ထောင်စုများအတွက် ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**ဆားလင်းကြီး ဇူလိုင် ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ဆားလင်းကြီးမြို့နယ်အတွင်းရှိ ချင်းတွင်းမြစ်ကမ်းဘေးတွင် နေထိုင်ကြသော ကျေးရွာအချို့၌ ချင်းတွင်းမြစ်ရေ ဝင်ရောက်လာသောကြောင့် လူနှင့်တိရစ္ဆာန်များ ပြောင်းရွှေ့နေကြရသည့်ဆားလင်းကြီးမြို့နယ် လက်ပန်တောင်းအုပ်စု ရွှေလှေကျေးရွာမှ ကျေးရွာသူ ကျေးရွာသားများအား ဇူလိုင် ၁၂ ရက် ညနေ ၄ နာရီက ကျန်းမာရေး၊ စားဝတ်နေရေးအခက်အခဲများ မဖြစ်ပေါ်စေရေးအတွက် ခရိုင်ရဲတပ်ဖွဲ့နှင့် မြို့နယ်ရဲတပ်ဖွဲ့တို့ပူးပေါင်းပြီး ပြည်သူ့အကျိုးပြုလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာသို့ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး မောင်မောင်ဝင်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဌေးဝင်း၊ ညောင်ပင်ကြီး ရဲကင်းစခန်း ခေတ္တစခန်းမှူး ရဲအုပ်ဟန်ထွန်းကျော်နှင့်အဖွဲ့သည် ချင်းတွင်းမြစ်ရေဝင်ရောက်လာမှုကြောင့် ဆားလင်းကြီး - ညောင်ပင်ကြီးသွား ကားလမ်းဘေးတွင် ခေတ္တပြောင်းရွှေ့နေကြရသော ရွှေလှေကျေးရွာမှ အိမ်ခြေ ၂၈၇ အိမ်၊ အိမ်ထောင်စု ၂၉၃ စုအား ငါးလီတာဆံ့ ရေသန့်ဘူးကြီး ၁၅ ကတ်၊ အထုပ် ၃၀ ပါ ခေါက်ဆွဲခြောက်ထုပ် လေးဖာတို့ကို ကူညီထောက်ပံ့ပေးအပ်ပြီး အခြားသော ကျန်းမာရေး၊ စားရေး သောက်ရေးတို့အတွက်လည်း ဆောင်ရွက်ပေးခဲ့သည်။

**ဦးငယ်(ဆားလင်းကြီး)**

### မိုးလေဝသအခြေအနေ

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအား အသင့်အတင့်ရှိမည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

# နေပြည်တော် ပျဉ်းမနားရှိ မြန်မာနိုင်ငံတွင် အစောဆုံးဗိုလ်ချုပ်အောင်ဆန်းပုံတူကြေးရုပ်တု

**ကျော်ငြိမ်း(ပျဉ်းမနား) (မြန်မာသမိုင်းအဖွဲ့ဝင်)၊ ဒေါက်တာထွန်းထွန်းဦး(သမိုင်း)**

**ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် မိမိနိုင်ငံအလျောက် တန်ဖိုးထားလေးစားရသောပုဂ္ဂိုလ် ရှိကြစမြဲပင်။ ထိုသို့တန်ဖိုးထား လေးစားရသောအကြောင်းရင်းမှာ မိမိနိုင်ငံတော်နှင့် မိမိပြည်သူအတွက် ကိုယ်ကျိုးမဖက် အသက်ကို ပဓာနမထား၊ မိမိဘဝတစ်ခုလုံးကို ပုံအပ်ကာ အရာအားလုံးကို စွန့်၍ လုပ်ဆောင်သွားသောကြောင့်ဖြစ်သည်။**

ထိုသို့လုပ်ဆောင်နိုင်သော အရည်အချင်းသည် သာမန်လူများ လုပ်နိုင်ခဲကြပေသည်။ မြင့်မြတ်သောသူများ၏ အလုပ်များပင် ဖြစ်သည်။ တစ်နည်းဆိုရလျှင် မြင့်မြတ်သောနှလုံးသားပိုင်ရှင်များပင် ဖြစ်ကြပေသည်။ ထို့ကြောင့် နိုင်ငံတိုင်းလိုလိုပင် ယင်းသို့သော ပုဂ္ဂိုလ်များကို အမှတ်ရစေလိုသောကြောင့်လည်းကောင်း၊ ယင်းတို့၏ လုပ်ဆောင်ချက်များကို အားကျစေခြင်းကြောင့်လည်းကောင်း၊ မိမိလူမျိုး မိမိနိုင်ငံအတွက် ဂုဏ်ယူတန်ဖိုးထားတတ်စေခြင်းကြောင့်လည်းကောင်း အစရှိသည့် ရည်ရွယ်ချက်များဖြင့် နိုင်ငံတော်ငွေစက္ကူများတွင် ထည့်သွင်းဖော်ပြခြင်း၊ အမှတ်တရ တံဆိပ်ခေါင်းများပြုလုပ်ခြင်း၊ အမှတ်တရ ပို့စကတ်များနှင့် ပိုစတာများ ထုတ်ဝေခြင်း၊ အမှတ်တရပြက္ခဒိန်များ ထုတ်ဝေခြင်း၊ အမှတ်တရရုပ်တုများ ထုလုပ်ခြင်း၊ ကျောက်နံရံများတွင် ထွင်းထုခြင်းတို့ကို ပြုလုပ်ကြလေသည်။ ထို့ပြင် ထိုသို့ပြုလုပ်ခြင်းအားဖြင့် ယင်းအမှတ်တရများကို နောင်လာနောက်သားများက ကြည့်ရှု၍ စူးစမ်းလိုစိတ်ပေါ်လာနိုင်ပြီး ထိုစူးစမ်းလိုစိတ်မှတစ်ဆင့် မိမိနိုင်ငံသမိုင်းကြောင်းကိုလည်း သိရှိနားလည်နိုင်မည်ဖြစ်ကာ မိမိလူမျိုးနှင့် မိမိနိုင်ငံအပေါ် စိတ်ဝင်တစားရှိလာမည်သာမက နှလုံးသားတွင်လည်း အမှတ်ထင်ထင် ဖြစ်သွားနိုင်ပေသည်။

ထိုသို့သော တန်ဖိုးထားလေးစားရသော ပုဂ္ဂိုလ်များ၏ မြင့်မြတ်သော နှလုံးသားအလှပိုင်ရှင် စိတ်ဓာတ်ရှိသူများအနက် ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံတော်နှင့် အများပြည်သူအတွက် မိမိ၏ တစ်ကိုယ်ရေ ချမ်းသာကောင်းစားရေးကို အလေးဂရုမပြု၊ မြန်မာနိုင်ငံလွတ်လပ်ရေး ရရမည်ဟူသော ရည်မှန်းချက်ထားရှိကာ ဘဝသက်တမ်းတစ်လျှောက်လုံး အသက်ကိုပုံအပ်၍ လွတ်လပ်ရေးသည်သာ ပထမ၊ လွတ်လပ်ရေးသည်သာ ဒုတိယ၊ လွတ်လပ်ရေးသည်သာ တတိယဖြင့် မနားမနေ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်မျိုးသည် သူရဲကောင်းစိတ်ဓာတ် အပြည့်ရှိသော နှလုံးလှပိုင်ရှင်ပင်ဖြစ်ပေသည်။ ထိုသို့သော နှလုံးလှပိုင်ရှင်၏ ရုပ်ရည်ရူပကာကို ကြည့်ပါက ဆွဲဆောင်နိုင်မှု အတိုင်းအတာ မြင့်မားသူ(PQ= Physical Quotient)ဖြစ်သည်။ ထိုအကြောင်းနှင့် စပ်လျဉ်း၍ **ဦးနု၏ ငါးနှစ်ရာသီ ဗမာပြည်**စာအုပ်တွင် “ဗိုလ်ချုပ်အောင်ဆန်းမှာ ကိုယ်တွင်းသံလိုက်ဓာတ် အလွန်ကောင်းသောသူဖြစ်သည်။ သူနှင့်တွေ့လျှင် အကျကြီးကျသွားသူသာများလေသည်။ ဂျပန်တော်လှန်ရေး၏ အဓိကဖြစ်သော ကရင်-ဗမာ ချစ်ကြည်ရေး အတော်အတန်ခရီးရောက် ထမြောက်အောင်မြင်ခဲ့သည်မှာ ဤသံလိုက်ဓာတ်ကြောင့်ဟုဆိုလျှင် မမှားနိုင်ပေ”ဟု ဖော်ပြထားသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝကိုကြည့်ပါက ကျောင်းသားဘဝ၊ တို့ဗမာအစည်း အရုံးဝင် သခင်ဘဝ၊ ဂျပန်ခေတ်(၁၉၄၂-၁၉၄၅) ဗမာ့ တပ်မတော် စစ်သေနာပတိချုပ်ဘဝ၊ တော်လှန်ရေးခေါင်းဆောင်ကြီးဘဝအပြင် ဖဆပလ အဖွဲ့ချုပ်ကြီး၏ ဥက္ကဋ္ဌ၊ ဗြိတိသျှဘုရင်ခံ၏ အမှုဆောင်အဖွဲ့ ဒုတိယသဘာပတိ၊ အတိုင်ပင်ခံ အစိုးရအဖွဲ့၏ ခေါင်းဆောင်၊ ကာကွယ်ရေးနှင့် ပြည်ပရေးရာ(နိုင်ငံခြားရေးဌာန)အမှုဆောင် (ဝန်ကြီး)အဖြစ်၊ တိုင်းပြုပြည်ပြု လွှတ်တော် အမတ်စသည့် ဘဝမျိုးစုံတွင် အမိမြန်မာနိုင်ငံတော် လွတ်လပ်ရေးအတွက် ရဲရဲရင့်ရင့် တက်တက်ကြွကြွ ကျင်လည်ခဲ့ရသည့် အမျိုးသားခေါင်းဆောင်ကြီးဖြစ်ရာ ၎င်းသည် ခေါင်းဆောင်ကောင်းတစ်ဦးတွင်ရှိရမည့် PQ အပြင် ဉာဏ်ရည်ဉာဏ်သွေးထက်မြက်မှု အတိုင်းအတာ(IQ= Intelligence Quotient)၊ ပြင်းပြသော စိတ်ခံစားမှုအတိုင်းအတာ (EQ= Emotional Quotient)နှင့် ရတ်ခြည်းသိမြင်နိုင်မှုအတိုင်းအတာရှိသူတစ်ဦးဖြစ်သည်ကို တွေ့ရလေသည်။

ဂုဏ်ဒြပ်များနှင့် ပြည့်စုံကုံလုံကြွယ်ဝပြီး မြန်မာနိုင်ငံတွင် ဤကဲ့သို့သော ကြီးကျယ်ခမ်းနားလှသော တန်ဖိုးထားလေးစားရသည့် နိုင်ငံ့ခေါင်းဆောင်ကြီးတစ်ဦး ရှိခဲ့ကြောင်းနှင့် မြန်မာ့သမိုင်းကို နောင်အနာဂတ်လူငယ်များ သိရှိနားလည် အားကျအတုယူတတ်စေရန်ဟူသော ရည်ရွယ်ချက်ဖြစ်ဟန်ရှိခြင်းကြောင့် မြန်မာနိုင်ငံလွတ်လပ်ရေးရရှိပြီးနောက် ပျဉ်းမနားမြို့မှ သခင်ကို၊ သခင်ဘနီတို့က ဗိုလ်ချုပ်အောင်ဆန်းပုံတူ ကြေးရုပ်တု ပျဉ်းမနားမြို့တွင် ထားရှိသင့်ကြောင်း ကနဦးတိုင်ပင်ခဲ့ကြလေသည်။ ထိုသို့ အများဆွေးနွေးသဘောတူချက်အရ သခင်ကြည်ရှိန်နှင့် ဗိုလ်တောက်ထိန် (ရဲဘော်သုံးကျိပ်ဝင်)တို့အား ဗိုလ်ချုပ်အောင်ဆန်းပုံတူကြေးရုပ်တုပြုလုပ်ထားရှိရန် တာဝန်ပေးအပ်ခဲ့သည်။ သို့နှင့် ယင်းတို့နှစ်ဦးသည် မန္တလေးမြို့ တမ္ပဝတီရပ်သို့သွားရောက်၍ ပန်းတဉ်းဆရာဦးထွေး၊ ၆ ဒါနုထံ ဗိုလ်ချုပ်အောင်ဆန်းပုံတူကြေးရုပ်တု ပြုလုပ်ပေးရန် အပ်နှံခဲ့သည်။ ဦးထွေး၊ ဒေါ်နု မိသားစုသည် ဗိုလ်ချုပ်ကြေးရုပ်ကို ၁၉၄၈-၁၉၄၉ ခုနှစ်မှ စတင်သွန်းလုပ်ခဲ့ရာ များမကြာမီမှာပင် ပြီးစီးခဲ့သည်။ သွန်းလုပ်နေစဉ်အတွင်း ဗိုလ်ချုပ်အောင်ဆန်း၏ဇနီး ဒေါ်ခင်ကြည်နှင့် ဝန်ကြီးချုပ်ဟောင်း ဦးနုတို့ လာရောက်ကြည့်ရှုသည်ဟု သိရလေသည်။ ထို့နောက် ထုလုပ်ပြီးစီးသော်လည်း လာရောက်ရွေးယူခြင်းမရှိသဖြင့် ဦးထွေး၊ ဒေါ်နု မိသားစုနေအိမ်၌ အနှစ်(၂၀)ခန့် သောင်တင်ခဲ့ရလေသည်။

တော်လှန်ရေးကောင်စီခေတ် ၁၉၆၂-၁၉၇၄ တွင် ခရိုင်လုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ (ခ.လ.က) ဥက္ကဋ္ဌ သူရဦးလှခိုင်က ပျဉ်းမနားမြို့တွင် ထားရှိရန် ဗိုလ်ချုပ်ကြေးရုပ်သွန်းလုပ်ထားကြောင်း သိရှိရသဖြင့် မန္တလေးမြို့မှ ပျဉ်းမနားမြို့သို့ သွားရောက်သယ်ဆောင်ခိုင်းလေသည်။ ဗိုလ်ချုပ်အောင်ဆန်းပုံတူ ကြေးရုပ်တု သယ်ဆောင်ရေးအဖွဲ့သည် မန္တလေးမြို့ တမ္ပဝတီရပ် ဦးထွေး၊ ဒေါ်နုမိသားစုနေအိမ်၌ အနှစ် ၂၀ ခန့် သောင်တင်နေသည့် ဗိုလ်ချုပ်အောင်ဆန်းပုံတူကြေးရုပ်တုကို သွားရောက်ရွေးယူရာ ၎င်းမိသားစုက ဗိုလ်ချုပ်ကြေးရုပ်အပေါ်တွင် များစွာသံယောဇဉ်ရှိနေသောကြောင့် မပေးအပ်ချင်ခဲ့သည့် သံယောဇဉ်နှင့် ကြုံတွေ့ခဲ့ကြရသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် ဗိုလ်ချုပ်အောင်ဆန်းသည် သက်ရှိလူသားအနေဖြင့်သာမက သက်မဲ့ကြေးရုပ်တုသည်လည်း များစွာသော ဆွဲဆောင်မှု ရှိသည်ကို မြင်တွေ့နိုင်ပေသည်။

ထိုသို့ နှမြောတသစွာ မခွဲရက် မခွာရက်ဖြင့် မပေးအပ်လိုသော်လည်း အလုပ်ရှင်ကလာရောက်ရွေးယူသည့်အတွက် မပေးအပ်ချင် ပေးအပ်ချင်ဖြင့် ထည့်ပေးလိုက်ရလေသည်။ သို့သော် သံယောဇဉ်ကြီးမားလှသဖြင့် ဗိုလ်ချုပ်အောင်ဆန်းပုံတူကြေးရုပ်တုသယ် ဆောင်သွားရာတွင် ဦးထွေး၊ ဒေါ်နု၏သား ဦးဆန်းညွန့် လိုက်ပါလာခဲ့ပြီး ဗိုလ်ချုပ်အောင်ဆန်းပုံတူ ကြေးရုပ်တု စိုက်ထူပြီးသည်အထိ ပါဝင်ကူညီပေးခဲ့လေသည်။ ဗိုလ်ချုပ်အောင်ဆန်းပုံတူ ကြေးရုပ်တုတွင် ၁၉၄၈-၁၉၄၉ ခုနှစ်တွင် စတင်ထုလုပ်သည်။ ပန်းတဉ်း ဆရာဦးထွေး၊ ဒေါ်နုနှင့်သားများ တမ္ပဝတီကြေးသွန်းရပ် မန္တလေးဟု ကမ္ပည်းပါရှိ လေသည်။

ဗိုလ်ချုပ်အောင်ဆန်းပုံတူ ကြေးရုပ်တုကို ပျဉ်းမနားမြို့ ရှမ်းကန် အရှေ့မြောက်ထောင့်တွင် စိုက်ထူရန် နေရာရွေးချယ်ကြပြီး ဗိုလ်ချုပ်အောင်ဆန်းပုံတူ ကြေးရုပ်တုတင်ရန် အောက်ခြေခံစင်မြင့်အုတ်ခုံကို ဆည်မြောင်းဌာနမှ ဝေါလတာလူး၊ ဦးမျိုးမြင့်၊ ဦးကျော်ဇံဝင်း၊ ဆောက်လုပ်ရေးကော်ပိုရေးရှင်း (ဆ.လ.က)မှ ဦးအေး၊ အဲဖရက်အောင်ကြီး၊ ဦးအောင်မြင့်တို့က ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ အောက်ခြေခံစင်မြင့်အုတ်ခုံပေါ်သို့ ဗိုလ်ချုပ်အောင်ဆန်းပုံတူ ကြေးရုပ်တုစိုက်ထူပြီးနောက် ၁၉၆၉ ခုနှစ် ဇန်နဝါရီလ ၆ ရက်နေ့ထုတ် ဗိုလ်တထောင် သတင်းစာ၌ ၁၉၆၉ ခုနှစ် ဇန်နဝါရီလ၅ ရက်နေ့တွင် ဖွင့်ပွဲအခမ်းအနားကျင်းပရာ ဒုတိယဗိုလ်မှူးကြီးလှခိုင်က ဖွင့်လှစ်ပေးသည်ဟု ပါရှိသည်ကို တွေ့ရသည်။


အဆိုပါသတင်းစာအရ ဗိုလ်ချုပ်အောင်ဆန်းပုံတူ ကြေးရုပ်တု တည်ဆောက်ရေးအတွက် ဌာနဆိုင်ရာဝန်ထမ်းများ၊ လုပ်သားပြည်သူများ၏ လူအား၊ ငွေအား၊ အကြံဉာဏ်များဖြင့် ငွေကျပ် ၁၃၅၀၀ အကုန်အကျခံ တည်ဆောက်ခဲ့ကြောင်း သိရလေသည်။ ယင်းကြေးရုပ်သည် ဗိုလ်ချုပ် မတ်တတ်ရပ်နေပုံဖြစ်ပြီး အမြင့် ခုနစ်ပေရှိ၍ အောက်ခြေခံစင်မြင့်မှာ ကိုးပေရှိကာ ကြေးပိဿာချိန် ၉၀၀ ကျော်ရှိလေသည်။

မြန်မာနိုင်ငံတွင် ဗိုလ်ချုပ်အောင်ဆန်းပုံတူ ကြေးရုပ်တုများကို နေရာဒေသ အလျောက်မူ အမျိုးမျိုးဖြင့် စိုက်ထူခဲ့ကြသော်လည်း သက်တမ်းအရ တွက်ကြည့်လိုက်ပါက ပျဉ်းမနားမြို့၏ ဗိုလ်ချုပ်အောင်ဆန်းပုံတူ ကြေးရုပ်တုသည် သက်တမ်းကာလအားဖြင့် အစောဆုံး အရင့်ကျက်ဆုံးဖြစ်သည့်အပြင် သက်ရှိပကတိလူသားတစ်ယောက်အလား ထင်မှတ်မှားလောက်အောင် ခံစားရမိလေသည်။ ဤသည်မှာ အခြားမည်သည့်မြို့နှင့်မျှ မတူသော ဂုဏ်ယူစရာအချက်ပင်ဖြစ်သည်။ ပျဉ်းမနားမြို့သူ မြို့သားများသည် ရှမ်းကန်အနီး ဖြတ်သန်းသွားလေတိုင်း သက်ရှိထင်ရှားရှိနေသကဲ့သို့ ထင်ရသည့် ဗိုလ်ချုပ်အောင်ဆန်းပုံတူကြေးရုပ်တုကို မော့ကြည့်ကြစမြဲပင်။ ယခုအခါ ဗိုလ်ချုပ်အောင်ဆန်းပုံတူ ကြေးရုပ်တုစိုက်ထူခဲ့သည့် သက်တမ်းသည် ၄၆ နှစ်တာကာလမျှရှိခဲ့သော်လည်း ဗိုလ်ချုပ်ကြေးရုပ် စိုက်ထူသည့် ရက်စွဲပါ ကမ္ပည်းကျောက်စာတိုင် မရှိသေးပေ။

(ဤဆောင်းပါး ရေးသားနိုင်ရန်အတွက် ဗိုလ်မှူးစံဝင်း (ယခင် လ.အ.က ဥက္ကဋ္ဌ၊ ပျဉ်းမနားမြို့)သမီး မစန္ဒာစံဝင်း(လွိုင်ကော်မြို့)၊ ဆရာကြီး ဦးစိန်လွင်(ငြိမ်း၊ အထက-၂၊ ပျဉ်းမနား)၊ ဦးရွှေ (ယခင် န.လ.က ရုံး)၊ ဦးထွေး-ဒေါ်နုမိသားစုဝင် ဦးဆန်းညွန့်၏ဇနီး ဒေါ်ကြည်ကြည်စန်း (တမ္ပဝတီရပ်၊ မန္တလေး)တို့အား အထူးကျေးဇူးတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။)



ပျဉ်းမနားမြို့ရှမ်းကန်အနီးရှိ ဗိုလ်ချုပ်အောင်ဆန်းပုံတူကြေးရုပ်တု



အောက်ခြေခံစင်မြင့်ပေါ်မှ ကမ္ပည်းစာ

**ဗိုလ်ချုပ်အောင်ဆန်းသည် နိုင်ငံတော်နှင့် အများပြည်သူအတွက် မိမိ၏ တစ်ကိုယ်ရေ ချမ်းသာကောင်းစားရေးကို အလေးဂရုမပြု၊ မြန်မာနိုင်ငံလွတ်လပ်ရေး ရရမည်ဟူသော ရည်မှန်းချက်ထားရှိကာ ဘဝသက်တမ်းတစ်လျှောက်လုံး အသက်ကိုပုံအပ်၍ လွတ်လပ်ရေးသည်သာ ပထမ၊ လွတ်လပ်ရေးသည်သာ ဒုတိယ၊ လွတ်လပ်ရေးသည်သာ တတိယဖြင့် မနားမနေ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ပုဂ္ဂိုလ်မျိုးသည် သူရဲကောင်းစိတ်ဓာတ်အပြည့်ရှိသော နှလုံးလှပိုင်ရှင်ပင်ဖြစ်ပေသည်။**

# သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့(၄၇)ပါးစုံညီ ကောဒသမအစည်းအဝေး ပထမနေ့ကျင်းပ

**ရန်ကုန် ဇူလိုင် ၁၃**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယက အဖွဲ့(၄၇) ပါးစုံညီ ကောဒသမ အစည်းအဝေး ပထမနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက မန္တလေးမြို့ဗန်းမော်ကျောင်းတိုက် ဆရာတော် ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုနှင့် တာဝန်ရှိသူများ တက်ရောက် ကြည်ညိုကြသည်။

အစည်းအဝေးတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တဂုဏိကာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူသည်။

အခမ်းအနားမှူး ဆရာတော်က အစည်းအဝေး စတင်ကြောင်းနှင့် ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများ၏ အရေအတွက်ကို ဖတ်ကြားလျှောက်ထားပြီး အစည်းအဝေး အထမြောက်ကြောင်း ကြေညာသည်။

ရှေးဦးစွာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်က အစည်းအဝေးဖွင့် သာရဏီယသြဝါဒကထာကို မြွက်ကြားရာတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၌ အဖွဲ့ခွဲ သုံးဖွဲ့ရှိရာ တစ်ဖွဲ့၏ ဆုံးဖြတ်ဆောင်ရွက်ချက်သည် လုပ်ထုံးနှင့် မညီညွတ်ကြောင်း၊ အခြားအဖွဲ့ခွဲက တွေ့ရှိလျှင်လည်း အကျိုးလိုလားသောစိတ်ထားဖြင့် အပြုသဘောဆောင်၍ ထောက်ပြဝေဖန်ကာ အမှန်သို့ရောက်အောင် ပြုပြင်ပေးသင့်ကြပါကြောင်း၊ သို့ရာတွင် သတိပြုရန်မှာ ဆုံးဖြတ်ချက်များ မှားယွင်းသည့်အတွက် ခဏခဏပြုပြင်ပါကလည်း သံဃာထု၏ လေးစားမှုနည်းပါးပြီး ပရူပဝါဒဘေးဖြစ်လာနိုင်သကဲ့သို့ မဟာနာယကအဖွဲ့၏ ဆုံးဖြတ်ညွှန်ကြားချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ရသော သက်ဆိုင်ရာ လူပုဂ္ဂိုလ် အဖွဲ့အစည်းများမှာလည်း အချိန်ကုန်လူပန်းဖြစ်စေနိုင်ပါကြောင်း၊ ထို့အပြင် ဒီမိုကရေစီသဘောတရားအရ လွတ်လပ်စွာ ပြောဆိုရေးသားခွင့်ရှိသည့် ယခုခေတ်တွင် သတင်းမီဒီယာများက မဟာနာယကအဖွဲ့အပေါ် မလျော်ပြောဆိုရေးသားမိပါကလည်း အကုသိုလ်တရားပွားများနိုင်၍ မှုခင်းများဆုံးဖြတ်ရာ၌ အဆောတလျင် အလျင်စလို မဆုံးဖြတ်ဘဲ သက်သေသက္ကာယ အချက်အလက်များ ခိုင်မာစွာရရှိပြီးမှသာလျှင် ဓမ္မဝိနယများ၊ ဝိနည်းဓမ္မကံ လုပ်ထုံးလုပ်နည်းများ၊ ဒေသအခြေအနေအရ ပတ်ဝန်းကျင်အခြေအနေဖြင့် လိုက်လျောညီထွေ ဖြစ်စေရန်တို့ကိုပါ တွက်ချက်စဉ်းစား၍ ရှုထောင့်စုံမှ ဝေဖန်သုံးသပ် ဆုံးဖြတ်ရန်လည်းလိုအပ်ပါကြောင်း၊ သို့မှသာ မဟာနာယကအဖွဲ့၏ ဆောင်ရွက်မှုအပေါ် သံဃာထုက လေးစားမှုရ၍ ပရူပဝါဒဘေးလည်း ကင်းဝေးနိုင်မည်ဖြစ်ပါကြောင်း။

သာသနာတော်သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ရာ၌ သံဃာတော်များချည်းဆောင်ရွက်ရုံဖြင့် ပြီးပြည့်စုံမှုရှိနိုင်မည် မဟုတ်ပါကြောင်း၊ နိုင်ငံတော်အစိုးရမင်းတို့၏ အမိုးရရှိမှ ပြီးပြည့်စုံအောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ သာသနာရေးရာ၊ ဝိနိစ္ဆယရေးရာ၊ ပညာရေးရာများကို ဆောင်ရွက်ရာ၌ လက်ရှိဒီမိုကရေစီစနစ်နှင့်လည်း ကိုက်ညီ၍ ဗုဒ္ဓဘုရားရှင်၏ ဓမ္မဝိနယနှင့်လည်း လုံးဝသွေဖည်မှု မရှိရလေအောင် ဆောင်ရွက်ရသကဲ့သို့ အရပ်ဘက် ဥပဒေများနှင့်လည်း ချိန်ထိုး၍ ဆောင်ရွက်ရန်လိုအပ်ပါကြောင်း၊ သို့မှသာ မိမိတို့ ယုံကြည်အားထားကိုးကွယ်နေကြသည့် ဒါယကာများက မဟာနာယကအဖွဲ့ကြီးကို ရိုသေလေးစားမှုရှိပြီး ဝိုင်းဝန်း၍ ကူညီကြမှာဖြစ်ပါကြောင်း။

သာသနာ့နွယ်ဝင်သီလရှင်များ၏ ပရိယတ်၊ ပဋိပတ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို လေ့လာစုံစမ်း၍ သာသနာ့နွယ်ဝင် သီလရှင်များကို ယဉ်ကျေးလိမ္မာသင်တန်းများပို့ချရန် တာဝန်ပေးခြင်း၊ အမျိုးသမီးသီလရှင်စာသင်ကျောင်းများ ဖွင့်လှစ်ရန် တာဝန်ပေးခြင်းစသော သာသနာပြုလုပ်ငန်းများကို တစ်ခန်းတစ်ကဏ္ဍမှ ဆောင်ရွက်စေခြင်းဖြင့် သာသနာတော် သန့်ရှင်းတည်တံ့ပြန့်ပွားရေးကို ဆောင်ရွက်ရာ၌ တစ်ဖက်တစ်လမ်းမှ အထောက်အပံ့ကောင်းများ ရရှိနိုင်မည်ဖြစ်၍ သံဃာ့အဖွဲ့အစည်း အဆင့်ဆင့်ကဲ့သို့ သီလရှင်အမှုဆောင်အဖွဲ့များကို လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် ပြန်လည်ဖွဲ့စည်းပြီး အတည်ပြုပြန်တမ်းများ ထုတ်ပြန်ရန်လည်း လိုအပ်ပါကြောင်းဖြင့် မြွက်ကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး သူရ ဦးအောင်ကိုက သာသနာရေးဆိုင်ရာများကို လျှောက်ထားရာတွင် လက်ရှိအခြေအနေတွင် အချို့သော ရဟန်း၊ သာမဏေများအနေဖြင့် သမဏသာရုပ္ပမဖြစ်သည့် ပြုမူဆောင်ရွက်ချက်များကို ရဲရဲတင်းတင်းပြုလုပ်နေကြသည်ကိုလည်း တွေ့မြင်ကြားသိနေရသဖြင့် သာသနာတော်အတွက် စိတ်မချမ်းမြေ့ဖွယ် ဖြစ်ရပါကြောင်း၊ သို့ဖြစ်၍ သာသနာတော်မြတ်ကြီး အရှည်ခံ၍ တည်တံ့စေရန် စိတ်ထားဖြင့်လျှောက်ထားရပါမှု အဆိုပါ သမဏသာရုပ္ပမဖြစ်သောကိစ္စရပ်များကို ဗုဒ္ဓမြတ်စွာသာသနာတော်မြတ်ကြီး၏ရေရှည်အကျိုးမျှော်ကိုး ထောက်ဆ၍ ထိထိရောက်ရောက် နှိမ်နင်းသင့်ပါကြောင်း။

ယနေ့ အချိန်အခါတွင် ဆက်သွယ်ရေးနည်းပညာများ တိုးတက်လာသည်နှင့်အညီ ဖေ့စ်ဘုတ်နှင့် လူမှုကွန်ရက် သတင်းမီဒီယာများတွင် ဘာသာရေးအဓိကရုဏ်းနှင့် လူမျိုးရေးအဓိကရုဏ်းများဖြစ်ပွားစေနိုင်သည့် အပြောအဆိုအရေးအသားများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်လျက်ရှိကြသဖြင့် သာသနာတော်နှင့်လျော်ညီခြင်းမရှိသည့် လုပ်ဆောင်ချက်အရပ်ရပ်များသည် လျင်မြန်စွာပျံ့နှံ့ဖြစ်ပွားလာနိုင်သည့်အတွက် အလွန်ဂရုပြု ဆောင်ရွက်ရမည့်အခြေအနေသို့ရောက်ရှိနေပါကြောင်း။

ဒီမိုကရေစီစနစ်၏ လွတ်လပ်စွာပြောဆိုရေးသားခွင့်ဟူသော လူ့အခွင့်အရေးကို အကြောင်းပြု၍ မလျော်သည့် အကြောင်းအရာများကို မဟုတ်မမှန် ဖန်တီးရေးသားဖော်ပြနေကြ၍ လူမျိုးရေးနှင့် ဘာသာရေးအဓိကရုဏ်းဖြစ်အောင် ဘာသာဝင်အချင်းချင်း သော်လည်းကောင်း၊ သံဃာတော်အချင်းချင်းသော်လည်းကောင်း၊ အထက်အောက် သံဃာ့အဖွဲ့အစည်းများအတွင်း သော်လည်းကောင်း ပဋိပက္ခများ ဖြစ်ပွားလာစေနိုင်သည့်အတွက် ဆရာတော်ကြီးများအနေဖြင့် သံဃာ့အဖွဲ့အစည်းအားလုံး ညီညွတ်မှုကိုပိုမိုအလေးထား ဆောင်ရွက်သင့်သည့် အချိန်အခါဖြစ်ပါကြောင်းကိုလည်း ဖြည့်စွက်လျှောက်ထားလိုပါကြောင်း။

အချို့သော ပုဂ္ဂိုလ်များကလည်း မိမိတစ်ဦးတစ်ယောက်၏ အလိုဆန္ဒဖြင့်သံဃာ့အဖွဲ့အစည်းကြီးပြိုကွဲပျက်စီးစေရန်ရည်ရွယ်၍ သံဃာ့အဖွဲ့အစည်းဆိုင်ရာဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ပယ်ဖျက်ရေးအတွက် လွှတ်တော်အသီးသီးသို့ တင်ပြလာသည်ကို လည်း တွေ့ရှိရပါကြောင်း၊ ဂိုဏ်းပေါင်းစုံသံဃာ့အဖွဲ့အစည်းအဆင့်ဆင့်ကို သံဃာ့ဦးသျှောင်မထေရ်မြတ်ကြီးများက ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး သန့်ရှင်းတည်တံ့ ပြန့်ပွားစေရန်အတွက် ခဲခဲယဉ်းယဉ်း တည်ထောင်ထားရသဖြင့် သံဃာ့အဖွဲ့အစည်းကြီး မပြိုကွဲစေရေးအတွက် ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ရမည်ဖြစ်ပါကြောင်း။

ယခုအခါတွင် လစဉ်ထုတ်ဘာသာရေးဆိုင်ရာစာစောင်များ၊ မဂ္ဂဇင်းများ၊ တရားစာအုပ်များမြောက်မြားစွာထွက်ပေါ်လျက်ရှိပါကြောင်း။ အချို့စာစောင်များနှင့်စာအုပ်များတွင် ထေရဝါဒပိဋကတ်တော်လာ ကျမ်းဂန်များနှင့် ညီညွတ်မှုမရှိဘဲ မိမိတို့ ယူဆထားသည့် အတ္တနောမတိအတိုင်း ရေးသားထားသည့် အဓမ္မဝါဒများ ပါဝင်နေသည်ကို ကြားသိတွေ့မြင်နေရပါကြောင်း၊ ထေရဝါဒ ဓမ္မဝိနယနှင့် မညီညွတ်သော အဓမ္မဝါဒများ ပြန်လည်ခေါင်းပြူလာမည့် အရိပ်အယောင်များဖြစ်၍ သာသနာတော်သန့်ရှင်းရေးအတွက် အထူးသတိထားရမည့် အနေအထားမျိုး ဖြစ်ပါကြောင်း။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ရဟန်း၊ သာမဏေပေါင်း ၅၃၅၃၂၇ ရှိလာခြင်း၊ ပရိယတ္တိသာသနာနှင့် ပဋိပတ္တိသာသနာ ထွန်းကားလာခြင်းတို့ကြောင့်ရဟန်း၊ သာမဏေအရေအတွက်လည်း တိုးတက်များပြားလာပါကြောင်း၊ သို့ရာတွင် တစ်ချိန်တည်းမှာပင် သီလသိက္ခာနှင့် လျော်ညီစွာ ကျင့်ကြံနေထိုင်ခြင်းမရှိသော ရဟန်း၊ သာမဏေအချို့ ပေါ်ပေါက်လာသည်ကိုလည်း ဝမ်းနည်းဖွယ်ရာ တွေ့ရှိရပါကြောင်း၊ ယင်းကဲ့သို့ ရဟန်းသိက္ခာ၊ သာမဏေသိက္ခာကို စောင့်ထိန်းခြင်းမရှိသည့် ပုဂ္ဂိုလ်များမှာ အရေအတွက်အားဖြင့် နည်းပါးသည်ဟုထင်ပါကြောင်း။

ဘုရားရှင်ဆိုဆုံးမသည့် ဩဝါဒနှင့်အညီ လိုက်နာကျင့်ကြံနေထိုင်ကြသည့် ရဟန်း၊ သာမဏေများမှာ မိမိကျောင်းတိုက်အတွင်း၌ စာကျက် စာအံခြင်း၊ တရားဓမ္မ ကျင့်ကြံအားထုတ်ခြင်းများဖြင့် သီတင်းသုံးလျက်ရှိကြပါကြောင်း၊ မလျော်ကန်သော ကာလဒေသများနှင့် ဖေ့စ်ဘုတ်နှင့် လူမှုကွန်ရက်များတွင် အကျိုးမဲ့အချိန်ဖြုန်းနေသည့် ရဟန်း၊ သာမဏေအချို့ကို ပဓာနနာယက ဆရာတော်ကြီးများအနေဖြင့် ညွှန်ကြားလွှာ (၇၂) နှင့်အညီ တင်းတင်းကျပ်ကျပ် ကြပ်မတ်ဆုံးမပေးရန် လိုအပ်လာပါကြောင်း။

နိုင်ငံတော်သံဃမဟာနာယကအဖွဲ့သည် အကျင့်သီလဖောက်ဖျက်သည့် ရဟန်း၊ သာမဏေများကို တားဆီးဆုံးမနိုင်ရန်အလို့ငှာ ညွှန်ကြားလွှာအမှတ်(၇၅) ကို လုပ်ထုံးလုပ်နည်းများနှင့်အညီ ထုတ်ပြန်ထားပါကြောင်း၊ ယင်းညွှန်ကြားလွှာအမှတ် (၇၅) အရ မြို့နယ်သံဃနာယကအဖွဲ့များသို့ လုပ်ပိုင်ခွင့်များ အပြီးအပြတ် ပေးအပ်ထားသည်ကို တွေ့ရှိရပါကြောင်း၊ သမဏသာရုပ္ပမဖြစ်သောအမှုများကို ကျူးလွန်သည့် ရဟန်း၊ သာမဏေများအား မြို့နယ်သံဃနာယကအဖွဲ့အနေဖြင့် သီးခြား သံဃဝိနိစ္ဆယအဖွဲ့ ဖွဲ့စည်းစစ်ဆေးနိုင်ခြင်း၊ ဝိနည်းဓိုရ်ဆရာတော်များကို အမှတ်စဉ်အလိုက်မဟုတ်ဘဲ မြို့နယ်သံဃနာယကအဖွဲ့က နှစ်သက်ရာ ဝိနည်းဓိုရ်အဖွဲ့များဖြင့် ဖွဲ့စည်းနိုင်ခြင်း၊ မြို့နယ်သီးခြားသံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်သည် အယူခံခွင့်မရှိတော့ဘဲ နောက်ဆုံးအပြီးအပြတ် အတည်ဖြစ်ခြင်းတို့ကြောင့် သာသနာတော်အတွက် အကျိုးများလှပါကြောင်း။

သို့ဖြစ်၍ ကြည်ညိုဖွယ်မဆောင်သည့် အမှုများကို ကျူးလွန်နေသော ရဟန်း၊ သာမဏေများလျော့နည်းပပျောက်သွားရေး ကိစ္စမှာ အဓိကအားဖြင့် မြို့နယ်သံဃနာယကအဖွဲ့အသီးသီး၏ ဆောင်ရွက်နိုင်စွမ်းအပေါ်တွင် တည်ရှိနေပါကြောင်း၊ ဆရာတော်ကြီးများအနေဖြင့် ရှေ့မှဦးဆောင်၍ ဓမ္မစက်ဖြင့် ဆုံးဖြတ်ဆောင်ရွက်တော်မူကြခြင်း၊ တပည့်တော်တို့ နိုင်ငံတော်အစိုးရအနေဖြင့် ဝိနိစ္ဆယဆုံးဖြတ်ချက်များကို လိုက်နာစေရန် အကောင်အထည်ဖော်ဆောင်ရွက်ပေးခြင်းဖြင့် မြတ်စွာဘုရားရှင်၏ သာသနာတော်မြတ်ကြီးသည် အရှည်တည်တံ့ခိုင်ခံ့၍ သန့်ရှင်းစင်ကြယ်စွာ တိုးတက်ပြန့်ပွားနိုင်မည်ဟု အကြွင်းမဲ့ယုံကြည်ပါကြောင်း လျှောက်ထားသည်။

ယင်းနောက် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို တာဝန်ကျ အဖွဲ့ခွဲ၏ကိုယ်စား တွဲဖက်အကျိုးတော်ဆောင်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဓမ္မာစာရက တင်သွင်းလျှောက်ထားသည်။

ထို့နောက် သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ဒုတိယအဖွဲ့ခွဲ)၏ စတုတ္ထအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်အစီရင်ခံစာအကျဉ်းကို အဖွဲ့ဝင် ဆရာတော်များက ကဏ္ဍအလိုက် တင်သွင်းလျှောက်ထားသည်။

ယင်းနောက် ဝိနိစ္ဆယဆိုင်ရာကိစ္စများ၊ သာသနာရေးကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စများကို တင်ပြလျှောက်ထားရာ တာဝန်ကျ အဖွဲ့ခွဲ ဆရာတော်များက ဝေဖန်ဆွေးနွေးပြီး အစည်းအဝေးကို မွန်းလွဲပိုင်းတွင် ရပ်နားသည်။

**(သတင်းစဉ်)**

# အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)မှ အသိပေးညွှန်ကြားချက် ထုတ်ပြန်

**နေပြည်တော် ဇူလိုင် ၁၃**

အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)မှ မြန်မာပြည်တစ်ဝန်းရှိ (မဘသ)အဖွဲ့များအနေဖြင့် ဆန္ဒဖော်ထုတ်ခြင်း၊ ဆန္ဒဖော်ထုတ်ရန် စည်းရုံးတိုက်တွန်းခြင်းများ မပြုလုပ်ကြရန်နှင့် မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာပြုလုပ်ငန်းများကို အေးအေးချမ်းချမ်း ဆက်လက်ဆောင်ရွက်ကြရန် ဇူလိုင် ၁၂ ရက်က အသိပေးညွှန်ကြားချက်ထုတ်ပြန်ထားကြောင်း သိရသည်။

အဆိုပါ အသိပေးညွှန်ကြားချက်အား အမျိုး၊ ဘာသာ၊ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)မှ အသိပေးညွှန်ကြားချက် အမှတ်စဉ်(၁၂)အဖြစ် ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယင်းထုတ်ပြန်ချက်တွင် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း စင်ကာပူနှင့် ရန်ကုန်လေဆိပ်တို့၌ “မဘသ မလိုအပ်တော့ပါဘူး”ဟု ပြောကြားချက်အပေါ် မဘသ(ဗဟို) ဦးဆောင်ဆရာတော်များက အထူးအစည်းအဝေး တစ်ရပ်ကျင်းပခဲ့ပြီး ဦးဖြိုးမင်းသိန်း ပြောဆိုချက်နှင့်ပတ်သက်၍ တာဝန်ယူဖြေရှင်းပေးရန် နိုင်ငံတော်သမ္မတနှင့် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်တို့ထံ မေတ္တာရပ်ခံလွှာပေးပို့ခဲ့ကြောင်း။

ဦးဖြိုးမင်းသိန်း၏ ပြောကြားချက်နှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းချက်ကို ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကိုက “တကယ်တော့ ဒီမိုကရေစီမှာ လွတ်လပ်စွာ သဘောထားကွဲလွဲပိုင်ခွင့်ရှိပါတယ်၊ သူ့ရဲ့အယူအဆတစ်ခုကို ထုတ်ဖော်ပြောဆိုတာဖြစ်လို့ ဒါနဲ့ပတ်သက်ပြီးတော့ သီးခြားသဘောထား မှတ်ချက်ပေးစရာမရှိပါဘူး”ဟု ဖြေကြားခဲ့ရာ ယင်းနှင့်စပ်လျဉ်း၍ မဘသအဖွဲ့က “မဘသ မလိုအပ်တော့ပါဘူး”ဟူသော ဦးဖြိုးမင်းသိန်း၏စကားသည် ၎င်း၏ သဘောထားမှတ်ချက်သာဖြစ်ပြီးနိုင်ငံတော်အစိုးရ၏“သဘောထားမူဝါဒ” မဟုတ်သည်ကို သိရှိရသဖြင့် ဦးဖြိုးမင်းသိန်း၏စကားနှင့် ပတ်သက်၍ အလေးဂရုပြုစရာမလိုတော့ဘဲ ဒီမိုကရေစီသဘောတရားအရ ၎င်း၏ လွတ်လပ်စွာပြောဆိုခြင်းဖြစ်သည်ဟုသာ မှတ်ယူရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာပြည်တစ်ဝန်းရှိ မဘသအဖွဲ့များအနေဖြင့် “လောကအေးချမ်း မဘသ မေတ္တာလွှမ်း”ဟူသော ဆောင်ပုဒ်နှင့်အညီ ရဟန်းရှင်လူပြည်သူများ နှလုံးစိတ်ဝမ်း အေးချမ်းကြစေရန်အတွက် ဆန္ဒဖော်ထုတ်ခြင်း၊ ဆန္ဒဖော်ထုတ်ရန် စည်းရုံးတိုက်တွန်းခြင်းများ မပြုလုပ်ကြရန်နှင့် မိမိတို့၏ အမျိုး၊ ဘာသာ၊ သာသနာပြုလုပ်ငန်းများကို မေတ္တာရှေ့ထားပြီး အေးအေးချမ်းချမ်း ဆက်လက်ဆောင်ရွက်ကြရန် အသိပေးညွှန်ကြားလိုက်သည်ဟု ဖော်ပြထားကြောင်း သိရသည်။

**(သတင်းစဉ်)**

# မိမိတို့တာဝန်ယူချိန်တွင် တိုင်းပြည်အတွက် အကောင်းဆုံးလုပ်ပေးခြင်းသည် သမိုင်းတွင် မှန်မြတ်သည့်တာဝန်ယူမှုအဖြစ် ထင်ကျန်ရစ်မည်ဖြစ်



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်

**နေပြည်တော် ဇူလိုင် ၁၃**

စစ်မှန်သည့် ဒီမိုကရေစီနိုင်ငံတော်ကြီးကို တည်ဆောက်လိုသူများသည် သဘောထားကြီးခြင်း၊ သည်းခံခြင်း၊ ခွင့်လွှတ်ခြင်း၊ စိတ်ရှည်ခြင်း၊ စေ့စပ်ညှိနှိုင်းဖြေရှင်းခြင်း ဆိုသည့် ဒီမိုကရေစီ၏ တန်ဖိုးများကို နားလည်ယုံကြည်လက်ခံပြီး လုပ်ဖော်ကိုင်ဖက်အချင်းချင်း မိသားစုစိတ်ဓာတ်ဖြင့် ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က ယနေ့နံနက်ပိုင်းတွင် မကွေးမြို့ရှိ မြို့တော်ခန်းမ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က လွှတ်တော်ကိုယ်စားလှယ်များသည် ဥပဒေပြုရေးမဏ္ဍိုင်တွင် ပါဝင်ဆောင်ရွက်နေသည့် ပုဂ္ဂိုလ်များဖြစ်၍ မိမိတို့ကိုယ်တိုင် ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြုမူနေထိုင်၊ ပြောဆိုလုပ်ကိုင်ဆောင်ရွက်ကြရန် အထူးအရေးကြီးပါကြောင်း၊ ထို့ကြောင့် လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများကို ပိုင်ပိုင်နိုင်နိုင် တတ်ကျွမ်းနားလည်အောင် စနစ်တကျ လေ့လာထားရန် လိုအပ်ပါကြောင်း၊ လွှတ်တော်၌ မေးခွန်းများမေးမြန်းခြင်း၊ အဆိုတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ လွှတ်တော်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများတွင် ပြဋ္ဌာန်းထားသည့် ကန့်သတ်ချက်များ၊ စည်းကမ်းချက်များ၊ တားမြစ်ချက်များနှင့် ကိုက်ညီရန် လိုအပ်ပါကြောင်း၊ မိမိတို့တင်သွင်းမေးမြန်းမည့် မေးခွန်းနှင့်အဆိုများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ကိုက်ညီရန်လိုအပ်သကဲ့သို့ အမျိုးသားရင်ကြားစေ့ရေးမှုနှင့်လည်း ကိုက်ညီရန် လိုအပ်ပါကြောင်း၊ ထို့ပြင် အစိုးရ၏ ပေါ်လစီ၊ အခြေအနေအချိန်အခါနှင့်လည်း ကိုက်ညီရန်လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် ဥပဒေကြမ်းများတင်သွင်းမည်ဆိုပါကလည်း ဖွဲ့စည်းပုံအခြေခံဥပဒေပါ ဇယားနှင့် ကိုက်ညီမှု ရှိ၊ မရှိ၊ နိုင်ငံတော်အစိုးရ၏ မူဝါဒများနှင့် ဆီလျော်မှု ရှိ၊ မရှိ၊ နိုင်ငံတော်နှင့် နိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် အကျိုးဖြစ်ထွန်းမှု ရှိ မရှိ လေ့လာစိစစ်ရန်လိုအပ်ပါကြောင်း။

ဥပဒေကြမ်းတစ်ခုကို ပြုစုရေးဆွဲရာတွင် မည်သည့်အတွက်ကြောင့်ဆိုသည့် ရည်ရွယ်ချက်နှင့် မည်သူများအကျိုးအတွက် ရေးဆွဲသည်ဆိုသည့် အကျိုးဖြစ်ထွန်းမှုများကို လိုရင်းတိုရှင်း၊ စကားလုံးအထားအသို မှန်မှန်ကန်ကန်ဖြင့် ပေါ်လွင်အောင် ရေးသားနိုင်ရေးကို အလေးအနက်ထားစဉ်းစားရန်လိုပါကြောင်း၊ လွှတ်တော်၌ ဆွေးနွေးကြရာတွင် အချက်အလက်များ၊ အထောက်အထားများဖြင့် အပြုသဘောဆောင်၍ အကြံပြုဆွေးနွေးမှုများဖြစ်ရန်လည်း အရေးကြီးပါကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် လုပ်ပိုင်ခွင့်ကိုအလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာမှု၊ လာဘ်ပေးလာဘ်ယူမှု၊ ခြိမ်းခြောက်မှုများကို အထူးရှောင်ကြဉ်ရန်လိုအပ်ပါကြောင်း၊ ပြည်သူလူထုနှင့် ပြောဆိုဆက်ဆံရာတွင် ပြည်သူသာအမိ ပြည်သူသာအဖဆိုသည်ကို မမေ့လျော့ကြရန် လိုအပ်ကြောင်း၊ ထို့အတူ ရပိုင်ခွင့်နှင့် အခွင့်အရေးများကိုသုံးစွဲရာ၌ မရှိမဖြစ်လိုအပ်ချက်ထက် ပိုမိုမသုံးစွဲကြရန်လိုကြောင်း၊ မိမိတို့တာဝန်ယူချိန်ကာလတွင် တိုင်းပြည်အတွက် အကောင်းဆုံးလုပ်ပေးခြင်းသည် သမိုင်းတွင် မှန်မြတ်သည့် တာဝန်ယူမှုအဖြစ် ထင်ကျန်ရစ်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့ပြင် တရားမျှတသည့် လူ့အဖွဲ့အစည်းနှင့် အဂတိကင်းစင်သည့် လူ့အသိုင်းအဝိုင်းကို တည်ဆောက်ကြရန်လိုအပ်ကြောင်း၊ အဆိုပါ လူ့အဖွဲ့အစည်းနှင့် လူ့အသိုင်းအဝိုင်း တည်ဆောက်နိုင်ရေးသည် မိမိတို့နိုင်ငံတွင် ဒီမိုကရေစီအခြေခံအုတ်မြစ်ခိုင်မာတောင့်တင်းရေးပင်ဖြစ်ကြောင်း၊ မိမိတို့ကိုယ်စားလှယ်များ၏ ယာယီသက်သာမှုကို ငဲ့ကွက်မစဉ်းစားဘဲ နောင်မျိုးဆက်များ ခံစားကြရမည့် ရေရှည်အကျိုးစီးပွားကို အလေးအနက်ထားစဉ်းစားပြီး ဆောင်ရွက်ရန်အထူးလိုအပ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ်နှင့် ဒုတိယအကြိမ် မကွေးတိုင်းဒေသကြီးလွှတ်တော်မှ ဥပဒေများ အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့မှု၊ အစည်းအဝေးများ ကျင်းပနိုင်ခဲ့မှုနှင့် အစည်းအဝေးဆောင်ရွက်ချက်များ၊ ကော်မတီများ ဖွဲ့စည်းထားရှိမှု၊ ကွင်းဆင်းဆောင်ရွက်ခဲ့မှု၊ အဆိုနှင့် မေးခွန်းများ တင်သွင်းမေးမြန်းခဲ့မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်လာသည့် လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်ဆိုင်ရာ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို မေးမြန်းကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ကိုယ်စားလှယ်များအားလုံး အဂတိတရားလေးပါး ကင်းရှင်းစွာဖြင့် မဲဆန္ဒရှင် မိဘပြည်သူများ၏ အကျိုးကို ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ကျရာတာဝန်ကို မာန်မာနမထားဘဲ အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

**(သတင်းစဉ်)**

---

❒ *ကျောဖုံးမှ*

မြန်မာနိုင်ငံသည် စည်းမျဉ်းဥပဒေကို အခြေပြုသည့် အာဆီယံ၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အလျောက် နိုင်ငံတကာအသိုက်အဝန်းအတွင်း နိုင်ငံခြားဆက်ဆံရေးကို အကောင်အထည်ဖော်မှုတွင် စည်းမျဉ်းဥပဒေကို လေးစားလိုက်နာရန် ကတိပြုထားပါသည်။

မြန်မာနိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်တွင်း နိုင်ငံများလိုက်နာရမည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ကြေညာချက်အပြည့်အဝနှင့် ထိရောက်စွာ အကောင်အထည်ဖော်ရေးနှင့် တောင်တရုတ်ပင်လယ်တွင်း ကျင့်ထုံးတစ်ရပ် ဆောလျင်စွာ ပေါ်ထွက်ရေးအတွက် တူညီဆန္ဒအပေါ်အခြေပြု၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် တရုတ်နိုင်ငံတို့နှင့် ဆက်လက်ပြီး လက်တွဲလုပ်ကိုင်သွားမည်ဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**

---

❋ *ကျောဖုံးမှ*

၄၆၈ စတုရန်းပေ အကျယ်ရှိ အခန်းပေါင်း ၂၈၈ ခန်း၊ အဆောက်အအုံ ၁၂လုံးနှင့် ရှစ်ခန်းတွဲ လေးထပ်မြင့် အဆောက်အအုံတိုက်ခန်း၌ ၄၈၄ စတုရန်းပေ၊ ၅၂၂ စတုရန်းပေ အကျယ် အခန်းပေါင်း ၅၇၆ ခန်းရှိ အဆောက်အအုံ ၁၈ လုံးတို့ကို ဆောက်လုပ်လျက်ရှိကြောင်း မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနမှ အင်ဂျင်နီယာမှူး ဒေါ်သဲဆုငြိမ်းက ပြောကြားသည်။ ပြည်သူ့အတွက် တန်ဖိုးနည်းယုဇနအထပ်မြင့် အိမ်ရာ အပိုင်း(၂)စီမံကိန်း၏ အဆောက်အအုံပေါင်း ၃၀၊ အခန်းပေါင်း ၁၁၅၂ ခန်းကို ၂၀၁၆ ခုနှစ်အကုန် အပြီးတည်ဆောက်ရန် သတ်မှတ်လျာထားလျက်ရှိကြောင်း သိရသည်။

(၀၂၈)

---

## ဝန်မြစ်ရေ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် ဇူလိုင် ၁၃**

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်အရ ဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် နှစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ပေဝက်ခန့်ဆက်လက်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် မိုးလေဝသနှင့်ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားကြောင်း သိရသည်။ **(မြန်မာ့အလင်း)**

---

# မြန်မာနိုင်ငံသည် နျူကလီးယားလက်နက်ဖျက်သိမ်းရေးသာမက နျူကလီးယားလက်နက်မပြန့်ပွားရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇူလိုင် ၁၃**

ပညာရေးဝန်ကြီးဌာန အဏုမြူစွမ်းအင်ဦးစီးဌာန ဂျပန်အဏုမြူစွမ်းအင်အေဂျင်စီ (Japan Atomic Energy Agency-JAEA) နှင့် အမေရိကန်ပြည်ထောင်စု စွမ်းအင်ဌာန (Department of Energy-USDOE) တို့က ကြီးမှူး၍ အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေး သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်နှင့် နျူကလီးယားဆက်စပ်ပစ္စည်းများအား အမျိုးအစားခွဲခြားခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ဇူလိုင် ၁၂ ရက်က နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ ကျင်းပသည်။ **(အပေါ်ယာပုံ)**




ရှေးဦးစွာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံသည် နျူကလီးယားစွမ်းအင်ကို ငြိမ်းချမ်းစွာ အသုံးချရေးအတွက် နျူကလီးယားလက်နက် ဖျက်သိမ်းရေးသာမက နျူကလီးယားလက်နက်မပြန့်ပွားရေးကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ ယခုဆွေးနွေးပွဲသည် အပြည်ပြည်ဆိုင်ရာ လက်နက်ဖျက်သိမ်းရေး အသိုက်အဝန်းနှင့် ထိတွေ့ဆောင်ရွက်နိုင်သည့် အခွင့်အရေးတစ်ခုဖြစ်ပါကြောင်း၊ နျူကလီးယားလက်နက် ဖျက်သိမ်းရေးသည် နျူကလီးယားလက်နက် ကင်းစင်သည့်ကမ္ဘာအား တည်ဆောက်နိုင်ရန် တစ်ခုတည်းသော နည်းလမ်းဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသည် နျူကလီးယားလက်နက်ဖျက်သိမ်းရေးနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက် (Resolutions) များကို ၁၉၉၅ ခုနှစ်က စတင်သည့် First Committee မှစ၍ နှစ်စဉ်သဘောတူလိုက်နာ ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် နျူကလီးယားလက်နက်မပြန့်ပွားရေးစာချုပ်ကို ၁၉၉၂ ခုနှစ် ဒီဇင်ဘာ ၂ ရက်တွင် ပါဝင် လက်မှတ်ရေးထိုးခဲ့ကြောင်း၊ ယခု ဆွေးနွေးပွဲသည် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေး သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်ကို အကောင်အထည်ဖော်ရန်အတွက် အတွေ့အကြုံကောင်းများ ရရှိမည်ဟု ယုံကြည်ပါကြောင်းနှင့် နျူကလီးယား ဆက်စပ်ပစ္စည်းများအား ခွဲခြားသတ်မှတ်ခြင်းကို ပိုမိုနားလည်သိရှိလာမည်ဟု ယုံကြည်ကြောင်း ပြောကြားသည်။

အဆိုပါ အသိပညာပေးဆွေးနွေးပွဲသို့ ဂျပန်အဏုမြူစွမ်းအင်အေဂျင်စီနှင့် အမေရိကန်ပြည်ထောင်စု စွမ်းအင်ဌာနတို့မှ ကျွမ်းကျင်သူ ၁၀ ဦးနှင့် ပညာရေးဝန်ကြီးဌာန၊ အဏုမြူစွမ်းအင်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာခင်မောင်လတ် ဦးဆောင်သည့် ဘာသာရပ် ဆက်စပ်သည့် လွှတ်တော်များမှ တာဝန်ရှိသူများ၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး ဆွေးနွေးပွဲကို ဇူလိုင် ၁၄ ရက်အထိ ဆက်လက်ကျင်းပမည်ဖြစ်သည်။

ဆွေးနွေးပွဲတွင် အပြည်ပြည်ဆိုင်ရာ အဏုမြူစွမ်းအင်အေဂျင်စီ၏ နျူကလီးယားလုပ်ငန်းနှင့် လုပ်ဆောင်မှုများ ထိန်းချုပ်စောင့်ကြပ်ရေး သဘောတူစာချုပ်၏ နောက်ဆက်တွဲစာချုပ်အား အကောင်အထည် ဖော်ဆောင်ရေး၊ နျူကလီးယားဒြပ်ပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများနှင့် နျူကလီးယား မဟုတ်သည့် ဒြပ်ပစ္စည်းများကို အမျိုးအစားခွဲခြားသတ်မှတ်ရေး၊ သွင်းကုန်၊ ထုတ်ကုန်ဆိုင်ရာ ကိစ္စရပ်တို့နှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးအကြံပြုကြမည် ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ရေဘေးသင့်ပြည်သူများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများက ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့



**နေပြည်တော် ဇူလိုင် ၁၃**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အဖွဲ့ဝင်များနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရခိုင်ပြည်နယ် မြောက်ဦးမြို့သို့ရောက်ရှိပြီး မြောက်ဦးမြို့ရှိ အလိုတော်ပြည့်ဘုန်းတော်ကြီးကျောင်း၌ ရေဘေးသင့်ပြည်သူများအား တွေ့ဆုံ အားပေးစကားပြောကြားသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်းများအား ထောက်ပံ့ပေးအပ်သည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ကျောက်တော်မြို့ရှိ မဟာမြတ်မုနိဘုရားကြီးတွင် ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြား၍ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများက လှူဒါန်းသည့် ကယ်ဆယ်ရေးပစ္စည်းများအား ထောက်ပံ့ပေးအပ်သည်။ **(ဓါတ်ပုံ)**

ယင်းတွေ့ဆုံပွဲများတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် က မိမိတို့အနေဖြင့် ဇူလိုင် ၁၂ ရက်က လာရောက်ရန်ကြိုးစားခဲ့သော်လည်း ရာသီဥတု အခြေအနေအရ ယနေ့မှ လာရောက်နိုင်ခြင်းဖြစ်ကြောင်း၊ ရခိုင်ပြည်နယ်သည် လူဦးရေသုံးသန်းကျော်ရှိပြီး စပါးအဓိကစိုက်ပျိုးသော နယ်မြေဖြစ်ကြောင်း၊ လူတစ်ဦး တစ်နှစ်လိုအပ်စပါး ၁၅ တင်းနှုန်းဖြင့် တွက်ချက်ပါက တစ်ဧကအထွက်နှုန်းတင်း ၁၀၀ ဖြင့် စပါးစိုက်ဧက လေးသိန်းခွဲခန့်စိုက်ပျိုးမှသာ စားရေးအတွက်စိတ်ချရပြီး ဖူလုံမှုရှိနိုင်ကြောင်း၊ မိုးတွင်းကာလ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်လာပါက စပါးများပျက်စီးဆုံးရှုံးမှုများဖြစ်နိုင်သဖြင့် နွေစပါးစိုက်ပျိုးရေးကို အလေးထားလုပ်ဆောင်ရန်လိုအပ်ကြောင်း၊ တပ်မတော်အနေဖြင့်လည်း တတ်နိုင်သရွေ့ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် မဟာမြတ်မုနိဘုရားကြီးအား သွားရောက်ဖူးမြော်ကြည်ညိုသည်။

ထို့အတူ နံနက်ပိုင်းကလည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ကျောက်တော်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တပ်နယ်အားကစားခန်းမ၌ တွေ့ဆုံခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## မြန်မာ့ရုပ်မြင်သံကြား News Channel

၁၄-၇-၂၀၁၆
(ကြာသပတေးနေ့)

**နံနက်ပိုင်း**

- ၆း၀၀ - တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၃၅ - လီဆူတိုင်းရင်းသားတို့ရဲ့ မီးစတင်ရရှိလာပုံနဲ့ ပန်းပဲပြုလုပ်ခြင်း
- ၈း၃၅ - **မြန်မာ့လွတ်လပ်ရေး ကြိုးပမ်းမှုတစ်ခန်းတစ်ကဏ္ဍ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝတစ်စိတ်တစ်ဒေသ (မော်ကွန်းရုပ်ရှင်)**
- ၁၀း၃၅ - အလုပ်သမားရေးရာအစီအစဉ်
- ၁၄း၄၀ - **နတ်မောက်မြေမှ ထာဝရမည့်ဖြိုးပန်း**

**ညပိုင်း**

- ၁၇း၁၅ - ပြည်သူတို့ရဲ့စကားသံများ
- ၁၇း၃၅ - မျက်မှောက်ရေးရာအဖြာဖြာ
- ၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ - **လွတ်လပ်ရေးဖခင်ကြီး၏ မမေ့နိုင်သော မိန့်ခွန်းများ (၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမ၌ ပြောကြားခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်း၏ မိန့်ခွန်း)**

မှတ်ချက်။ ။နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

## အမတ်မင်းဖတ်ဖို့ ...... စာအုပ်ထုတ်ဝေဖြန့်ချိ

ကိုအောင်စိုး (စီးပွားရေးတက္ကသိုလ်) ၏ အမတ်မင်းဖတ်ဖို့ ......စာအုပ်ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

အဆိုပါစာအုပ် အပိုင်း ၁ တွင် ဒေါက်တာအေးလှိုင်၏ ဘက်မလိုက် စီးပွားရေးတက္ကသိုလ်၊ အမတ်နှင့် ဘတ်ဂျက်၊ အရပ်စကားနှင့် ဇာတ်စကား၊ ဒက်မော်ခရေစီနှင့် ဒက်ဗက်လပ်မင့်ထ်၊ စီးပွားရေးတက္ကသိုလ်နှင့် ဦးသိန်းဖေမြင့်၊ ကိုဗဟိန်းရဲ့နိုင်ငံရေးဘောဂဗေဒကျမ်း၊ ကျေးရွာဝါဒပြောင်းလဲလိုက်ပေါ့ ခင်ဗျာတို့ ပါရှိပြီး အပိုင်း ၂ တွင် ဘကြီးဘဖေ နှင့် နိုင်ငံရေးကထာ၊ န နှင့် ဒေါင်း၊ မီဒီယာတက္ကသိုလ် ဒီးဒုတ်ဦးဘချို၊ မှိုင်းကဝိ၏ ရိတိတိ"ကက်ပ်ရှင်"လေးတစ်ခု၊ ဦးသန့်၏ ငြိမ်းချမ်းရေးဒဿန စသည့် ဆောင်းပါးများ ပါရှိသည်။

စာအုပ်ကို နှစ်ကာလများစာပေ ဖုန်း-၀၉၂၅၄၆၄၀၁၄၈ ဖြန့်ချိလိုက်သည်။

**(မြန်မာ့အလင်း)**




## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့်ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဇူလိုင် ၆ ရက်မှ ၁၁ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း | ထုတ်ဝေသည့်တိုက် |
|---|---|---|---|---|
| ၁ | အောင်ခင်မြင့် | နိုင်ငံတော်သီချင်း(ဒုတိယအကြိမ်) | ၁၅၀၀ိ/- | ပထမစာအုပ်တိုက် |
| ၂ | Kဇော်ဘာသာပြန်သူ-Ko | Kဇော် ဉာဏ်ပန်းအိုးလေး/A little Vase of Light Verses | ၁၅၀၀ိ/- | နှစ်ကာလများစာပေ |
| ၃ | ပါမောက္ခဒေါက်တာမြင့်သောင်း | သန်းကြွယ်သူဌေး လျှို့ဝှက်ချက်များ | ၃၀၀၀ိ/- | ဇေယျာမိုးစာပေ |
| ၄ | နိုင်ရဲကျော် | စတိဗ်ဂျော့/နည်းပညာတစ်ဖက်အနုပညာတစ်ဖက်နှင့်လူသား | ၃၅၀၀ိ/- | The Window book Publishing House |
| ၅ | | Cambridge English Flyers 9+CD | ၃၅၀၀ိ/- | Gold စာပေ |
| ၆ | ဆုပြည့်စုံထွန်း စာတည်းအဖွဲ့ | မင်းကွန်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၇ | ဆုပြည့်စုံထွန်း စာတည်းအဖွဲ့ | မန်လည်ဆရာတော်ဘုရားကြီးဘဒ္ဒန္တဇဝန | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၈ | ထုံးတောင် အရှင်ဓမ္မပီယ | ကျားကိုဖမ်းစားမည့်အတွေးများ | ၂၅၀၀ိ/- | နေလစာပေ |
| ၉ | စာသင်သန့်စင်၊ ပန်းချီခင်မောင်ဦး | Special English ၁၀ တန်းအင်္ဂလိပ်စာ ဂုဏ်ထူးထွက်အောင်ဖြေနည်း+ CD | ၁၈၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၁၀ | ပါမောက္ခ ဒေါက်တာမြင့်သောင်း | အောင်မြင်ရေးအတွက် သော့ချက် ၂၁ ချက် | ၂၀၀၀ိ/- | ဇေယျာမိုးစာပေ |
| ၁၁ | ဦးဘုန်း(ဓာတု)မန္တလေး | နေ့စွဲ အတွေးရသစာစုများ | ၆၀၀၀ိ/- | လင်းလွန်းခင်စာပေ |
| ၁၂ | ဒဂုန်ရွှေမျှား | ကိုးပွင့်စာပေ | ၂၀၀၀ိ/- | ဆုပြည့်စုံထွန်းစာပေ |
| ၁၃ | ဒေါက်တာဦးသန်းထွန်း (ရွှေဘို) | စစ်မီးလျှံထဲက သတင်းစာ ဆရာ | ၁၀၀၀ိ/- | မိုးကျော်စာပေ |
| ၁၄ | အရှင်သူရိယ | အသိမဖြစ်-၂ | ၅၀၀ိ/- | မိတ်ဆွေများစာပေ |
| ၁၅ | စိန်လင်း (ခွဲစိတ်နှင့်ကင်ဆာပါရဂူ) | ကမ်းလက်အစုံအားပေးကူလှည့်ပါ | ၃၀၀၀ိ/- | စိန်လင်းစာပေ |
| ၁၆ | ဝင်းလှိုင်ဦး | စင်ကာပူအမျိုးသားခေါင်းဆောင်ကြီး လီကွမ်ယုရဲ့အစောပိုင်းနှစ်များ ဟယ်ရီအရွယ်ရောက်စ | ၁၈၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၁၇ | ဝေဖြိုးအောင် (AIT Computer) | ကွန်ပျူတာအခြေခံနှင့် Window 10+ CD | ၃၀၀၀ိ/- | Hey Day |
| ၁၈ | မင်းသန်းထွက် | Technical Analysis Candlestick(Stock & Forex) ဈေးကွက်များတွင်စတင်လုပ်ကိုင်လိုသူများအတွက် Technical indicator များ အသုံးပြုပုံ | ၃၀၀၀ိ/- | ခဝါလှေမွန် |
| ၁၉ | ဒေါက်တာသိန်းလွင် | လိုလိုလားလားပြောင်းကြရအောင်(သင့်အနာဂတ်ကို မျက်ဝါးထင်ထင်မြင်တွေ့စေနိုင်တဲ့အရေးပါတဲ့ခြေလှမ်းများ) | ၅၀၀၀ိ/- | ခဝါလှေမွန် |
| ၂၀ | ဝေလွင်မောင် | နှုတ်မှုရေးရာရှင်းလင်းတင်ပြခြင်းဆိုသည်မှာ | ၁၅၀၀ိ/- | စိတ်ကူးချိုချိုစာပေ |
| ၂၁ | မောင်ပုည | ကိုယ်တိုင်တွေ့ကိုယ်တိုင်ရေးဝတ်လစ်စလစ်ဂျပန် | ၅၀၀၀ိ/- | စိန်တိုက်စာပေ |
| ၂၂ | | ထင်ရှားကျော်ကြားသူတို့၏ အဆိုအမိန့်များ (အင်္ဂလိပ်-ဂျပန်-မြန်မာ) ၃ ဘာသာ | ၂၅၀၀ိ/- | မသိမ်းသိမ်းစာပေ |
| ၂၃ | | BURMA FOCUS VI,2016 (Challenges to Stability in Myanmar) | ၁၀၀၀ိ/- | ကွန်သာယာစာပေ |
| ၂၄ | ညီညီနိုင်-မြန်မာပြန် | လူမှုရေးစီးပွားရေးအောင်နိုင်ရေးညှို့စွမ်းအား | ၇၀၀၀ိ/- | မိဘမေတ္တာစာပေ |
| ၂၅ | ဝင်းဝင်းဏီ | ပန်းအပွင့်ကမ်းလင့်ကာကြိုနှင့်အက်ဆေးဝတ္ထုတိုများ | ၁၈၀၀ိ/- | GPG စာပေ |
| ၂၆ | ကြာဖြူနွယ် | ရင်ဝှက်ကြယ်နှင့် ခံစားမှုဝတ္ထုများ | ၂၀၀၀ိ/- | GPG စာပေ |
| ၂၇ | မောင်ညိုမှိုင်း(သန်လျင်) | ကိုတိုက်ကြီးနှင့် အဆိပ်ရှိသောမြွေများအပါအဝင် ဂမ္ဘီရဝတ္ထုတိုများ | ၁၈၀၀ိ/- | စိတ်ကူးသစ်စာပေ |
| ၂၈ | သောင်းဝေဦး | အရှေ့တောင်ပိုင်းက အမှတ်တရတိုက်ပွဲများ | ၃၀၀၀ိ/- | မြရတနာစာပေ |
| ၂၉ | မောင်ဇေယျာ | အာဇာနည်ခေါင်းဆောင်ကြီးများနှင့်အာဇာနည်နေ့ဖြစ်စဉ် | ၁၅၀၀ိ/- | thekeycollection |
| ၃၀ | မင်းသိခ် | စနေမောင်မောင် | ၃၅၀၀ိ/- | ဘုမ္မာဝတီစာပေ |
| ၃၁ | အဂ္ဂမဟာပဏ္ဍိတ အရှင်နန္ဒမာလာဘိဝံသ | ပါရာယနဒေသနာ | ၂၅၀၀ိ/- | အောင်ဇမ္ဗူ |
| ၃၂ | ကိုအောင်စိုး(ရန်ကုန် စီးပွားရေးတက္ကသိုလ်) | အမတ်မင်းဖတ်ဖို့ | ၃၀၀၀ိ/- | နှစ်ကာလများစာပေ |
| ၃၃ | ပန်းတနော်ခင်မောင်မြင့် | ယိုးဒယားဝိုက်မြိတ်ကျွန်းစုနှင့်မြန်မာ့ပုလဲ | ၃၀၀၀ိ/- | မျိုးဆက်သစ်စာပေ |
| ၃၄ | ပြည်ကျော်ကျော် | မူလတန်းအကြိုတက်မယ့် ကလေးများအတွက် ရေးမယ်ဖျက်မယ်လေ့ကျင့်မယ် Work Book ABC 2 | ၃၀၀၀ိ/- | KKH စာပေ |
| ၃၅ | မြနှင်းဆီ | ဆုံးဖြတ်ချက်ချနည်း | ၃၀၀၀ိ/- | တူဒေးစာအုပ်တိုက် |
| ၃၆ | ဝေလွင်မောင် | သိက္ခာအပြုံး | ၁၃၀၀ိ/- | မြဝတီစာပေ |
| ၃၇ | မင်းချစ်နိုင် | အဆိပ်နဲ့မှုဦးသတ်ခံနေရတဲ့မြန်မာပြည် | ၂၅၀၀ိ/- | ကောင်းကျော်စာပေ |
| ၃၈ | ပင်မြင့်စံ(ရွှေဘို) | ဘဝနှင့်တူတဲ့ချားရဟတ်နှင့် အခြားဝတ္ထုတိုများ | ၂၀၀၀ိ/- | GPGစာပေ |
| ၃၉ | ကလောင်စုံ | ပန်းချီလောက(ART CIRCLE) | ၂၅၀၀ိ/- | GPGစာပေ |
| ၄၀ | ကိုဆွေ(ပန်နိုရားမား) | ဆဋ္ဌမအာရုံရှင်ပီတာဟားကို့စ် | ၃၅၀၀ိ/- | ကိုဆွေ(ပန်နိုရားမား) |
| ၄၁ | ခိုင်အောင်ကျော် (နယူးယောက်) | အကြင်အရပ်ကဗျာများ | ၂၀၀၀ိ/- | ဦးခိုင်အောင်စာပေ |
| ၄၂ | မိုးကျော်သိန်း၊စိုင်းဝင်းမြင့် | ကဗျာဆိုင်ရာပို့အဲတာ | ၁၅၀၀ိ/- | ပါရမီစာပေ |
| ၄၃ | မျိုးမြတ်သူ၊ တက်စိုး | စိတ်ချမ်းသာပျော်ရွှင်သောနိုင်ငံတော် | ၁၅၀၀ိ/- | ပါရမီစာပေ |
| ၄၄ | ကာတွန်းဦးဖေသိန်း | ပုံပမာကာတွန်း | ၁၅၀၀ိ/- | ရုပ်ပြောင်စာပေ |
| ၄၅ | မိုယ်းဇော် | အသီးအပွင့်ကင်းသောနှစ်များ | ၁၅၀၀ိ/- | စိတ်ကူးချိုချို |

*စာမျက်နှာ ၁၂ ကော်လံ ၁ သို့*

# ဗြိတိန်ကို အီးယူနှင့် နီးကပ်စေဖို့အရေး တာဝန်မှအနားယူသွားသော ဒေးဗစ်ကင်မရွန်းက ဝန်ကြီးချုပ်သစ်မေအား တိုက်တွန်း

**လန်ဒန် ဇူလိုင် ၁၃**

တာဝန်မှအနားယူသွားသော ဝန်ကြီးချုပ် ဒေးဗစ်ကင်မရွန်းသည် ၎င်း၏နေရာကိုဆက်ခံသော ထရီဆာမေအား ဗြိတိန်အနေဖြင့် ဥရောပသမဂ္ဂနှင့် နီးကပ်စွာဆက်လက်ရှိနေရေးအတွက် ကြိုးစားရန် တိုက်တွန်းလိုက်သည်။

လွန်ခဲ့သောလက ဆန္ဒခံယူပွဲတွင် ဗြိတိန်အနေဖြင့် ၎င်း၏အသနားခံတောင်းပန်မှုကိုပယ်ချပြီး ဥရောပသမဂ္ဂမှထွက်ခွာရန် မဲပေးလိုက်ပြီးနောက် ဝန်ကြီးချုပ်ကင်မရွန်းအနေဖြင့် ၎င်း၏လက်ရှိရာထူးမှ အနားယူရမည်ဖြစ်သည်။ ထိုသို့ ဗြိတိန်အနေဖြင့် ဥရောပသမဂ္ဂမှ ထွက်ခွာရန်မဲပေးလိုက်သည့်အတွက် ဥရောပသမဂ္ဂ၏စည်းလုံးညီညွတ်ရေးကြိုးစားမှုကို ဆိုးရွားစွာထိခိုက်စေခဲ့သည့်အပြင် စီးပွားရေးဂယက်ရိုက်မှုများ ဥရောပသမဂ္ဂတစ်လွှား ဖြစ်ပွားခဲ့သည်။

"စေ့စပ်ညှိနှိုင်းရေးနယ်ပယ်မှာထူးချွန်တဲ့ ကျွန်တော့်နေရာဆက်ခံသူကို အကြံပေးချင်တာကတော့ လုံခြုံရေး၊ ပူးပေါင်းဆောင်ရွက်ရေးနဲ့ ကုန်သွယ်ရေးတွင် အကျိုးအမြတ်ရရှိစေရန်အတွက် ဥရောပသမဂ္ဂနှင့် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုလုပ်ဆောင်သင့်တယ်ဆိုတာပဲ ဖြစ်ပါတယ်"ဟု ဒေးဗစ်ကင်မရွန်းက ၎င်းတာဝန်မှအနားမယူမီ နောက်ဆုံးအနေဖြင့် ပြောကြားခဲ့သည်။

အသက် ၅၉ နှစ်ရှိပြီဖြစ်သော မေသည် ဗြိတိန်ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံရေးတို့တွင် ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် ဥရောပသမဂ္ဂ အဖွဲ့ဝင် ၂၇နိုင်ငံနှင့် ညှိနှိုင်းဆွေးနွေးမှုများပြုလုပ်ရမည်ဖြစ်သည်။ ထို့အပြင် မေသည် စည်းလုံးမှုပြိုကွဲနေသော ကွန်ဆာဗေးတစ်ပါတီကိုလည်း ပြန်လည်စုစည်းရမည်ဖြစ်သလို စည်းလုံးမှုအားနည်းနေသော နိုင်ငံအတွင်းရှိ နိုင်ငံရေး လူ့မလိုင်များကို ဒေါသထွက်နေသော ပြည်သူလူထု၏ဒေါသများကိုလည်း ချေးသိပ်ရမည်ဖြစ်သည်။

(ရိုက်တာ)



# ဘရာဇီးအိုလံပစ်အားကစားပွဲအတွက် လုံခြုံရေးအသုံးစရိတ်တိုးမြှင့်မည်

**ရီယိုဒီဂျနေရိုး ဇူလိုင် ၁၃**

လာမည့်သြဂုတ်လတွင် ရီယိုဒီဂျနေရိုး၌ကျင်းပမည့် အိုလံပစ် အားကစားပွဲ အကြိုကာလအတွင်း လုံခြုံရေးအင်အား ဖြည့်တင်းရန် ငွေကြေးထပ်မံသုံးစွဲမည် ဖြစ်ကြောင်း ဘရာဇီးနိုင်ငံ ဖက်ဒရယ် အစိုးရအဖွဲ့က ပြောကြားခဲ့သည်။

အားကစားရေးရာဝန်ကြီး လီယိုနာဒို ပီစီရာနီက လုံခြုံရေးလိုအပ်ချက်များ ပြည့်မီရေးအတွက် လက်နက်ကိုင်အင်အားစုများအား အမေရိကန်ဒေါ်လာ ၂၄ သန်း ထပ်မံပေးအပ်သွားမည်ဖြစ်သည်ဟု ပြောကြားခဲ့သည်။



အားကစားပြိုင်ပွဲကျင်းပမည့်နေရာများ၌ ဇူလိုင် ၂၄ ရက်မှစတင်ကာ ကင်းလှည့်မှုများ ပြုလုပ်သွားမည်ဟု သိရသည်။

ပြိုင်ပွဲကာလအတွင်း ရဲတပ်ဖွဲ့ဝင်နှင့် ကြည်းတပ်အင်အား ၈၀၀၀၀ ကျော်တို့ ရီယိုရှိလမ်းများပေါ်၌ ကင်းလှည့်မည်ဟု ဆိုသည်။ ရီယိုဒီဂျနေရိုး၌ မကြာသေးမီက ရဲတပ်ဖွဲ့အပါအဝင် ဘုတ်အဖွဲ့ဝင်များ၏ အသုံးစရိတ်ကို လျှော့ချခဲ့သည်။ ဘရာဇီးနိုင်ငံသည် ၂၅ နှစ်အတွင်း အဆိုးရွားဆုံးသော စီးပွားရေးကျဆင်းမှုနှင့် ကြုံတွေ့နေရသည်။

(ဘီဘီစီ)

# ၂၀၁၆ အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် ဟီလာရီကလင်တန်ကို ဘာနီဆန်းဒါးထောက်ခံ

**ဝါရှင်တန် ဂျူလိုင် ၁၃**

ဒီမိုကရက်တစ်သမ္မတလောင်း အမည် စာရင်းတင်သွင်းခံရရေး ယှဉ်ပြိုင်မှုတွင် ဟီလာရီကလင်တန်က အနိုင်ရပြီးနောက်တွင် ၎င်းကို ဘာနီဆန်းဒါးက ၂၀၁၆ အမေရိကန်သမ္မတရွေးကောက်ပွဲအတွက် ထောက်ခံကြောင်း ပြောခဲ့သည်။

"ဟီလာရီကလင်တန်ဟာ ဒီမိုကရက်တစ်သမ္မတလောင်းဖြစ်သွားပါပြီ"ဟု ဆန်းဒါးက ပြောခဲ့သည်။ အခုဆိုရင် ကလင်တန်ဟာ ဒီမိုကရက်တစ်သမ္မတလောင်း ဖြစ်သွားပါပြီ။ သူအမေရိကန်သမ္မတဖြစ်လာဖို့ ကျွန်တော်ကူညီပေးဖို့အသင့်ပါပဲ" ဟုလည်း ပြောခဲ့သည်။ ကလင်တန်ကို ဒီမိုကရက်တစ် သမ္မတလောင်းအဖြစ် အတည်ပြုပြီး တစ်လအကြာ၌ ဆန်းဒါး၏ထောက်ခံမှု ထွက်ပေါ်လာခြင်းဖြစ်သည်။

အင်္ဂါနေ့က ဆန်းဒါးသည် ဟီလာရီကလင်တန်နှင့်အတူ စင်ပေါ်၌ရပ်ရင်း ကလင်တန်ကို သမ္မတလောင်းယှဉ်ပြိုင်သူတွေထဲမှ အကောင်းဆုံးနှင့် အထက်မြတ်ဆုံးလူဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့စဉ်က အခက်အခဲများ ကိုင်တွယ်ဖြေရှင်းပုံကို ရည်ရွယ်၍ ထောက်ခံပြောကြားခဲ့သည်။

"ကမ္ဘာ့သမိုင်းမှာ အမေရိကန်ဟာချမ်းသာတဲ့တိုင်းပြည်ဖြစ်ပေမယ့် ဆင်းရဲ မှုတွေ၊ မျှော်လင့်ချက်လမ်းစပျောက်နေတဲ့သူတွေလည်းရှိပါတယ်။ ကလင်တန်ဟာ ဒေါ်နယ်ထရန့်ထက် ပိုပြီးနားလည်မှုရှိပါတယ်"ဟု ဆန်းဒါးကပြောခဲ့သည်။

(ဆင်ဟွာ)

# အီတလီတောင်ပိုင်းတွင် ရထားခေါင်းချင်းဆိုင်တိုက် သေဆုံးသူ ၂၇ ဦးထိမြင့်တက်

**အီတလီ ဇူလိုင် ၁၃**

အီတလီတောင်ပိုင်း ကိုရာတိုနှင့် အန်ဒရီယာမြို့ နှစ်မြို့ကြားရှိ ရထားလမ်းပိုင်းတွင် အင်္ဂါနေ့က ခရီးသည်တင်ရထားနှစ်စင်း ခေါင်းချင်းဆိုင် အပြင်းအထန်တိုက်မိခြင်းကြောင့် ခရီးသည် ၁၂ ဦးဒဏ်ရာရရှိပြီး သေဆုံးသူ ၂၇ ဦး ထိရှိလာပြီဖြစ်ကြောင်း ဒေသဆိုင်ရာအာဏာပိုင်က ပြောကြားခဲ့သည်။

တိုက်မိသည့် အရှိန်ကြောင့် ခရီးသည်တင်တွဲများ ကျိုးပဲ့ကြေမွသွားပြီး အပျက်အစီးအပိုင်းအစများသည် ရထားလမ်းတစ်ဖက်တစ်ချက်ရှိ သစ်တောများသို့ ပျံ့နှံ့လွင့်စဉ်သွားရာ အစောပိုင်း သတင်းဖော်ပြချက်များအရ သေဆုံးသူ လူ ၂၀ ကျော်ရှိခဲ့ကြောင်းသိရပြီး နောက်ဆုံး သတင်းများအရ သေဆုံးသူအရေအတွက်မှာ ၂၇ ဦးထိရှိလာပြီဖြစ်ကြောင်း သက်ဆိုင် ရာအာဏာပိုင်တစ်ဦးဖြစ်သူ ဂူစပိကာရာတိုက ပြောသည်။

ရထားတိုက်မှုသည် နံနက် ၁၁ နာရီက ဖြစ်ပွားခဲ့ပြီးနောက် အာဏာပိုင်များက အခင်းဖြစ်ပွားရာနေရာမှ ဒဏ်ရာရရှိသူများကို လိုအပ်သောကျန်းမာရေးစောင့်ရှောက်မှုများခံယူရန် ဆေးရုံသို့ပို့ဆောင်ခဲ့သည်။

ခရီးသည်တင်မီးရထားနှစ်စင်း အဘယ်ကြောင့်ခေါင်း ချင်းဆိုင်တိုက်မိသလဲ ဆိုသည်ကို မသိရသေးသော်လည်း ပို့ဆောင်ရေးဝန်ကြီးဌာနက မီးရထားတိုက်မိသည့်ကိစ္စရပ်ကို စုံစမ်းစစ်ဆေးမှုများပြုလုပ်ရန် တာဝန်ရှိသူနှစ်ဦးကို အခင်းဖြစ်ပွားရာဒေသသို့ စေလွှတ်ခဲ့ကြောင်း ဆိုသည်။

ဘာကြောင့် ရထားတိုက်မိရသလဲဆိုသည်ကို မသိမချင်း ဤကိစ္စကို မရပ်တန့်လိုကြောင်း ဝန်ကြီးချုပ် မက်တီရိုရန်ဇီက သတင်းထောက်များကိုပြောသည်။ ရထားတိုက်မိပုံမှာ လေယာဉ်ပျံပျက်ကျသည့်အတိုင်းပင်ဖြစ်ကြောင်း မြို့တော်ဝန် ကော်ရာတိုကပြောသည်။

(ရိုက်တာ)

# လူမျိုးရေးခွဲခြားမှုမရှိဘဲ စိတ်သဘောထားပွင့်လင်းရန် အမေရိကန်နိုင်ငံသားများအား သမ္မတအိုဘားမားတိုက်တွန်း

**တက္ကဆက် ဇူလိုင် ၁၃**

အမေရိကန်သမ္မတ ဘားရက်အိုဘားမားသည် ဆန္ဒကျင်ဆန္ဒပြသူများ၊ ရဲများနှင့် ပြည်သူလူထုကို စိတ်သဘောထားပွင့်လင်းရန် လူမျိုးရေးခွဲခြားမှုနှင့်ပတ်သက်၍ အာဃာတတရားများစွန့်လွှတ်ရန် အင်္ဂါနေ့က တောင်းဆိုခဲ့သည်။

တက္ကဆက်ပြည်နယ် ဒါးလက်စ်မြို့၌ အင်္ဂါနေ့ကပြုလုပ်သည့် ရဲအရာရှိငါးဦးအတွက် အောက်မေ့ဖွယ်အခမ်းအနားတွင် အိုဘားမားက မြို့အတွင်း၌လက်နက်များပေါများမှု၊ ရဲများနှင့်ပြည်သူများကြား နားလည်မှုလွဲမှားခြင်းတို့အတွက် များစွာစိတ်မကောင်းဖြစ်မိကြောင်း ပြောခဲ့သည်။

စနိုက်ပါသေနတ်သမား မီခါဂျွန်ဆန်သည် ရဲများက လူမည်းနှစ်ဦးအား ပစ်သတ်ခဲ့သည့်အတွက် မကျေမနပ်ဖြစ်ကာ ရဲအရာရှိငါးဦးကို ချောင်းမြောင်းပစ်ခတ်ခဲ့သည်။ ရဲများနှင့် ပြည်သူလူထုကို အမြစ်စွဲနေသောအသားအရောင်ခွဲခြားမှု၊ လူမျိုးရေးခွဲခြားမှုတို့ကို ရင်ဆိုင်ရန်နှင့် အသိအမှတ်ပြုလက်ခံရန်တိုက်တွန်းခဲ့သည်။ ဤကဲ့သို့ကိစ္စရပ်များသည် ဒီမိုကရေစီစနစ်ကိုထိခိုက်နိုင်ကြောင်း အိုဘားမားက ပြောခဲ့သည်။

ချောင်းမြောင်းတိုက်ခိုက်ခံရမှုအတွင်း ရဲအရာရှိခုနစ်ဦးနှင့် အရပ်သားနှစ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ ၂၀၀၁ ခုနှစ်စက်တင်ဘာ ၁၁ ရက်က တိုက်ခိုက်ခံရမှုအပြီး အမေရိကန်၏တရားဥပဒေစိုးမိုးမှုအတွင်း အမှောင်လွှမ်းသောနေ့အဖြစ် သတ်မှတ်ကြသည်။

(ဆင်ဟွာ)

# ပါကစ္စတန်တွင် ကျောင်းတိုက်ခိုက်မှုအား ကြိုးကိုင်ခဲ့သူ အမေရိကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှုကြောင့်သေဆုံး

**ပက်ရှ်ဝါ ဇူလိုင် ၁၃**

ကလေးအများစုအပါအဝင် လူ ၁၅၀ ကျော်သေဆုံးခဲ့ရသော ၂၀၁၄ ခုနှစ်က ပါကစ္စတန်နိုင်ငံတွင် ဖြစ်ပွားခဲ့သည့် စာသင်ကျောင်းတစ်ခုကို တိုက်ခိုက်မှုအား ကြိုးကိုင်စီစဉ်သူအဖြစ် စွပ်စွဲခြင်းခံထားရသူမှာ အာဖဂန်နစ္စတန်နိုင်ငံအတွင်း အမေရိကန် မောင်းသူမဲ့လေယာဉ်၏ တိုက်ခိုက်မှုတစ်ခုတွင် သေဆုံးသွားခဲ့ကြောင်း ပါကစ္စတန်စစ်ဘက်နှင့် တာလီဘန်တို့ဘက်မှ သတင်းရင်းမြစ်များက ပြောသည်။



ခါလီဖာအူမာမန်ဆော သို့မဟုတ် ခါလစ်ခူရာဆာနီဟူ၍ လူသိများသူ အူမာနာရိုင်း သေဆုံးသွားပြီဖြစ်ကြောင်း ပါကစ္စတန်ကြည်းတပ်သတင်းပြန်ကြားရေး ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် အဆင်မ်ဘတ်ဂျ်ဝါက လူမှုကွန်ရက်မှတစ်ဆင့် သတင်းပေးသည်။

အာဖဂန်နစ္စတန်အရှေ့ပိုင်းပြည်နယ် နန်ဂါဟာတွင် တနင်္ဂနွေနေ့က ဆင်နွှဲခဲ့သည့် အကြမ်းဖက်မှုတန်ပြန်တိုက်ဖျက်ရေး စစ်ဆင်မှုနှင့် ပတ်သက်၍ အမေရိကန်စစ်ဘက်က အတည်ပြုခဲ့သော်လည်း အသေးစိတ်ထုတ်ဖော်ပြောကြားခြင်း မရှိပေ။

(ရိုက်တာ)

# နေရပ်ပြန်လာသည့် အလုပ်သမားများ ထိုင်းနိုင်ငံ၌ ပြန်လည်အလုပ်လုပ်လိုသူများကို အလုပ်ခေါ်စာအသစ်များနှင့် ပြန်လည်သွားရောက်လုပ်ကိုင်နိုင်ရေး စီစဉ်ပေးမည်ဖြစ်

**မေး၊ ရေး၊ ဓာတ်ပုံ-သတင်းအဖွဲ့**

**ထိုင်းနိုင်ငံ ရချပူရီခရိုင် Siam Rachaburi Industry Co., Ltd ဂျယ်လီ စက်ရုံတွင် အလုပ်လုပ်ကိုင်နေသည့် မြန်မာအလုပ်သမားများ နေရပ်ပြန်လာသည့် ကိစ္စရပ်နှင့် ပတ်သက်ပြီး ထိုင်းနိုင်ငံတွင်ရှိသည့် မြန်မာအလုပ်သမားသံအရာရှိ၏ ဆက်လက်ဆောင်ရွက်ပေးနေမှုများကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်နွေဦးနှင့် တွေ့ဆုံမေးမြန်းထားသည်။**

**မေး။ ။ Siam Rachaburi Industry Co., Ltd ဂျယ်လီစက်ရုံမှာ အလုပ်လုပ်ကိုင်နေတဲ့ မြန်မာအလုပ်သမားတွေ နေရပ်ပြန်လာတဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာအလုပ်သမားသံအရာရှိရဲ့ ဆောင်ရွက်ပေးမှုအခြေအနေကို ပြောပြပေးပါဦး။**

ဖြေ။ ။ Siam Rachaburi Industry Co., Ltd က တစ်ဆင့် K. Chanroen Inter Co., Ltd မှာ အလုပ်လုပ်နေတဲ့ မြန်မာအလုပ်သမား ၁၇၆ ဦး ရှိပါတယ်။ အဲဒီထဲက အလုပ်သမား ၁၆ ဦးက စုဝေးတောင်းဆိုမှုမှာ ပါဝင်ခြင်း မရှိဘဲ ဆက်လက်အလုပ်လုပ်ကိုင်လျက်ရှိပါတယ်။ အလုပ်သမား ၁၆၀ က အခန်းခ၊ ရေခ၊ မီးခ ဖြတ်တောက်ခံရလို့ ကျေနပ်မှုမရှိတဲ့အတွက် အလုပ်ဝင်ရောက်လုပ်ကိုင်မှုမရှိဘဲ ဇူလိုင် ၆ ရက်မှ ဇူလိုင် ၉ ရက်အထိ သုံးရက်ကြာ စုဝေးတောင်းဆိုခဲ့ရာမှာ အလုပ်သမားသံအရာရှိက ထိုင်းနိုင်ငံရဲ့ ဥပဒေနဲ့အညီ အလုပ်သမားတွေ ဆုံးရှုံးနစ်နာမှု အနည်းဆုံးဖြစ်အောင် အလုပ်ရှင်နဲ့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပါတယ်။

အဲဒီလို ညှိနှိုင်းဆောင်ရွက်ပေးရာမှာ အလုပ်ရှင်က အလုပ်သမားတွေရဲ့ တောင်းဆိုချက်အားလုံးနီးပါး လိုက်လျောပေးခဲ့ပါတယ်။ ဦးဆောင်လူစုဝေးသူ အလုပ်သမား ရှစ်ဦးကလွဲပြီး ကျန်အလုပ်သမားတွေကို လုပ်ငန်းခွင်ပြန်လည်ဝင်ရောက်ဖို့ လက်ခံပေးခဲ့ပေမယ့် အလုပ်သမားတွေက ဦးဆောင်သူ ရှစ်ဦးကို အလုပ်ပြန်လည်ခန့်အပ်ချင်လို့ ဆိုပြီး အလုပ်ခွင်ကို ပြန်လည်မဝင်ရောက်ဘဲ စုဝေးခဲ့ကြတာ ဖြစ်ပါတယ်။

အဲဒီလို ဖြစ်ပွားခဲ့တဲ့နေရာကို ထိုင်းတပ်မတော်၊ ရချပူရီခရိုင်တာဝန်ခံ၊ ခရိုင်ရဲမှူး၊ လူဝင်မှုကြီးကြပ်ရေးဌာနနဲ့ အလုပ်အကိုင်ဌာနတို့က တာဝန်ရှိသူတွေ ရောက်ရှိလာပြီး အလုပ်သမားတွေ စုဝေးနေတာကို အလုပ်သမား သံအရာရှိ၊ အလုပ်ရှင်နဲ့ အဲဒီကုမ္ပဏီရဲ့ တာဝန်ရှိသူတွေနဲ့ ဆွေးနွေးညှိနှိုင်းပေးခဲ့ပါတယ်။

**မေး ။ ။ ထိုင်းနိုင်ငံမှာရှိတဲ့ မြန်မာအလုပ်သမား သံအရာရှိက မြန်မာအလုပ်သမားတွေကို အတင်းအကျပ် ပြန်လည်ပို့ဆောင်ခဲ့တယ်လို့ လူမှုကွန်ရက်သတင်းတွေ ဖြစ်ပေါ်တာနဲ့ ပတ်သက်ပြီး ရှင်းပြပေးပါ။**

ဖြေ။ ။ အလုပ်သမားတွေအနေနဲ့ လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်ဖို့နဲ့ နေရပ်ကိုပြန်ဖို့ တစ်ခုခုကိုရွေးချယ်ဖို့ လိုအပ်ပါတယ်။ အလုပ်သမားတွေအနေနဲ့ တောင်းဆိုခဲ့တဲ့ အချက်တွေကိုလည်း အလုပ်ရှင်က ဆောင်ရွက်ပေးမယ်လို့ ကတိပြုထားပါတယ်။ အဲဒါကြောင့် အလုပ်သမားတွေအနေနဲ့ မိမိတို့ရဲ့ အကျိုးကို စဉ်းစားဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ အလုပ်သမားတွေ လုပ်ငန်းခွင်ဝင်ရောက်ခြင်းမရှိဘဲ စုဝေးတောင်းဆိုတာ သုံးရက်လောက်ကြာမြင့်ခဲ့ပါတယ်။ အဲဒီနယ်မြေဟာ မည်သူ့ကိုမျှ ငါးဦးနှင့်အထက် စုဝေးခွင့်၊ ဆန္ဒပြခွင့်မပြုဘဲ



ဒေါ်ခင်နွေဦး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
အလုပ်သမားညွှန်ကြားရေးဦးစီးဌာန

ကန့်သတ်ထားတဲ့ နယ်မြေဖြစ်တဲ့အတွက် အခုလို စုဝေးနေမယ်ဆိုရင် ထိုင်းနိုင်ငံဥပဒေ ပုဒ်မ ၄၄ အရ အရေးယူမှုခံရမှာဖြစ်ကြောင်းနဲ့ ထိုင်းနိုင်ငံရဲ့ပုဒ်မ ၄၄ ဟာ ငါးဦးနဲ့အထက် စုဝေးရင် အနည်းဆုံး ထောင်ဒဏ်တစ်နှစ်ကျခံရမှာ ဖြစ်ကြောင်း၊ မိမိတို့အနေနဲ့ ထိုင်းနိုင်ငံရဲ့ဥပဒေကို ကျော်လွန်ဆောင်ရွက်ပေးလို့မရကြောင်း အလုပ်သမားသံအရာရှိက ရှင်းလင်းပြောကြားခဲ့တယ်လို့ သိရပါတယ်။

ဒါကြောင့် အလုပ်သမားသံအရာရှိအနေနဲ့ ဖြစ်ပေါ်နေတဲ့ အခြေအနေကို ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီးဆီ တင်ပြပြီး ထိုင်းနိုင်ငံဥပဒေအရ ဖမ်းဆီးခံရမယ့် အခြေအနေကို ရှောင်လွှဲနိုင်ဖို့ အလုပ်သမားတွေအတွက် အကောင်းဆုံးနည်းလမ်းကို ချင့်ချိန်ဆောင်ရွက်ပေးခဲ့ခြင်းသာ ဖြစ်ပါတယ်။

**မေး။ ။ နေရပ်ပြန်လာတဲ့ မြန်မာအလုပ်သမားတွေရဲ့အခြေအနေကို သိရှိလိုပါတယ်။**

ဖြေ။ ။ လုပ်ငန်းခွင် ဝင်ရောက်ခြင်းမရှိဘဲ စုဝေးခဲ့တဲ့ အလုပ်သမား ၁၆၀ အနက် ၃၈ ဦးဟာ မူလလုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်ခဲ့ကြပါတယ်။

ပန်းရောင်ကတ်ကိုင်ဆောင်ထားတဲ့ အလုပ်သမား ၄၀ ဟာ ထိုင်းအေဂျင်စီ RKT 46 ရဲ့ အစီအစဉ်နဲ့ ဘန်ခဲမြို့အနီးအုန်းနွဲ့အုန်းယိုင်ဒေသကို ထွက်ခွာသွားခဲ့ပါတယ်။ အဲဒီအထဲမှာ အလုပ်ရှင်က အလုပ်ပြန်ခန့်ဖို့ ငြင်းပယ်ခဲ့တဲ့ အလုပ်သမားခေါင်းဆောင်အချို့လည်း ပါသွားပါတယ်။

မြန်မာနိုင်ငံကို ပြန်လာတဲ့ အလုပ်သမား ၈၂ ဦးအနက် ဇူလိုင် ၁၁ ရက်မှာ အေဂျင်စီတွေက စေလွှတ်ထားတဲ့ အလုပ်သမား ၁၂ ဦးနဲ့ ပန်းရောင်ကတ်ကိုင်ဆောင်ထားတဲ့ အလုပ်သမား ၁၀ ဦးတို့ဟာ Siam Rachaburi Industry Co., Ltd မှာ ပြန်လည်အလုပ်လုပ်ကိုင်ဖို့အတွက် ဗန်ကောက်မြို့ကို ပြန်လည်ထွက်ခွာသွားခဲ့ပြီး အလုပ်သမား ၆၀ သာ မြဝတီမြို့ကို ပြန်လည်ရောက်ရှိလာခဲ့ပါတယ်။

အလုပ်သမားပို့ဆောင်တဲ့ အေဂျင်စီတွေအနေနဲ့ အလုပ်ခွင်မှာ အလုပ်သမားတွေ အဆင်ပြေမှုရှိ မရှိကို ဆက်သွယ်စုံစမ်းမေးမြန်းပြီး အလုပ်ရှင်နဲ့ လိုအပ်တာတွေကို ညှိနှိုင်းဆောင်ရွက်ပေးရမှာဖြစ်ပါတယ်။

မြန်မာနိုင်ငံကို ပြန်လာတဲ့ အလုပ်သမား ၆၀ မှာ မကွေးက ၂၅ ဦး၊ ပဲခူးက ၁၄ ဦး၊ မန္တလေးက လေးဦး၊ စစ်ကိုင်းက တစ်ဦး၊ နေပြည်တော်က တစ်ဦး၊ ကယားက နှစ်ဦးနဲ့ ရခိုင်က ၁၃ ဦးတို့ဖြစ်ပါတယ်။ သူတို့ရဲ့ နေရပ်အသီးသီးကို ပို့ဆောင်ပေးဖို့ ထူးသစ်ဇေကုမ္ပဏီ၊ ပြည့်စုံသောစီမံဆောင်ရွက်မှုကုမ္ပဏီ၊ ဇွဲသုခကုမ္ပဏီ၊ ရွှေရည်ဖြိုးအောင် ကုမ္ပဏီတွေက စီစဉ်ပေးလျက် ရှိပါတယ်။

**မေး။ ။ နေရပ်ပြန်လာတဲ့ အလုပ်သမားတွေနဲ့ ပတ်သက်ပြီး ဝန်ကြီးဌာနက ဆောင်ရွက်ပေးမယ့် အခြေအနေတွေကို သိရှိလိုပါတယ်။**

ဖြေ။ ။ နေရပ်ပြန်လာတဲ့ အလုပ်သမားတွေထဲက ထိုင်းနိုင်ငံမှာ ပြန်လည်အလုပ်လုပ်လိုတဲ့ အလုပ်သမားတွေကို အလုပ်ခေါ်စာအသစ်တွေနဲ့ ပြန်လည်သွားရောက်လုပ်ကိုင်နိုင်ရေး စီစဉ်ပေးမှာဖြစ်ပါတယ်။ ပြည်တွင်းမှာ အလုပ်ဝင်ရောက်လုပ်ကိုင်လိုတဲ့ အလုပ်သမားတွေကိုလည်း သူတို့ကျွမ်းကျင်တဲ့ လုပ်ငန်းတွေအလိုက် ဝင်ရောက်လုပ်ကိုင်နိုင်ဖို့ သက်ဆိုင်ရာအလုပ်အကိုင်နဲ့ အလုပ်သမားရှာဖွေရေးရုံးတွေကတစ်ဆင့် စီစဉ်ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ပြည်ပကို သွားရောက်အလုပ်လုပ်ကိုင်နေတဲ့ မြန်မာအလုပ်သမားတွေအတွက် အသိပေးလိုတဲ့အချက်ရှိရင် ပြောပေးစေလိုပါတယ်။**

ဖြေ။ ။ မြန်မာအလုပ်သမားတွေအနေနဲ့ နှစ်နိုင်ငံလက်မှတ်ရေးထိုးထားတဲ့ နားလည်မှု စာချွန်လွှာ MoU အရ ထိုင်းနိုင်ငံကို သွားရောက်အလုပ်လုပ်ရာမှာ သက်ဆိုင်ရာ နိုင်ငံရဲ့ဥပဒေ၊ စည်းမျဉ်းစည်းကမ်း၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံတွေကို လေးစားလိုက်နာနေထိုင်ဖို့ လိုအပ်ပါတယ်။ လုပ်ငန်းခွင်မှာလည်း လုပ်ငန်းခွင် စည်းကမ်းတွေနဲ့အညီ နေထိုင်ဖို့၊ မလိုလားအပ်တဲ့ ဆူပူမှုတွေ မပြုလုပ်ဖို့ လိုပါတယ်။

အလုပ်သမားတွေအနေနဲ့ မကျေနပ်ချက်တွေကို သက်ဆိုင်ရာ သံရုံးအလုပ်သမားသံအရာရှိနဲ့ မြန်မာနိုင်ငံမှာရှိတဲ့ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနကို ဆက်သွယ်အကြောင်းကြားဖို့ လိုအပ်ပါတယ်။ မိမိတို့ အခွင့်အရေးတွေ အပြည့်အဝရရှိဖို့အတွက် အလုပ်သမားသံအရာရှိတွေရဲ့ အကြံပြုချက်တွေ၊ ညှိနှိုင်းနေမှုတွေကိုလည်း အလေးထားလိုက်နာပူးပေါင်းဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်။ အလုပ်သမား သံအရာရှိအနေနဲ့ အလုပ်သမားရေးရာ ပြဿနာရပ်တွေကို ဖြေရှင်းဆောင်ရွက်နေသလို ထိုင်းနိုင်ငံမှာရှိတဲ့ အလုပ်သမားအရေး ဆောင်ရွက်ပေးနေတဲ့ မြန်မာလူမှုအဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်ပေးနေပါတယ်။ လုပ်ငန်းခွင် ငြိမ်းချမ်းသာယာရေး၊ မိမိ လုပ်ကိုင်နေတဲ့ လုပ်ငန်းရဲ့ကုန်ထုတ်လုပ်မှု တိုးတက်ရေးအတွက်စဉ်းစားပြီး win-win situation အခြေအနေမှာ နှစ်ဦးနှစ်ဖက်အကျိုးများမယ့် နည်းလမ်းနဲ့ အလုပ်လုပ်ကိုင်ဆောင်ရွက်သွားဖို့ အကြံပြုတိုက်တွန်းလိုပါတယ်။



## တရုတ်နိုင်ငံရွှေလီမြို့၌ ဖမ်းဆီးခံရသော မြန်မာနိုင်ငံသား ၂၃ ဦး ပြန်လည်ရောက်ရှိ

**မူဆယ် ဇူလိုင် ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း မူဆယ်နယ်စပ်၌ တရုတ်နိုင်ငံ ရွှေလီမြို့တွင် ဖမ်းဆီးခံခဲ့ရသော မြန်မာနိုင်ငံသား မောင်ထွန်းသိန်းစိုးပါ အမျိုးသား ၁၇ ဦး အမျိုးသမီးခြောက်ဦး စုစုပေါင်း ၂၃ ဦးအား ဇူလိုင် ၁၂ ရက်နေ့ ညနေ ၆ နာရီခွဲက ရွှေလီနယ်စပ်ကာကွယ်စုံစမ်းစစ်ဆေးရေးဌာနအရာရှိက လဝကဌာန(၇)(မဆ) ရုံးအဖွဲ့ လဝကမှူး ဦးဇော်လင်းထံသို့ စနစ်တကျ လွှဲပြောင်းပေးခဲ့ရာ စိစစ်လက်ခံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ဒုဦးစီးမှူး ဦးမျိုးနိုင်နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုရဲမှူးစိုင်းဘိုဘိုဟန်၊ ခရိုင်ရဲတပ်ဖွဲ့မှူးရုံး ရဲအုပ်ခင်မောင်မြင့်၊ သတင်းရဲတပ်ဖွဲ့၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန၊ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ တာဝန်ရှိသူများပါဝင်သောအဖွဲ့က ည ၇ နာရီခွဲတွင် လွှဲပြောင်းလက်ခံမှု ပြီးစီးခဲ့ပြီး ပူးပေါင်းအဖွဲ့မှ တရုတ်နိုင်ငံသို့ ထပ်မံသွားရောက်မည်ဆိုပါက မူးယစ်ဆေးဝါးသုံးစွဲခြင်း မပြုရန်နှင့် တရုတ်နိုင်ငံတွင် အလုပ်လုပ်လိုလျှင် တရုတ်နိုင်ငံဥပဒေအရ သတ်မှတ်ထားသော အလုပ်လုပ်ကိုင်ခွင့်လက်မှတ်၊ နေထိုင်ခွင့်လက်မှတ်၊ ကျန်းမာရေးစစ်ဆေးမှုပြီးစီးကြောင်း လက်မှတ်များဆောင်ရွက်ရန်လိုအပ်ကြောင်း ပညာပေးဟောပြောခဲ့ ပြီး မြန်မာနိုင်ငံသား မောင်ထွန်းသိန်းစိုးပါ ၂၃ ဦးတို့သည် ၎င်းတို့၏ အစီအစဉ်ဖြင့် မိမိနေရပ်အသီးသီးသို့ ပြန်လည်ထွက်ခွာသွားကြောင်း သိရသည်။

ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများမှာ တရုတ်နိုင်ငံ ရွှေလီမြို့ နိုင်ငံခြားသားများ အကူအညီပေးရေးနှင့် အုပ်ချုပ်ရေးစင်တာမှ ထုတ်ပေးသော အလုပ်လုပ်ကိုင်ခွင့်လက်မှတ်များ မပါရှိသဖြင့် တရုတ်နိုင်ငံဥပဒေအရ ရွှေလီမြို့ စီကိုင်အကျဉ်းထောင်တွင် ဖမ်းဆီးချုပ်နှောင်ခြင်း ခံရသူများဖြစ်ကြောင်း စိစစ်တွေ့ရှိရပြီး ဖမ်းဆီးချုပ်နှောင်ခြင်းခံနေရသော မြန်မာနိုင်ငံသားများ ကျန်ရှိနေသေးသဖြင့် လဝကဌာန (၇) မှ တရုတ်နိုင်ငံ ရွှေလီရဲဌာနနှင့် ညှိနှိုင်းပူးပေါင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန့်စင်(မူဆယ်)**

## လျှပ်စစ်ဓာတ်အားပြတ်တောက်မည်ဖြစ်ကြောင်း အများပြည်သူသို့ အသိပေး

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံအရှေ့မြို့နယ်၏ 66kV ဒဂုံအရှေ့နှင့်ဓာတ်အားခွဲရုံတွင် Current Transformer လဲလှယ်ခြင်းလုပ်ငန်းအား ဇူလိုင် ၁၄ ရက် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းဆောင်ရွက်သွားပါမည်။

အဆိုပါလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း ဒဂုံအရှေ့မြို့နယ်၏ အမှတ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၁၀)၊ (၁၁)၊ (၁၂) ရပ်ကွက် များ တစ်ခြမ်းစီနှင့်အမှတ်(၁-တိုးချဲ့) (၇)၊ (၈)၊ (၉)၊ (၅၂) ရပ်ကွက်များ၊ စိုက်ပျိုးရေးအထူးဇုန်၊ ဘီပိုးကာကွယ်ရေးဆေးဝါးစက်ရုံ၊ လှည်းကူးမြို့နယ်အတွင်းရှိ ကျေးရွာအချို့ ယာယီဓာတ်အားပြတ်တောက်မှုများရှိမည်ဖြစ်ပါကြောင်း ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းက အများပြည်သူသို့ အသိပေးပန်ကြားထားကြောင်းသိရသည်။

**(မြန်မာ့အလင်း)**

စာမျက်နှာ ၉ မှ

| | | | | |
|---|---|---|---|---|
| ၄၆ | ပါမောက္ခဒေါက်တာမြင့်ဇံ | ဆော့ခရတ္တိရဲ့လူလုပ်ပြဌာန်းဥပဒေလိုက်နာရေးနှင့် တမလွန်အယူအဆများ | ၃၅၀၀/- | |
| ၄၇ | ပေါ်သစ် | အလှရှာပုံတော်(၂) | ၃၅၀၀/- | စိတ်ကူးချိုချို |
| ၄၈ | Sara Gillbert | The Story of Google | ၁၀၀၀/- | ပန်းဆက်လမ်း |
| ၄၉ | ကိုရွှေး | ရန်ကုန်ကိုအလစ်မပေးနဲ့ ဒေလီယာ ကဗျာများ | ၁၃၀၀/- | စိတ်ကူးချိုချို |
| ၅၀ | ကလောင်စုံ | ပန်းချီလောကအမှတ်(၁) | ၂၅၀၀/- | GPGစာပေ |
| ၅၁ | လွန်းထားထား | မော့ကြည့်တောကြယ် | ၂၂၀၀/- | တံခွန်တိုင်စာပေ |
| ၅၂ | အရှင်ဝါယာမိန္ဒာလင်္ကာရ | လုပသော ဘဝတစ်ခုကို ထုဆစ်ခြင်း | ၁၇၀၀/- | |
| ၅၃ | သန်းဝင်းလှိုင် | နိုင်ငံတော်အတိုင်ပင်ခံ ဒေါ်အောင်ဆန်းစုကြည်နှင့် မြန်မာ့နိုင်ငံရေးအပြောင်းအလဲ | ၃၀၀၀/- | ခုနစ်စင်ကြယ် |
| ၅၄ | ကလောင်စုံ | အနုပညာလောက(၂) | ၂၅၀၀/- | ရန်အောင်စာပေ |
| ၅၅ | ကြည်ဇော်အေး | ဖန်ပြွန်သန္ဓေသားကဗျာများ | ၁၀၀၀/- | စိတ်ကူးချိုချို |
| ၅၆ | ဝင်းဝင်းလက် | အောက်မေ့ဖွယ်သူ | ၂၅၀၀/- | |
| ၅၇ | ရွှေပြည်ရမ္မာ | ဗုဒ္ဓဝင်အကြောင်းသိကောင်းစရာ | ၁၀၀၀/- | ရန်အောင်စာပေ |
| ၅၈ | ကျော်ဇင်ဟိန်း | ကွန်ကရိ၏အခြေခံသဘော | ၃၀၀၀/- | ခုနစ်စင်ကြယ် |
| ၅၉ | နီနီနိုင်(သထုံ) | လောဘပင်လယ်ကသောကလှေငယ်လေးများ | ၁၀၀၀/- | မှူဝံစာပေ |
| ၆၀ | အောင်နိုင်သူ | လုပ်ငန်းခွင် Business Dialogues for Advance Leanes | ၁၅၀၀/- | မဇ္ဈိမ |
| ၆၁ | ဦးဇနိတာလင်္ကာရ | ပဋ္ဌိစ္စသမုပ္ပါဒ် စက်ဝိုင်းဒေသနာ အမေးနှင့် အဖြေ | ၁၀၀၀/- | နေရီရီ |
| ၆၂ | ဇော်ဂျီ၊ မင်းသုဝဏ် | ခရီးသည် | ၃၀၀၀/- | စိတ်ကူးချိုချို |
| ၆၃ | ကိုကိုလေး | ဘနာဒီယာဘူတို(ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိ) | ၅၀၀၀/- | ယဉ်မျိုး |
| ၆၄ | သူလှိုင်၊ဝင်းကိုကို | ရွက်ကြွေလမ်းကပန်းရိုက်သံ | ၁၅၀၀/- | အနာဂတ်ကာလ |
| ၆၅ | ဆရာဦးတင်ထွန်း | လိုတရ အင်္ဂလိပ်စကားပြောနည်း | ၃၅၀၀/- | အာရုံသစ် |
| ၆၆ | မောင်သာနိုး | မိုးတစိမ့်စိမ့် | ၄၅၀၀/- | ကွမ်းခြံလမ်း |
| ၆၇ | ကိုနေ(မန်း) | စေ့စပ်ညှိနှိုင်းဆွေးနွေးအဖြေရှာရေး | ၃၀၀၀/- | ကိုနေ(မန်း) |
| ၆၈ | မောင်ဖီလာ | ဗာစကိုဒဂါးမားကို ကယ်တင်ခြင်း | ၁၂၀၀/- | စိတ်ကူးချိုချို |
| ၆၉ | ကိုနေ(မန်း) | ၂၁ ရာစုခေါင်းဆောင်မှု | ၃၀၀၀/- | ကိုနေ(မန်း) |
| ၇၀ | မြတ်သိမ်းကျော် | မြန်မာဂဏသုဒ္ဓိဝိမလ ဆန်းကျမ်းဗေဒင် | ၄၅၀၀/- | ပြည့်ဝပျော်ရွှင်စာပေ |
| ၇၁ | ဝင်းလှိုင်ဦး | စင်ကာပူအမျိုးသားခေါင်းဆောင်ကြီး လီကွမ်ယုရဲ့အစောပိုင်းနှစ်များ ဟယ်ရီနိုင်ငံတစ်ခုတည်ဆောက်ခြင်း | ၁၈၀၀/- | စိတ်ကူးချိုချိုစာပေ |
| ၇၂ | ပြည်ကျော်ကျော် | မူကြိုကလေးငယ်များအတွက်စကားလုံးဉယျာဉ် | ၂၀၀၀/- | KKH စာပေ |
| ၇၃ | ကြည်အေး | ဖုန်းသက်တိုင် | ၁၆၀၀/- | စိတ်ကူးချိုချို |

# စစ်ကိုင်းမြို့နယ်တွင် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ကမ်းပါးပြို



**စစ်ကိုင်း ဇူလိုင် ၁၃**

စစ်ကိုင်းမြို့နယ်ရှိ ကိုင်းပြင်ကျေးရွာသည် စစ်ကိုင်းမြို့နှင့် မိုင် ၃၀ ခန့် ကွာဝေးကာ ဧရာဝတီမြစ်ဘေး၌ တည်ရှိပြီး ယနေ့အချိန်တွင် ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် မြစ်ရေတိုက်စားခြင်း၊ လေဒဏ်၊ လှိုင်းဒဏ်များကြောင့် ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်လျက်ရှိရာ စစ်ကိုင်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ညဏ်သောင်းနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ညောင်းပင်ဝန်းတိုက်နယ်စခန်းမှူးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ ခရိုင်မီးသတ်တပ်ဖွဲ့ဝင်များ စုပေါင်း၍ ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီက အဆိုပါကျေးရွာသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး ကမ်းပါးအနီးနေထိုင်ကြသော အိမ်ထောင်စု သုံးစုကို ကမ်းပါးပြိုမှုအန္တရာယ်မှ လွတ်ကင်းအောင် ပစ္စည်းများ ဝိုင်းဝန်းရွှေ့ပြောင်းပေးခဲ့ကြသည်။ **(အပေါ်ပုံ)**

"ဒီနှစ်မှာ မြစ်ရေတက်ရောက်တာစောတယ်လို့ ပြောလို့ရတယ်။ နှစ်စဉ်ရေဝင်ရောက်မှုရှိတယ်ဆိုပေမယ့် ဒီနှစ်မှာက မြစ်ကမ်းပါးပြိုကျမှု နည်းနည်းများတယ်။ အခုဆိုရင် ကမ်းပါးအရှည်အလျား ပေ ၃၀၀၀ လောက်နဲ့ အနံပေ ၂၀ လောက် ရေတိုက်စားသွားပြီ။ လက်ရှိရေမျက်နှာပြင်က ကမ်းပါးအပေါ်တက်ရောက်သွားမှ ကမ်းပါးပြိုကျမှု မဖြစ်တော့မှာပါ။ အခုလည်း ပြိုကျမှုနည်းနိုင်သမျှ နည်းအောင် ကမ်းခြေတွေမှာ မျောတိုင်တွေစိုက်၊ သစ်ကိုင်းတွေ ခုတ်ပြီး ညှပ်ပေးထားရတယ်။ လက်ရှိ ဒီရေအတိုင်းဆိုရင် တဖြည်းဖြည်းနဲ့ ကမ်းပါးပြိုမှုတွေ ဖြစ်လာဦးမှာပါ" ဟု ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောကြားသည်။

ဆက်လက်၍ အဆိုပါ အဖွဲ့များသည် ကျေးရွာအုပ်ချုပ်ရေးမှူး၊ ကျေးရွာပြည်သူများနှင့် တွေ့ဆုံကာ မြို့နယ်ရဲတပ်ဖွဲ့မှူးက ကျေးရွာပြည်သူများအနေဖြင့် နှစ်စဉ်ရေဝင်ရောက်မှုရှိ၍ ပေါ့ပေါ့ဆဆမနေကြဘဲ ကြိုတင်ပြောင်းရွှေ့ထားကြစေလိုကြောင်း၊ သို့မှသာ သက်ရှိ/သက်မဲ့ အားလုံး ဆုံးရှုံးမှုမရှိမည်ဖြစ်ကြောင်း၊ ဖြစ်ပေါ်လာမှပြောင်းရွှေ့ကြမည်ဆိုလျှင် အန္တရာယ်ဖြစ်ပြီး ဆုံးရှုံးမှုတွေလည်း ဖြစ်ပေါ်လာမည်ဖြစ်ကြောင်း၊ ကြိုတင်ပြောင်းရွှေ့ကြမည်ဆိုလျှင် ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်တွေကို အချိန်နှင့်တစ်ပြေးညီ စေလွှတ်ပေးမည်ဖြစ်ကြောင်း၊ အုပ်ချုပ်ရေးမှူးအနေဖြင့်လည်း ကျေးရွာနေပြည်သူများအား အစဉ်အမြဲ လေ့လာနှိုးဆော်ပေးစေလိုကြောင်း စသည်ဖြင့် ပြောကြားခဲ့ကြောင်း သိရသည်။

**ဇော်မြင့်နိုင်(ပြန်/ဆက်)**

# စမ်းချောင်းမြို့နယ်ရှိ ရထားလမ်းကူးတံတားပေါ်မှ လူတစ်ဦးပြုတ်ကျ

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်မြို့ကြည့်မြင်တိုင်မြို့နယ် ဘောဂရပ်ကွက်နှင့် စမ်းချောင်းမြို့နယ် ခတ္တာလမ်းထိပ်တို့၌ ခရီးသွားပြည်သူများဖြတ်သန်းရန် တည်ဆောက်ထားသော ရထားလမ်း လူကူးတံတားအောက် ဘောဂရပ်ကွက်အပိုင်း ရထားလမ်းပေါ်သို့ ဇူလိုင် ၁၂ ရက် နံနက် ၁၁ နာရီက အမျိုးသားတစ်ဦး ပြုတ်ကျသတိလစ်မှုဖြစ်ပွားခဲ့သည်။ **(ယာပုံ)**



အခင်းဖြစ်ပွားရာသို့ ဘောဂရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းနှင့် ကြည့်မြင်တိုင် မြို့မရဲစခန်းမှ နယ်ထိန်းအဖွဲ့ဝင်များက လာရောက်ကြည့်ရှုစစ်ဆေးရာ ပြုတ်ကျနေသူမှာ အသက် ၃၀ ဝန်းကျင်ခန့် အမျိုးသားတစ်ဦးဖြစ်ပြီး သတိပြန်လည်လာသော်လည်း မိမိအမည်နှင့် နေရပ်လိပ်စာကို ပြန်လည်ပြောပြနိုင်ခြင်းမရှိကြောင်း သိရသည်။

ယင်းတံတားကို လျှပ်စစ်ရထားပြေးဆွဲနိုင်ရန်အတွက် တံတားဟောင်းဖျက်ပြီး တံတားအသစ် ပြန်လည်တည်ဆောက်ခြင်းဖြစ်သည်။ တံတားပြန်လည်တည်ဆောက်စဉ်က တံတားအခြေမှ မလွတ်ကင်းသော အုတ်နံရံကိုဖြိုဖျက်၍ မလုမ်းမကမ်းရှိ အုတ်နံရံအကာအား ခရီးသွားများ ယာယီကူးသန်းနိုင်ရန် ဖြိုဖျက်ပေးခဲ့သည်။ ဇွန် ၁၇ ရက်ကစတင်၍ တံတားပေါ်မှ ဖြတ်သန်းခွင့်ပြုခဲ့သော်လည်း အန္တရာယ်ရှိ ရထားလမ်းအကာ အုတ်နံရံများကို ယခုအချိန်အထိ ပြန်လည်ကာရံပေးခြင်းမရှိခဲ့သည်ကို တွေ့ရသည်။ ယခုကဲ့သို့ အကာအရံမဲ့မှုကြောင့် ဖျက်ထားသည့် အုတ်နံရံ၏ အစွန်းပေါ်မှ ရထားလမ်းပေါ်သို့ ပြုတ်ကျရခြင်းဖြစ်ကြောင်း တွေ့မြင်သူများက ပြောသည်။

"ပြန်ဆောက်ပေးတဲ့တံတားက သိပ်မြင့်လွန်းနေတယ်။ မြင့်တဲ့အပြင် လျှောက်လမ်းမှာ ဘေးအကာအရံက မလုံခြုံဘူး။ အဲဒီအပေါ်ကသာကျရင် အသက်ပါဆုံးရှုံးနိုင်တယ်"ဟု တံတားအနီး နေထိုင်သူတစ်ဦးက ပြောသည်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၂၀) နောင်ခမ်းကြီးရွာနေ ဦးလှညွှန့်၏သမီး အလယ်တန်းပြဆရာမ ဒေါ်သန်းသန်းမြင့်(ခ)ဒေါ်တင်တင်မြင့် ၉/မမန(နိုင်)၀၃၅၂၈၅ မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၈/၃၆၆၅ Toyota Kluger MCU 20 S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ U Shaung Shue Ei Sa Lam ၁၂/မဂတ(နိုင်) ၀၈၀၄၉၈က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

**စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီးသမဝါယမဦးစီးဌာန**

**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း တိုင်းဒေသကြီး ဘဏ္ဍာငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဖောင်းပြင်မြို့နယ်သမဝါယမဦးစီးဌာနရုံး အဆောက်အအုံသစ်၊ ပေ(၆၀×၃၀) RC တစ်ထပ်ဆောက်လုပ်ခြင်းလုပ်ငန်းဆောင်ရွက်ရန်အတွက် အောက်ဖော်ပြပါ အစီအစဉ်အတိုင်း တင်ဒါတင်သွင်းနိုင်ကြောင်း မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်နှင့်အချိန်** | - ၁၃-၇-၂၀၁၆ရက် နံနက် ၉း၃၀နာရီ |
| (ခ) | **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** | - ၁၃-၈-၂၀၁၆ရက် ညနေ ၄နာရီ |
| (ဂ) | **တင်ဒါပုံစံရောင်းချမည့်နေရာ** | - တိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့ |
| (ဃ) | **တင်ဒါတင်သွင်းရမည့်နေရာ** | - စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး |

၂။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၇၁-၂၃၉၀၈၊ ၀၇၁-၂၃၆၈၇၊ ၀၇၁-၂၀၃၂၇၆၉၁တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။ **တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**

**ပြန်ကြားရေးဝန်ကြီးဌာန**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏နေ့စဉ်ထုတ်သတင်းစာများအား**
**Digital သတင်းစာများအဖြစ် ဝန်ဆောင်မှုတိုးမြှင့်နိုင်ရေးအတွက်**

**စိတ်ဝင်စားမှုအဆိုပြုလွှာခေါ်ယူခြင်း**

၁။ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းအနေဖြင့် ယနေ့ခေတ်ကာလတွင် လူအများအလွယ်တကူ သုံးစွဲလျက်ရှိသည့်အဆင့်မြင့် Mobile Phone, Tablet, iPad အစရှိသည့် IT Devices ပစ္စည်းများဖြင့် ဖတ်ရှုနိုင်သည့် Digital Newspaper များအဖြစ်သို့ တိုးမြှင့်ဝန်ဆောင်မှုပေးနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။
၂။ သို့ပါ၍နေ့စဉ်ထုတ်သတင်းများကို Digital သတင်းစာအဖြစ် ထုတ်လွှင့်ခြင်းများအတွက် ဝန်ဆောင်မှုပေးနိုင်မည့် ကုမ္ပဏီများကိုစိတ်ပါဝင်စားမှု အဆိုပြုလွှာများ ပေးပို့ကြရန် ဖိတ်ခေါ်ပါသည်။
၃။ အဆိုပြုလွှာများကို ၁၅-၈-၂၀၁၆ရက် နံနက် ၉း၃၀နာရီမှ ညနေ ၄း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၇)၊ နေပြည်တော်ရှိတင်ဒါအဖွဲ့ဝင်များ ရှေ့မှောက်တွင် လာရောက်ပေးသွင်းရန်ဖြစ်ပြီး သတ်မှတ်ကာလထက်ကျော်လွန်သော အဆိုပြုလွှာများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။
၄။ အဆိုပြုလွှာပုံစံနှင့်အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။ တင်ဒါပုံစံများအား ၁၅-၇-၂၀၁၆ရက်မှ ၁၅-၈-၂၀၁၆ရက်ထိ နေ့စဉ် နံနက် ၉း၃၀နာရီမှ ညနေ၄း၃၀နာရီအတွင်း အောက်ဖော်ပြပါလိပ်စာများတွင် လာရောက်ထုတ်ယူနိုင်ပါသည်-

**အဆိုပြုလွှာပုံစံများထုတ်ယူရန်လိပ်စာ**
**သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၁၂၃၊ ၀၆၇-၄၁၂၀၂၈**

**အဆိုပြုလွှာတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပပစ္စည်းများ**
**ဝယ်ယူရေးနှင့်**
**ထုခွဲရောင်းချရေးကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ် (၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၀**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 7H/5665 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 2F/4048 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

**ဖောင်းကြွပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် 8H/5644 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကန့်ကွက်လွှာခေါ်သည့်ကြော်ငြာစာ**

၁။ ဘားအံမြို့၊ အမှတ် (၃)ရပ်ကွက်/ကျေးရွာအုပ်စုနေ ဒေါ်နန်းခင်သူဇာကျော် ၃/ဘအန(နိုင်) ၁၉၉၄၁၁ မှ ဘားအံမြို့နယ်၊ အမှတ် (၃)ရပ်ကွက်/ကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ် ၁၁၊ ရွှေဘိုကျောင်းကွင်း/အကွက်၊ ဦးပိုင်/မြေကွက်အမှတ် (၁၀၉/၄)၊ မြေဧရိယာ ၀ဒသမ၀၄၄ ဧကအား မြေငှားဂရန် မြေအဖြစ်အသုံးပြုရန် မြို့နယ်လယ်ယာ မြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနတွင် မြေစာရင်းပုံစံ ၁၀၅၊ ၁၀၆ရေးဆွဲနိုင်ရေးအတွက် လျှောက်ထားခြင်းကိစ္စအား အများပြည်သူသိစေရန် ကြေညာလိုက်ပါသည်။
၂။ အခြားတစ်စုံတစ်ယောက်က ယခုလျှောက်ထားခြင်းကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက အဘယ်ကြောင့်ကန့်ကွက်တင်ပြရခြင်းဖြစ်ကြောင်း ဖော်ပြပါ မြေနှင့် ပတ်သက်သော ပိုင်ဆိုင်မှု အထောက်အထား အပြည့်အစုံဖြင့် ၃-၈-၂၀၁၆ရက် (သို့မဟုတ်) ထိုရက်မတိုင်မီ ကန့်ကွက်လွှာ တင်သွင်းရမည်ဖြစ်ပါသည်။
**မြို့နယ်အုပ်ချုပ်ရေးမှူး (ရဲမင်းအောင် ။ပ/၄၈၀၂)**

**ကန့်ကွက်နိုင်ပါကြောင်းကြေညာချက်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၆)ရပ်ကွက်၊ ဟံသာဝတီအိမ်ရာ၊ ဟံသာဝတီလမ်း၊ တိုက် B-8၊ အခန်းအမှတ် ၅၀၃၊ ပဉ္စမထပ်၊ အကျယ်အဝန်း(၂၆ ပေ×၂၆ ပေ)၊ ၆၇၆ စတုရန်းပေရှိ ဟံသာဝတီဝန်ထမ်းအိမ်ရာလူနေတိုက်ခန်း နှင့် ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို လက်ဝယ်ထားရှိ တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဒေါ်ခင်ခင်ထွေး ၁၂/လမန (နိုင်)၀၁၆၉၇၈ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ ယင်းတိုက်ခန်းနှင့်ပတ်သက်သည့် ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု စာချုပ်စာတမ်း(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ထားသည့်ရက်အတွင်း ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ယင်းလူနေတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးတင်နိုင်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၆၆)**
**အမှတ် ၃၊၃၄လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-၀၉-၇၃၁၅၁၀၂၅**

**ဖခင်အမည်မှန်**

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့ အထက(၄)တက္ကသိုလ်ဝင်တန်း (B)မှ မောင်ဝေမင်း၏ ဖခင်အမည်မှန်မှာ ဦးနေဝင်း ၉/မခန(နိုင်)၁၀၃၉၄၁ ဖြစ်ပါသည်။

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ဦးညိမ်း၏သမီး ဒေါ်အုံးရီနှင့် ဒေါ်အုန်းရီ ၁၂/သဃက(နိုင်) ၀၄၈၉၁၃ သည်တစ်ဦးတည်းဖြစ်ပါကြောင်း။
**ဒေါ်အုံးရီ(ခ)ဒေါ်အုန်းရီ**

**ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဈ/၁၉၄၈ Chin Dwin Star MPV Micro Bus (4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းမော် ၅/မရန(နိုင်)၀၆၀၁၆၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ တိုင်းဒေသကြီးဦးစီးမှူးရုံး (မုံရွာ)**

# ပိုင်တိုင်များတင်ဆောင်လာသောယာဉ် ဘရိတ်အုပ်စဉ် ပိုင်ရိုက်စက်ညပ်၍ တစ်ဦးသေဆုံး၊ ငါးဦးဒဏ်ရာရ



**ရန်ကုန် ဇူလိုင် ၁၃**

တွံ့တေးမြို့နယ် ခလောက်ချိုင်ကျေးရွာအုပ်စု မမျိုးစုကျေးရွာအနီးရှိ လှိုင်သာယာ-တွံ့တေး ကားလမ်းပေါ်တွင် ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီက ၂၂ ဘီးယာဉ်ပေါ်တွင် တင်ဆောင်လာသော ပိုင်ရိုက်သည့်စက်မှာ ကားဘရိတ်အုပ်စဉ် ကားခေါင်းဘက်သို့ ရွေ့လျားသွား၍ ကားခေါင်းနှင့် ပိုင်ရိုက်သည့် စက်ကြားတွင် လိုက်ပါလာသော အမျိုးသား ခြောက်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး တစ်ဦးသေဆုံးသွားကြောင်း သိရသည်။

အဆိုပါ နံနက်တွင် ယာဉ်မောင်း စောလှစိန်ယု(၃၆နှစ်) မောင်းနှင်လာသော ဖူဆို 7D/----- ၂၂ ဘီးယာဉ်သည် ပိုင်လုံးများရိုက်သောစက်ကို တင်ဆောင်၍ မောင်းနှင်လာစဉ် မမျိုးစုရွာအနီးတွင် ကလေးများက ကားအပေါ်ဘက်ရှိ ခတ်ကြိုးကို လက်ညှိုးထိုးအော်ဟစ်ပြောဆိုရာ အရှိန်ဖြင့် ဘရိတ်အုပ်လိုက်စဉ် ကားပေါ်ရှိ ပိုင်ရိုက်သည့်စက်မှာ အရှေ့ကားခေါင်းဘက်သို့ ရွေ့လျားသွားသည့်အတွက် ကားဦးခေါင်းနှင့် ပိုင်ရိုက်သည့် စက်ကြားတွင် လိုက်ပါလာသော လူခြောက်ဦးမှာ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ကိုစည်သူ (၂၈နှစ်)မှာ ဦးခေါင်းထိခိုက်မိသောကြောင့် ထိုနေရာတွင် သေဆုံးသွားကြောင်း၊ ဒဏ်ရာရရှိသူတို့ကိုလည်း အင်းစိန်ဆေးရုံသို့ ပို့ဆောင်ထားကြောင်း သိရသည်။

အဆိုပါဖြစ်စဉ်ကြောင့် ခလောက်ချိုင်ရဲစခန်းကယာဉ်မောင်းအား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**

# ပိုက်ဆံအိတ်လုယူသူနှစ်ဦးအား ဖမ်းဆီးရမိ

**ရန်ကုန် ဇူလိုင် ၁၃**

ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့ ရက် ၁၀၀ စီမံချက်အရ တာမွေမြို့နယ်ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များသည် မော်တော်ယာဉ်လှည့်ကင်း ဆောင်ရွက်နေစဉ် ဇူလိုင် ၁၃ ရက် နံနက်က တာမွေမြို့နယ် မလွှကုန်း ဒွေးကြွယ်ရပ်ကွက် တာမွေဗလီအနီး၌ ပိုက်ဆံအိတ်လုယူထွက်ပြေးသွားသည့် အမျိုးသားနှစ်ဦးကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ယင်းနေ့ နံနက် ၁နာရီခန့်က သန်လျင်မြို့နယ်နေ ကိုနေမျိုးလှိုင်သည် တာမွေမြို့နယ် မလွှကုန်း ဒွေးကြွယ်ရပ်ကွက် တာမွေဗလီကားမှတ်တိုင်အနီးတွင် ၎င်းမောင်းနှင်သည့် အမှတ် (၁၀၇)ခရီးသည်တင်ယာဉ်ကို ရပ်တန့်ထားရှိပြီး ပိုက်ဆံအိတ်အတွင်းမှ ငွေများအား ရေတွက်နေစဉ် အမျိုးသားနှစ်ဦးက ယာဉ်ပေါ်သို့တက်လာကာ ၎င်းထံမှ ငွေကျပ်သုံးသောင်းပါရှိသည့် ပိုက်ဆံအိတ်ကို လုယူ၍ ပြန်လည်လုယူရာ ၎င်းအမျိုးသားနှစ်ဦးက ဝက်အူလှည့်ဖြင့် ရန်ပြုကာထွက်ပြေးသဖြင့် နောက်မှ ပြေးလိုက်သွားခဲ့စဉ် နယ်မြေအတွင်း မော်တော်ယာဉ်လှည့်ကင်း ဆောင်ရွက်နေသည့် တာမွေမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက အဆိုပါနေရာအနီးသို့ ရောက်ရှိလာသဖြင့် လုယက်သူအမျိုးသားနှစ်ဦးအား လိုက်လံဖမ်းဆီးခဲ့ရာ အခင်းဖြစ်နေရာအနီး တာမွေဗလီထိပ်၌ ချက်ချင်းဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

စစ်ဆေးချက်အရ ပြစ်မှုကျူးလွန်သူများမှာ ဒလမြို့နယ်နေ ထွန်းထွန်းဝင်း (၂၆နှစ်)နှင့် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နေ နွေနိုင်ဦး (၂၁နှစ်)တို့ဖြစ်ကြောင်း သိရှိ ရကာ ပိုက်ဆံအိတ် ပြန်လည်သိမ်းဆည်းနိုင်ခဲ့ပြီး တာမွေမြို့မရဲစခန်းက အမှုဖွင့် အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုရဲ**

# ရေမဆေးကျောက် တူးဖော်စဉ် မြေစာပြိုကျပိမိသဖြင့် လေးဦးသေဆုံး

**ဖားကန့် ဇူလိုင် ၁၃**

ကချင်ပြည်နယ် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု မော်ရှန်ကျေးရွာ အနောက်ဘက် ခြောက်ဖာလုံခန့်အကွာ ဆုထူးပန်ကုမ္ပဏီလုပ်ကွက်အတွင်းသို့ ရေမဆေးကျောက်ရှာဖွေကြရာ ကျောက်ကြော မြေစာထုပြိုကျခဲ့သဖြင့် လေးဦးသေဆုံးပြီး သုံးဦးလွတ်မြောက်ခဲ့ကြောင်း သိရသည်။

ဇူလိုင် ၁၂ ရက် ညနေ ၅ နာရီခန့်တွင် မော်ရှန်ကျေးရွာ၏ အနောက်ဘက် ခြောက်ဖာလုံခန့်အကွာ ဆုထူးပန်ကုမ္ပဏီ၏လုပ်ကွက်အတွင်းရှိ ကမ်းပါးယံ အလျားပေ ၂၀၊ ထု ပေ ၅၀ ရှိ ကျောက်ကြောမြေစာထုသည် အမြင့်ပေ ၁၅၀ ခန့်မှ အောက်ခြေရေကန်အတွင်းသို့ ပြုတ်ကျခဲ့ရာ ယင်းကမ်းပါးယံတွင် ရေမဆေးကျောက်တူးဖော်နေသူ လေးဦးသည် ရေလှိုင်းပုတ်၍ ရေကန်အတွင်းသို့ ပြုတ်ကျပျောက်ဆုံးခဲ့ကြောင်း သိရသည်။

အခင်းဖြစ်ပွားရာသို့ အုပ်စုအုပ်ချုပ်ရေးမှူး ဦးတူးမိုင်နှင့် ရဲတပ်ဖွဲ့ဝင်များနှင့် သခ်ါလူမှုကူညီရေးအသင်းမှ အဖွဲ့ဝင်များ ကူညီကယ်ဆယ်ရေးဆောင်ရွက်ခဲ့ကြသော်လည်း အခင်းဖြစ်ပွားရာ ကမ်းပါးယံသည် ထပ်မံပြိုကျမည့် အန္တရာယ်ရှိနိုင်သောကြောင့် ည ၈ နာရီခန့်တွင် ရှာဖွေမှုရပ်နားခဲ့သည်။

ကမ်းပါးယံ ပြိုကျမှုကြောင့် ရေကန်အတွင်း ပျောက်ဆုံးနေသူများမှာ သန်းထက်(၄၂နှစ်)၊ နိုင်လင်း(၂၉နှစ်)၊ ကျော်ဇင်ဖြိုး(၂၈နှစ်)၊ ကျော်သက်ဟန်(၂၈နှစ်)တို့ဖြစ်ပြီး နေဝင်းနိုင်(၂၆နှစ်)၊ ထွန်းထွန်း(၂၆နှစ်)နှင့် မောင်ဦးသန်းဝင်း(၂၁နှစ်) တို့သုံးဦး အသက်မသေဘဲ လွတ်မြောက်လာခဲ့ကြကြောင်း သိရသည်။

**စိုးနိုင်ဦး(ဖားကန့်)**

# ခွေးစာမကျွေးသည့်ကိစ္စ သမီးဖြစ်သူကို တူမီးသေနတ်ဖြင့်ရိုက်ရာမှ ကျည်ပေါက်ထွက်ကာ ဖခင်ဖြစ်သူသေဆုံး

**အုတ်တွင်း ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် အုတ်တွင်းမြို့အနောက်ဘက် ၂၂ မိုင်ခန့်အကွာ ပေါက်တောကျေးရွာအုပ်စု စိမ်ရေဝတဲစုတွင် ဇူလိုင် ၁၁ ရက် နံနက် ၁၁ နာရီခန့်က သမီးဖြစ်သူကို တူမီးသေနတ်ဖြင့် ရိုက်နှက်ရာမှ ကျည်ပေါက်ထွက်၍ ဖခင်သေဆုံးမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

အဆိုပါ အမှုဖြစ်စဉ်အား ပေါက်တောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးက အုတ်တွင်းမြို့မရဲစခန်းသို့ ဖုန်းဆက်အကြောင်းကြားသဖြင့် စခန်းမှူး ဒုရဲမှူး ဇော်လွင် ဦးစီးအဖွဲ့ သွားရောက်စစ်ဆေးခဲ့ရာ ယင်းတဲစုနေ မုဆိုးအလုပ်လုပ်ကိုင်သူ ကိုဝင်းမောင်(ခ)ဂျီဝင်းမောင်(၄၈နှစ်)သည် နံနက် ၅ နာရီတွင် ရိုးမတောထဲသို့ အမဲလိုက်ရန် တူမီးသေနတ်ကိုင်ဆောင်ကာထွက်ခွာသွားခဲ့ပြီး နံနက် ၁၁ နာရီ နေအိမ်သို့ ပြန်လည်ရောက်ရှိလာခဲ့ကြောင်း၊ နေအိမ်သို့ပြန်ရောက်သည့်အခါ သမီးဖြစ်သူ မမာမာအေး(၁၄နှစ်)အား ခွေးစာမကျွေးသည့်ကိစ္စဖြင့် ဒေါသထွက်ပြီး လက်ထဲ၌အသင့်ကိုင်ဆောင်ထားသည့် အရှည်သုံးပေ တစ်လက်မရှိ တူမီးလုပ်သေနတ်ကို ပြောင်းဝမှကိုင်၍ ဒင်ဖြင့်ရိုက်ခဲ့ရာက ကျည်ပေါက်ထွက်ပြီး ကျည်ထိမှန်ကာ နေရာတွင်သေဆုံးသွားခဲ့၍ အုတ်တွင်းမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**




မန္တလာမင်း ကားဂိတ် သို့ ဖုန်းဆက် လက်မှတ်ဝယ်ပြီး OK$ ဖြင့် ငွေပေးချေလိုက်ပါ။

OK$

ဝန်ဆောင်ခ အခမဲ့

မန္တလာမင်း 09-776143360, 09-440997066, OK$ 09-450144455, 09-30000066, 01-377888

တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊ Y.W.C.A ဘိုကလေးဈေးလမ်း

Ph: 202046, 392048, 256954

| | | |
|---|---|---|
| **BASIC ENGLISH SPEAKING** | | |
| 6 - 7:30 | (Mon ~ Thurs) | 11 Jul |
| 10-11:30 | (Mon ~ Thurs) | 18 Jul |
| 3:30 - 5 | (Mon ~ Thurs) | 26 Jul |
| 1 - 2:30 | (Mon ~ Thurs) | 1 Aug |
| 9 - 12:00 | (Sat + Sun) | 20 Aug |
| **BASIC FOUR SKILLS ENGLISH** | | |
| 3:30 - 5 | (Mon ~ Thurs) | 18 Jul |
| 7:30 - 9 | (Mon ~ Thurs) | 25 Jul |
| 6 - 7:30 | (Mon ~ Thurs) | 25 Jul |
| 1 - 2:30 | (Mon ~ Thurs) | 26 Jul |
| 1 - 4:00 | (Sat + Sun) | 30 Jul |
| 10-11:30 | (Mon ~ Thurs) | 1 Aug |
| **BASIC GRAMMAR** | | |
| 10-11:30 | (Mon ~ Thurs) | 9 Aug |
| **PRE-INTERMEDIATE (4-SKILL ENGLISH)** | | |
| 1 - 4:00 | (Sat + Sun) | 23 Jul |
| 1 - 2:30 | (Mon ~ Thurs) | 1 Aug |
| 3:30 - 5 | (Mon ~ Thurs) | 8 Aug |
| 10-11:30 | (Mon ~ Thurs) | 15 Aug |
| 7:30 - 9 | (Mon ~ Thurs) | 29 Aug |
| **INTERMEDIATE (ACADEMIC ENGLISH)** | | |
| 10-11:30 | (Mon ~ Thurs) | 18 Jul |
| 1 - 2:30 | (Mon ~ Thurs) | 1 Aug |
| 7:30 - 9 | (Mon ~ Thurs) | 8 Aug |
| 1 - 4:00 | (Sat + Sun) | 13 Aug |
| **VOCAB ENRICHMENT** | | |
| 12 - 3:00 | (Sat + Sun) | 30 Jul |
| 9 - 12:00 | (Sat + Sun) | 20 Aug |
| 1 - 2:30 | (Mon ~ Thurs) | 30 Aug |
| **BASIC WRITING** | | |
| 1 - 4:00 | (Sat + Sun) | 28 Aug |

လှည်းတန်းကျောင်းခွဲ

ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)

Ph: 01-503472, 09 73001453, 09 30775232

| | | |
|---|---|---|
| **BASIC ENGLISH SPEAKING** | | |
| 3:30 - 5 | (Mon ~ Thurs) | 26 Jul |
| 10-11:30 | (Mon ~ Thurs) | 1 Aug |
| 7:30-10:30 | (Sat + Sun) | 6 Aug |
| 7:30 - 9 | (Mon ~ Thurs) | 16 Aug |
| **BASIC FOUR SKILLS ENGLISH** | | |
| 3:30 - 5 | (Mon ~ Thurs) | 1 Aug |
| 10-11:30 | (Mon ~ Thurs) | 9 Aug |
| 2 - 5:00 | (Sat + Sun) | 13 Aug |
| 1 - 2:30 | (Mon ~ Thurs) | 16 Aug |
| **IELTS (Preparation)** | | |
| 7:30-9:30 | (Mon~Thurs) | 11 Jul |
| 1 - 3:30 | (Mon~Thurs) | 25 Jul |
| **IELTS (Reading)** | | |
| 1 - 3:00 | (Mon~Thurs) | 18 Jul |
| 1 - 3:00 | (Mon~Thurs) | 29 Aug |
| **BASIC GRAMMAR** | | |
| 7:30 - 9 | (Mon ~ Thurs) | 1 Aug |
| **PRE-INTERMEDIATE (4-SKILL ENGLISH)** | | |
| 9 - 12:00 | (Sat + Sun) | 20 Aug |
| **INTERMEDIATE (ACADEMIC ENGLISH)** | | |
| 7:30 - 9 | (Mon ~ Thurs) | 25 Jul |
| 4:30-7:30 | (Sat + Sun) | 27 Aug |
| **IELTS (Preparation)** | | |
| 4:30-7:30 | (Sat + Sun) | 17 Sep |
| **IELTS (Writing + Grammar)** | | |
| 12:30-3:30 | (Sat + Sun) | 17 Sep |
| **IELTS (Speaking)** | | |
| 7:30 - 9 | (Mon~Thurs) | 18 Jul |
| **IELTS (Grammar)** | | |
| 10-11:30 | (Mon~Thurs) | 22 Aug |

**MYANMAR CHEMICAL INDUSTRIES ASSOCIATION (MCIA)**

**သင်တန်းတက်ရောက်နိုင်ရန် ဖိတ်ကြားခြင်း**

ဓာတုပစ္စည်းနှင့် ဆက်စပ်ပစ္စည်းများအန္တရာယ်မှ တားဆီးကာကွယ်ရေးဆိုင်ရာ "ဥပဒေ"အရ ဓာတုပစ္စည်းများနှင့်ပတ်သက်၍ လုပ်ကိုင်ဆောင်ရွက်နေသူများအား မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း(MIA)နှင့် မြန်မာနိုင်ငံဓာတုစက်မှုလုပ်ငန်းရှင်များအသင်း(MCIA)တို့မှ ကျွမ်းကျင်ပညာရှင်များမှ ပညာရပ်ဆိုင်ရာ ဗဟုသုတများ ပိုမိုကျယ်ပြန့်စွာသိရှိလိုက်နာလုပ်ဆောင်နိုင်ရန် ရည်ရွယ်၍ သင်တန်းကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် လူကြီးမင်းတို့မှ တက်ရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျင်းပမည့်နေရာ** - Myanmar Industry Association သင်တန်းခန်းမ ၆ လွှာ၊ UMFCCI၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့၊

**ကျင်းပမည့်နေ့ရက်** - ၂၅-ဇူလိုင်-၂၀၁၆ရက် (တနင်္လာနေ့)
- ၂၆-ဇူလိုင်-၂၀၁၆ရက် (အင်္ဂါနေ့)

**ကျင်းပမည့်အချိန်** - နံနက် ၁၀:၀၀ နာရီမှ ညနေ ၄:၃၀ နာရီအထိ

**ဆက်သွယ်စာရင်းပေးသွင်းရန်** - ဖုန်း-၀၉-၂၅၄၂၅၅၈၁၁
- E-mail-mapinky @gmail. com

# အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲ မြန်မာအမျိုးသမီးကလပ် WFC အုပ်စုမှထွက်ခဲ့ရ

**နေပြည်တော် ဇူလိုင် ၁၃**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပနေသည့် ၂၀၁၆ အာဆီယံဖူဆယ်ကလပ်ပြိုင်ပွဲအုပ်စု စတုတ္ထနေ့ပွဲစဉ်များကို ယနေ့နံနက်ပိုင်းကစတင်၍ နေပြည်တော်ရှိ ဝဏ္ဏသိဒ္ဓိအားကစားရုံ၌ ကျင်းပသည်။

အမျိုးသမီးပြိုင်ပွဲတွင် ထိုင်းမှ နာခွန်အသင်းက မြန်မာကလပ် WFC အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိပြီး ထိုင်းမှ ဗန်ကောက်အသင်းနှင့် လက်ရှိချန်ပီယံ ဗီယက်နမ်မှ ထိုင်ဆွန်နန်အသင်းတို့ တစ်ဂိုးစီသရေကျခဲ့သည်။ မြန်မာကလပ် WFC အမျိုးသမီးအသင်းသည် ပွဲကုန်လေးပွဲကစားအပြီးတွင် တစ်မှတ်သာရရှိသောကြောင့် အုပ်စုအောက်ဆုံးနေရာရောက်ရှိကာ တတိယနေရာလုပွဲ ကစားခွင့်ပါ လွဲချော်ခဲ့သည်။

ယခုပွဲစဉ်အပြီးတွင် ထိုင်ဆွန်နန်(ဗီယက်နမ်)က ခုနစ်မှတ်၊ ဂျာရာကန်ဆီနာ (အင်ဒိုနီးရှား)နှင့် နာခွန်(ထိုင်း)တို့က ခြောက်မှတ်စီ၊ ဗန်ကောက်(ထိုင်း)က နှစ်မှတ်ရရှိထားပြီး တစ်ပွဲစီကစားရန် ကျန်ရှိနေသည်။ အုပ်စုနောက်ဆုံးပွဲအဖြစ် ဇူလိုင် ၁၄ ရက် **(ယနေ့)** နံနက်ပိုင်းတွင် ဂျာရာကန်ဆီနာနှင့် ဗန်ကောက်၊ ညနေ ၄ နာရီခွဲတွင် နာခွန်နှင့် ထိုင်ဆွန်နမ်အသင်းတို့ ယှဉ်ပြိုင်ရမည်ဖြစ်သည်။

အမျိုးသားပြိုင်ပွဲတွင် Black Steel (အင်ဒိုနီးရှား)က Lanexang (လာအို)ကို ၁၃ ဂိုး- ၇ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ လာအိုကလပ် Lanexang အသင်းသည် အုပ်စုလေးပွဲစလုံး ရှုံးနိမ့်ခဲ့သောကြောင့် ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။ ည ၇ နာရီတွင် မြန်မာကလပ် MIC နှင့် လက်ရှိချန်ပီယံ ထိုင်းကလပ် ထိုင်းဆိပ်ကမ်းအသင်းတို့ ယှဉ်ပြိုင်ကစားရာ ထိုင်းဆိပ်ကမ်းအသင်းက မြန်မာကလပ် MIC အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။

အမျိုးသားပြိုင်ပွဲအုပ်စုနောက်ဆုံးပွဲအဖြစ် ဇူလိုင် ၁၄ ရက် **(ယနေ့)** မွန်းလွဲ ၂ နာရီတွင် MIC အသင်းနှင့် ထိုင်ဆွန်နမ်အသင်း၊ ည ၇ နာရီတွင် Black Steel အသင်းနှင့် ထိုင်းဆိပ်ကမ်းအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

**ရဲရင့်ရှိုင်း**



**အမျိုးသမီးပြိုင်ပွဲတွင် မြန်မာကလပ် WFC နှင့် နာခွန်အသင်း ယှဉ်ပြိုင်နေစဉ်**
(ဓာတ်ပုံ - ကိုကိုစိုးညွန့်)

# ထိုင်းကရာတေးဒိုပြိုင်ပွဲ မြန်မာအားကစားသမားများ သွားရောက်ယှဉ်ပြိုင်



**ရန်ကုန် ဇူလိုင် ၁၃**

ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ဇူလိုင် ၁၂ ရက်မှ ၁၆ ရက်အထိ ကျင်းပမည့် Thailand Open Karatedo Championship 2016 ကရာတေးဒိုပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်သော မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်မှ ခေါင်းဆောင်သော အဖွဲ့ဝင်သုံးဦး၊ ဒိုင်နှစ်ဦး၊ နည်းပြ သုံးဦး၊ အားကစားသမားအဖြစ် အမျိုးသား ကိုးဦး၊ အမျိုးသမီး ငါးဦးတို့သည် ဇူလိုင် ၁၃ ရက် နံနက် ၆နာရီက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ထွက်ခွာသွားကြောင်း သိရသည်။

အဆိုပါ မြန်မာကရာတေးဒိုအဖွဲ့ **(အပေါ်ပုံ)**သည် (၂၉)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲအပါအဝင် နိုင်ငံတကာပြိုင်ပွဲများတွင် ပါဝင်ယှဉ်ပြိုင်နိုင်မှုရရှိရန်အတွက် လည်းကောင်း၊ ပြိုင်ပွဲအတွေ့အကြုံနည်းပါးနေသည့် လက်ရွေးစင် အားကစားသမားများ၏ လက်ရည်ကို သိရှိနိုင်ရန်အတွက်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

❍ *ကျောဖုံးမှ*

လက်ကျန်ဖလားတစ်လုံး မျှော်လင့်ချက်ကို ဆက်လက်အသက်သွင်းနိုင်ခဲ့သည်။ ရန်ကုန်အသင်းသည် ဟံသာဝတီအသင်းကို ခြေအသာဖြင့်ကစားနိုင်ခဲ့ပြီး ဂိုးပြတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဟံသာဝတီအသင်းသည် ယခုပွဲတွင် ပုံမှန်ခြေစွမ်းပျောက်ဆုံးနေခဲ့ပြီး ဆီမီးဖိုင်နယ်နှင့် လွဲချော်ခဲ့ရသည်။

ရန်ကုန်အသင်းသည် ပုံစံကောင်းရနေသည့် ခင်မောင်လွင်၊ ကျော်ကိုကို၊ အက်ဒီဆင်၊ ကြည်လင်းတို့ဖြင့် ဆက်လက်ပွဲထွက်လာခဲ့ပြီး အသင်းခေါင်းဆောင် အောင်ဇော်နှင့် တိုက်စစ်မှူး အီဗန်စ်တို့မပါနိုင်သည့် ဟံသာဝတီအသင်းသည် ပွဲထွက်လူစာရင်းကို အနည်းငယ်အပြောင်းအလဲ ပြုလုပ်ခဲ့သည်။

ပထမပိုင်းတွင် ရန်ကုန်အသင်းက ခြေအသာဖြင့် ဖိကစားနိုင်ခဲ့ပြီး ဟံသာဝတီအသင်း ကစားကွက်တည်မရခဲ့ပေ။ ၂၁ မိနစ်တွင် ရန်ကုန်အသင်းဂိုးစရခဲ့ပြီး နောက်ခံလူ သိန်းဇော်က ထောင့်ကန်ဘောမှ ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရန်ကုန်အသင်း ပွဲကိုထိန်းချုပ်သွားပြီး ၂၈ မိနစ်တွင် အက်ဒီဆင်က ပယ်နယ်တီမှတစ်ဆင့် ဒုတိယဂိုး သွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင်လည်း ရန်ကုန်အသင်းကသာ ပွဲကို စိုးမိုးသွားခဲ့ပြီး ဟံသာဝတီအသင်း ထူးထူးခြားခြား လုပ်ပြနိုင်ခြင်းမရှိခဲ့ပေ။ ဘမ်ဘာအပါအဝင် ကစားသမားများ အပြောင်းအလဲလုပ်ခဲ့သော်လည်း ဟံသာဝတီတိုက်စစ်တက်မလာခဲ့ပေ။ ရန်ကုန်အသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ၆၁ မိနစ်တွင် ကျော်ကိုကိုက သွင်းယူခဲ့သည်။ တိုက်စစ်မှူး ကျော်ကိုကိုသည် ဂိုးရပြီးနောက်ပိုင်းတွင် သေချာပေါက် အခွင့်အရေးနှစ်ကြိမ်ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။

သုဝဏ္ဏကွင်း၌ ကျင်းပသောပွဲတွင် ရတနာပုံအသင်းက မြဝတီအသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ ရတနာပုံအသင်းအတွက် တိုက်စစ်မှူး ဝင်းနိုင်စိုးက ဟက်ထရစ်ဂိုးသွင်းယူခဲ့ပြီး မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ရဲဝေယံစိုးက သွင်းယူပေးခဲ့သည်။ ရတနာပုံအသင်းသည် အမာခံကစားသမားအချို့ မပါနိုင်သေးသော်လည်း နိုင်ပွဲရရှိအောင် ကစားနိုင်ခဲ့ခြင်းဖြစ်သည်။

ကွာတားဖိုင်နယ် လက်ကျန်ပွဲများကို ဇူလိုင် ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မကွေးနှင့် ရှမ်းယူနိုက်တက်၊ ဇွဲကပင်နှင့် ရခိုင်အသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ယနေ့ အနိုင်ရရှိသည့် ရန်ကုန်နှင့် ရတနာပုံအသင်းသည် ဆီမီးဖိုင်နယ်၌ တွေ့ဆုံမည်ဖြစ်သည်။

## အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှူးယစ်ဆေး

**ခရီးသွားမယ်ဆို, စိတ်ချလုံခြုံဆုံးဖြစ်စေမယ့် ရှစ်ဘီးကား ( 3 Axles Bus ) ကိုရွေးစီးပါ။**

## ဝန်ထမ်းကောင်းများသာ

အောင်မြင်တိုးတက်နေသော ထောက်ပံ့သယ်ယူပို့ဆောင်ရေးလုပ်ငန်းများတွင် ခန့်အပ်ရန် ရိုးသား၍ကြိုးစားအလုပ်လုပ်ကိုင်လိုသော အရည်အချင်းမြင့် (ကျား/မ) ဝန်ထမ်းကောင်းများ အလိုရှိသည်။ ဝန်ထမ်းများအတွက် အတွေ့အကြုံသစ်များစွာနှင့် အနာဂတ်အလားအလာကောင်းများ လစာကောင်းနှင့် ဘဝအခြေအနေကောင်းများ ရရှိပါမည်။

ကိုယ်ရေးရာဇဝင်၊ မျှော်မှန်းလစာ၊ အရည်အချင်း(၄င်းစာရွက်စာတမ်းမိတ္တူများ) လျှောက်ထားရသည့် ရည်ရွယ်ချက်နှင့် ရည်မှန်းချက်၊ အပြည့်အစုံစသည်တို့ဖြင့် လာရောက်လျှောက်ထားနိုင်ပါသည်။

နယ်မြို့များတွင် တာဝန်ထမ်းဆောင်နိုင်သူများကို ဦးစားပေးမည်။

(၁) **အထွေထွေမန်နေဂျာ** ကျား/မ ၁ ဦး
(၂) **မန်နေဂျာ** ကျား/မ ၃ ဦး

အင်္ဂလိပ်စာနှင့် ကွန်ပျူတာကျွမ်းကျင်ပိုင်နိုင်စွာ အသုံးပြုနိုင်ရမည်။ ခေါင်းဆောင် မှုအရည်အချင်းမြင့်မား၍ လုပ်ငန်းများတိုးတက်မြင့်မားအောင် စွမ်းဆောင်နိုင်စွမ်းရှိရမည်။ Warehousing & Distribution Centre လုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။

(၃) **Warehouse Operation** ကျား ၁၀ ဦး
(၄) **Warehouse Documentation** မ ၅ ဦး
(၅) **Logistics Officer** ကျား/မ ၅ ဦး
(၆) **Logistics Assistant** ကျား/မ ၅ ဦး

အမှတ်စဉ် (၃)မှ (၆)- ဤလုပ်ငန်းနှင့်ပတ်သက်သော အတွေ့အကြုံလုံးဝမရှိသူများ တက္ကသိုလ်တက်ရောက်နေသည့် ထူးချွန်လူငယ်များလည်း လျှောက်ထားနိုင်ပါသည်။

**အမှတ် ၁၉၀-၁၉၂၊ ရွှေဂုံတိုင်လမ်း၊ ၀၁-၀၁ ဒဂုံတာဝါ၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၂၇၈၈၊ ၅၄၃၁၉၈၊ ၅၄၄၁၃၈၊ ၅၄၄၃၄၀၊ ၅၄၄၃၄၁**

## ဂိုဒေါင်ငှားရန်

လှိုင်သာယာစက်မှုဇုန်(၃) ညောင်တုန်းလမ်းမပေါ်ရှိ စက်ရုံဂိုဒေါင်ငှားရန်ရှိသည်။ ဧရိယာ 27000 SQ.FT

**ဆက်သွယ်ရန် ဖုန်း-၀၉-၅၁၂၀၇၀၆၊ ၀၉-၅၁၅၇၆၇၃**

| **ဖခင်အမည်မှန်** | မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ အထက (ခွဲ) မင်းတန်းကျောင်း၊ သတ္တမတန်းမှ မိညိုညိုထွေး၏ ဖခင်အမည်မှန်မှာ ဦးမြင့်ထွေးဖြစ်ပါသည်။ **ဦးမြင့်ထွေး PAG -၁၆၁၆၇၉** |
|---|---|

## မွေးနေ့ဆုတောင်း

ဖေဖေ၊ မေမေတို့ရဲ့ နှလုံးသားနဲ့ဘဝကို အမြဲထာဝရ အေးမြစေတဲ့ ပြုံးအလှပိုင်ရှင် ချစ်သမီးလေး **"သွန်းနဒီဇင်"**ရဲ့ ၁၄-၇-၂၀၁၆ ရက်တွင် ကျရောက်သော (၂)နှစ်ပြည့် မွေးနေ့မှစ၍ နောင်နှစ်များစွာတိုင်အောင် ဘာသာတရားရဲ့ အဆုံးအမအောက်မှာ လောကကိုကောင်းကျိုးပြုနိုင်တဲ့ အဖိုးတန်သမီးကလေး ဖြစ်ပါစေ။

**ဖေဖေ - မောင်မောင်သက်လှိုင်ထွန်း**
**(သရုပ်ပြ၊ ရူပဗေဒဌာန၊ ဟသ်ာတ တက္ကသိုလ်)**
**မေမေ - မချိုဇင်ဝင်း**
**(စွမ်းပြည့်ထက်)ကျူရှင်နှင့်ဘော်ဒါ**




## အမည်မှန်နှင့် ဖခင်အမည်မှန်

တောင်ကြီးမြို့၊ ကျောက်တလုံးမြို့နယ်ခွဲ ထီခေါင်း(တောင်ရွာ)မှ မနန်းခံကောင်း၏ အမည်မှန်မှာ မနန်းခမ်းကောင်း ၁၃/ကတလ(နိုင်) ၀၁၄၉၄၀ဖြစ်ပြီး ဖခင်အမည်မှန်မှာ ဦးသောန ၁၃/ ကတလ(နိုင်)၂၂၁၉၆၄ ဖြစ်ပါသည်။

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် EE/1814 NISSAN AD VAY 12 ယာဉ်လက်ဝယ်ရှိသူ ဦးယူနွတ်(ခ)ဦးလှဌေး ၁၄/ပသန(နိုင်)၀၄၃၂၀၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံး(ပုသိမ်မြို့)**

# ကမ္ဘာ့မှတ်တမ်းဝင်လွန်ကဲပြင်းထန်သော မိုးလေဝသဖြစ်စဉ်များ

## သိပ္ပံစာရေးဆရာကိုကိုအောင်

ကမ္ဘာ့အရပ်ဒေသအသီးသီးတို့တွင် မတူညီသောရာသီဥတုများရှိနေပြီး နေ့စဉ်အားဖြင့်လည်း အမျိုးမျိုးအဖုံဖုံကွဲပြားခြားနားသည့် မိုးလေဝသဖြစ်စဉ်များကို ကြုံတွေ့ဖြတ်သန်းနေကြရသည်။ ကမ္ဘာအရပ်ရပ်၌ ဖြစ်ပေါ်နေသော နေ့စဉ်မိုးလေဝသဖြစ်စဉ်များကို အထူးသတိထားလေ့လာစောင့်ကြည့်ကာ ရာသီဥတုအခြေအနေများကိုလည်း မှတ်တမ်းပြုစုခဲ့ကြသော သိပ္ပံပညာရှင်များနှင့် မိုးလေဝသဆိုင်ရာကျွမ်းကျင်သူများသည် မိုးလေဝသမှတ်တမ်းများနှင့် သတင်းအချက်အလက်များကို အချင်းချင်းအပြန်အလှန် ဖလှယ်ခဲ့ကြခြင်းဖြင့် ကမ္ဘာ့နိုင်ငံဒေသများ၌ ဖြစ်ပေါ်နေသော မိုးလေဝသဖြစ်စဉ်များနှင့် ရာသီဥတုအခြေအနေတို့မှာ ဆက်စပ်ပတ်သက်နေခဲ့ကြောင်း တွေ့ရှိခဲ့ကြရသည်။

မျက်မှောက်ကာလတွင် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်ကြီးက ကမ္ဘာ့နိုင်ငံများ၏ ရာသီဥတုပြောင်းလဲနေမှုများ၊ အယ်နီညိုနှင့်လာနီညာကဲ့သို့သော အစွန်းရောက်ရာသီဥတုဖြစ်ပေါ်မှုများ၊ ဒေသအသီးသီးအတွက် မိုးလေဝသဆိုင်ရာ ယေဘုယျခန့်မှန်းချက်များစသည်တို့ကို နေ့စဉ်ထုတ်ပြန်ပေးလျက်ရှိနေသလို အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီကျွန်းရှိ ရေတပ်စခန်းကလည်း နိုင်ငံအသီးသီးတို့၏ ကမ်းလွန်ပင်လယ်ပြင်များနှင့် ပင်လယ်အော်များ၌ လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်နေမှုအခြေအနေများ၊ မုန်တိုင်းဖြစ်ပေါ်လာနိုင်မှုအခြေအနေများ၊ ဆူနာမီသတိပေးချက်များ စသည်တို့ကို အဆက်မပြတ်ထုတ်ပြန်သတိပေးလျက်ရှိနေပြီဖြစ်သည်။

မိုးလေဝသဆိုင်ရာခန့်မှန်းချက်များနှင့် ရာသီဥတုဆိုင်ရာမှတ်တမ်းများကို စနစ်တကျလုပ်ဆောင်နိုင်ခဲ့ချိန်မှစ၍ မျက်မှောက်ကာလအထိတိုင်ဖြစ်သည့် ကမ္ဘာ့မိုးလေဝသသမိုင်းတစ်လျှောက်တွင် ထိတ်လန့်အံ့ဩဖွယ်ကောင်းသော လွန်ကဲပြင်းထန်လှသည့် ဖြစ်စဉ်အချို့ကို ကြုံတွေ့ခဲ့ကြရသည်။ အများပြည်သူတို့ကိုမဆိုထားဘိ မိုးလေဝသဆိုင်ရာကျွမ်းကျင်သူများနှင့် သိပ္ပံပညာရှင်များကိုပင် အံ့အားသင့်စေခဲ့သော မိုးလေဝသဖြစ်စဉ်အချို့သည် ကမ္ဘာ့မိုးလေဝသမှတ်တမ်း၌ ကမ္ပည်းတင်စံပြုရသည့်အထိပင် ဖြစ်ပေါ်ခဲ့ဖူးသည်။

**မိုးလေဝသဆိုင်ရာခန့်မှန်းချက်များနှင့် ရာသီဥတုဆိုင်ရာ မှတ်တမ်းများကို စနစ်တကျ လုပ်ဆောင်နိုင်ခဲ့ချိန်မှစ၍ မျက်မှောက်ကာလအထိတိုင်ဖြစ်သည့် ကမ္ဘာ့မိုးလေဝသ သမိုင်းတစ်လျှောက်တွင် ထိတ်လန့်အံ့ဩဖွယ်ကောင်းသော လွန်ကဲပြင်းထန်လှသည့် ဖြစ်စဉ်အချို့ကို ကြုံတွေ့ခဲ့ကြ**

သာဓကတစ်ခုအနေဖြင့် အမေရိကန်ပြည်ထောင်စု ဟာဝိုင်ယီကျွန်းတွင် တစ်နှစ်တာကာလအတွင်း ရက်ပေါင်း ၃၅၀ တိတိ မိုးရွာသွန်းခဲ့ဖူးသောကြောင့် ကာလအရှည်လျားဆုံးသောစွတ်စိုမှုကြီးအဖြစ် ကမ္ဘာ့မိုးလေဝသမှတ်တမ်း၌ မှတ်တမ်းဝင်ခဲ့သည်ကို တွေ့ရှိနိုင်သည်။ ပင်လယ်ရေပတ်လည်ဝိုင်းနေသော ထိုကျွန်းပေါ်၌ တစ်နှစ်ပတ်လည်လုံးနီးပါး မိုးရွာသွန်းမှုကိုဖြစ်ပေါ်စေသော မိုးတိမ်များ၏စုဖွဲ့ဖြစ်ပေါ်နေခဲ့မှုသည် မိုးလေဝသဆိုင်ရာ သိပ္ပံပညာရှင်တို့အတွက် သင်ခန်းစာအသစ်တစ်ခုဖြစ်ခဲ့ရသည်။

ဟာဝိုင်ယီကျွန်းဖြစ်ရပ်နှင့် ဆန့်ကျင်ဘက်ကွာဟမှုကို လက်မြှောက်အရှုံးပေးခဲ့ကြရသည်။

ကမ္ဘာ့မိုးလေဝသနှင့် ရာသီဥတုမှတ်တမ်းတွင် ကမ္ဘာ့အပူဆုံးစံချိန်ကို လစ်ဗျားနိုင်ငံကတင်ခဲ့သလို ကမ္ဘာ့အအေးဆုံးစံချိန်ကို အန္တာတိကတိုက်ကတင်နိုင်ခဲ့သည်။ လစ်ဗျားနိုင်ငံ အဇီဇီယာဒေသ၌ ၁၉၂၂ ခုနှစ် စက်တင်ဘာလ ၁၃ ရက်နေ့၏အပူချိန်သည် ၁၃၆ ဒသမ ၄ ဒီဂရီဖာရင်ဟိုက်(၅၈ ဒီဂရီစင်တီဂရိတ်)ရှိခဲ့သည့်အတွက် ကမ္ဘာ့အပူဆုံးနေရာဒေသအဖြစ် မှတ်တမ်းဝင်သွားခဲ့သည်။ ထို့အတူပင် အန္တာတိကတိုက်၏ ဗော့စတော့ဒေသတွင် ၁၉၈၃ ခုနှစ် ဇူလိုင် ၂၁ ရက်က အပူချိန် အနုတ် ၁၂၈ ဒသမ ၆ ဒီဂရီဖာရင်ဟိုက် (အနုတ် ၈၉ ဒသမ ၂ ဒီဂရီစင်တီဂရိတ်) ဖြစ်စဉ်ကြီးတစ်ခုကလည်း ကမ္ဘာ့မိုးလေဝသဆိုင်ရာမှတ်တမ်းတွင် စံပြုရသောမှတ်တမ်းမှတ်ရာတစ်ခုအဖြစ် ဖော်ပြခြင်းခံခဲ့ရဖူးသည်။ ကမ္ဘာပေါ်ရှိ သဲကန္တာရနယ်မြေများအနက် တစ်ခုအပါအဝင်ဖြစ်သော ချီလီနိုင်ငံ အတာကာမာသဲကန္တာရဝန်းကျင်၌ တစ်နှစ်ပတ်လုံးရရှိသော မိုးရေချိန်ပမာဏသည် ၁/၂၅၀ လက်မ (၀ ဒသမ ၁ မီလီမီတာ)ထက်ပင် လျော့နည်းခဲ့ဖူးသည့်အတွက် ဟာဝိုင်ယီဖြစ်ရပ်နှင့် ဆန့်ကျင်ဘက်ဖြစ်ရပ်တစ်ခုအဖြစ် ကမ္ဘာ့အခြောက်သွေ့ဆုံးသော ဖြစ်ရပ်ဟူ၍ ကမ္ဘာ့မှတ်တမ်း၌ဝင်ခဲ့သည်။ ထိုဖြစ်ရပ်ကြီးက မိုးရွာသွန်းမှုကိုဖြစ်စေသော မိုးတိမ်များသည် သဲကန္တာရနယ်မြေတစ်ခုအပေါ်၌ ဖြစ်တည်ရန်အဘယ်ကြောင့် ဤမျှလောက်ခက်ခဲနေခဲ့ရသည် ဆိုသည့် ပုစ္ဆာတစ်ပုဒ်ကို မိုးလေဝသဆိုင်ရာ သိပ္ပံပညာရှင်တို့အတွက် ချန်ထားရစ်ခဲ့သည်။

မိုးလေဝသသတင်းများကို ကြေညာရာ၌ မြို့တစ်မြို့ သို့မဟုတ် ဒေသတစ်ခု၏ ၂၄ နာရီ တစ်ရက်တာအတွင်း အနိမ့်ဆုံးဖြစ်ပေါ်မည့် အပူချိန်နှင့်အမြင့်ဆုံးရှိနိုင်သည့် အပူချိန်တို့ကိုပါ ထည့်သွင်းကြေညာပေးလေ့ရှိကြသည်။ ထို့အတူပင် နိုင်ငံတစ်နိုင်ငံ၏ ဒေသတစ်ခုအတွင်း၌ ဆောင်းရာသီတွင်ရှိမည့် အနိမ့်ဆုံးအပူချိန်နှင့် နွေရာသီတွင်ရှိမည့် အမြင့်ဆုံးအပူချိန်တို့ကိုလည်း မိုးလေဝသနှင့် ရာသီဥတုဆိုင်ရာကျွမ်းကျင်သူတို့က ကြိုတင်တွက်ချက်ကာထုတ်ပြန်ကြေညာပေးလေ့ရှိကြသည်။

သာမန်အားဖြင့် ဆောင်းရာသီ၏ အနိမ့်ဆုံးအပူချိန်နှင့် နွေရာသီ၏အမြင့်ဆုံးအပူချိန်တို့မှာ သိသိသာသာကွာခြားလေ့ရှိသည်ကို အများကလက်ခံထားကြပြီးဖြစ်သည်။ သို့ရာတွင် ဆာဘီးယားနိုင်ငံအရှေ့မြောက်ဒေသ၌ ဆောင်းရာသီ၏ အနိမ့်ဆုံးအပူချိန်မှာ အနုတ် ၉၀ ဒီဂရီဖာရင်ဟိုက် (အနုတ် ၆၈ ဒီဂရီစင်တီဂရိတ်) ရှိနေခဲ့ရာမှ နွေရာသီသို့ရောက်သည့်အခါ အမြင့်ဆုံးအပူချိန်အဖြစ် ၉၈ ဒီဂရီဖာရင်ဟိုက် (၃၇ ဒီဂရီစင်တီဂရိတ်) အထိ မြင့်တက်ခဲ့ဖူးသော သာဓကရှိခဲ့သည်။

ထိုဒေသ၏ ဆောင်းရာသီနှင့်နွေရာသီတို့၏ အပူချိန်ကွာခြားမြင့်တက်မှုမှာ ၁၈၈ ဒီဂရီဖာရင်ဟိုက်(၁၀၅ ဒီဂရီစင်တီဂရိတ်)အထိ ရှိခဲ့သောကြောင့် မိုးလေဝသသိပ္ပံပညာရှင်တို့အတွက် အဖြေမညှိနိုင်သော ပဟေဠိတစ်ခုဖြစ်ခဲ့ရသည်။ နေ့နှင့်ညအပူချိန်ကွာဟမှု ကြီးမားလှပါသည်ဆိုသော အရှေ့အလယ်ပိုင်းဒေသများသည်ပင်လျှင် ဆာဘီးယားအရှေ့မြောက်ဒေသ၌ဖြစ်ပေါ်ခဲ့သည့် အပူချိန်ရှိခဲ့သည့်အတွက် ကမ္ဘာ့အအေးဆုံးဒေသအဖြစ် ကမ္ဘာ့မှတ်တမ်းဝင်ခဲ့သည်။



၁၉၁၇ ခုနှစ် မေလ ၂၆ ရက်က မစ်ဇူရီပြည်နယ်၌ တိုက်ခတ်သောလေဆင်နှာမောင်းကြောင့် ပျက်စီးခဲ့သည့်မြင်ကွင်း

မိုးလေဝသဆိုင်ရာသိပ္ပံပညာရှင်တို့ကို အံ့အားသင့်သွားစေခဲ့သောလေပြင်းတိုက်ခတ်မှု တစ်ခုကလည်း ကမ္ဘာ့သမိုင်းတွင် ဖြစ်ပေါ်ခဲ့ဖူးသည်။ အမေရိကန်ပြည်ထောင်စု နယူးဟမ်ရှိုင်းယားပြည်နယ် မောင့်ဝါရှင်တန်၌ ၁၉၃၄ ခုနှစ် ဧပြီလ ၁၂ ရက်နေ့က တိုက်ခတ်သွားသော လေပြင်းသည်တစ်နာရီလျှင်မိုင် ၂၃၁ နှုန်းရှိခဲ့ပြီး လူ့အသက်အိုးအိမ်စည်းစိမ်အများအပြားကို မိနစ်ပိုင်းအတွင်းမှာပင် ဖျက်ဆီးပစ်ခဲ့သော ကြောင့် လေပြင်းတိုက်ခတ်နှုန်းအမြင့်ဆုံးအဖြစ် ကမ္ဘာ့မိုးလေဝသမှတ်တမ်း၌ ဝင်ခဲ့သည်။

ကမ္ဘာပေါ်၌ လေဆင်နှာမောင်းတိုက်ခတ်မှုအများဆုံးနိုင်ငံဖြစ်သော အမေရိကန်ပြည်ထောင်စုအနေဖြင့် မကြုံစဖူးထူးကဲလှသော လေဆင်နှာမောင်းတိုက်ခတ်မှုတစ်ခုကို ကြုံတွေ့ခဲ့ရဖူးသည်။ ၁၉၁၇ ခုနှစ် မေလ ၂၆ ရက်နေ့က မစ်ဇူရီပြည်နယ်၌ စတင်တိုက်ခတ်သောလေဆင်နှာမောင်း သည် ခရီးအကွာအဝေး ၂၉၃ မိုင်အထိ ရွေ့လျားတိုက်ခတ်သွားခဲ့ပြီး အင်ဒီယာနာပြည်နယ်ထဲသို့ ရောက်ရှိသည့်အခါကျမှသာ အဆုံးသတ်သွားခဲ့သည်။ ထိုလေဆင်နှာမောင်းသည် တိုက်ခတ်ရွေ့လျားမှုလမ်းကြောင်း အရှည်လျားဆုံးသော လေဝဲကြီးတစ်ခုအဖြစ် ကမ္ဘာ့မှတ်တမ်း၌ ဝင်သွားခဲ့ကာ အမေရိကန်လူမျိုးတို့၏သားစဉ်မြေးဆက် အမှတ်တရရှိခဲ့သောဖြစ်ရပ်တစ်ခုလည်း ဖြစ်ခဲ့သည်။

အရပ်ဒေသတစ်ခု၌ မိုးရွာသွန်းမှုပမာဏ မည်ရွေ့မည်မျှရှိသည်ကို မိုးရေချိန်တိုင်းတာသည့်ကိရိယာဖြင့် တိုင်းတာတွက်ချက်ထုတ်ပြန်ပေးကြရသည်။ တစ်ရက် သို့မဟုတ် တစ်လ သို့မဟုတ် တစ်နှစ်အတွင်း အဆိုပါဒေသ၌ မိုးရေချိန်ပမာဏမည်မျှရရှိသည်ကို မိုးလေဝသနှင့် ဇလဗေဒဌာနများက စဉ်ဆက်မပြတ်စောင့်ကြည့်ကာ မှတ်တမ်းပြုစုထားရှိပေးကြရသည်။

ကမ္ဘာ့မိုးရေချိန်မှတ်တမ်းတွင် စံချိန်တင်ခဲ့သောမှတ်တမ်းမှတ်ရာ နှစ်ခုရှိနေခဲ့ပြီး ယနေ့အချိန်အထိ အဆိုပါမိုးရေချိန်မှတ်တမ်းများကို စံချိန်ချိုးနိုင်သည့် မိုးရေချိန်ပမာဏမျိုးမရရှိခဲ့ဖူးသေးပေ။ ၂၄ နာရီအတွင်း မိုးရေချိန်အများဆုံးရရှိခဲ့သော မှတ်တမ်းအဖြစ်မိုးရေချိန် ၇၃ ဒသမ ၅ လက်မရရှိခဲ့မှုနှင့် ၃၆၅ ရက် တစ်နှစ်တာအတွင်း မိုးရေချိန်အများဆုံးရရှိခဲ့သော မှတ်တမ်းအဖြစ် မိုးရေချိန် ၁၀၄၁ ဒသမ ၇၅ လက်မရရှိခဲ့မှုတို့သည် ကမ္ဘာ့မိုးရေချိန်ရရှိမှု အမြင့်ဆုံးစံချိန်များအဖြစ် ယနေ့ထိတိုင်မားမားမတ်မတ်ရပ်တည်လျက်ရှိနေကြသည်။

၁၉၅၂ ခုနှစ် မတ်လ ၁၅ ရက်နေ့နှင့် ၁၆ ရက်နေ့အကြား ၂၄ နာရီအချိန်ကာလအတွင်း အိန္ဒိယသမုဒ္ဒရာထဲရှိဒေသတစ်ခု၌ ရွာသွန်းခဲ့သော မိုးရေချိန်ရရှိမှု ပမာဏစုစုပေါင်းမှာ ၇၃ ဒသမ ၅ လက်မရှိခဲ့သောကြောင့် ၂၃ နာရီအတွင်း မိုးရေချိန်ပမာဏအများဆုံးအဖြစ် စံချိန်တင်ကာ ကမ္ဘာ့မိုးလေဝသသမိုင်းတွင် မှတ်တမ်းတင်ကျန်ရှိနေခဲ့သည်။

အလားတူပင် ၁၈၆၀ ပြည့်နှစ် ဩဂုတ်လ ၁ ရက်နေ့မှ ၁၈၆၁ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့အထိ တစ်နှစ်ပတ်လည်ကာလအတွင်း အိန္ဒိယနိုင်ငံ ချာရာပန်နီမြို့တွင် မိုးရေချိန်ရရှိမှု ပမာဏစုစုပေါင်းမှာ ၁၀၄၁ ဒသမ ၇၅ လက်မရှိခဲ့သောကြောင့် တစ်နှစ်တာအတွင်း မိုးရေချိန်ရရှိမှုပမာဏအများဆုံးအဖြစ်စံချိန်တင်ကာ ကမ္ဘာ့မိုးလေဝသသမိုင်း၌ မှတ်တမ်းဝင်သွားခဲ့သည်။

ကမ္ဘာ့အရပ်ရပ်တွင် မိုးသီးကြွေကျခြင်းကို အများအားဖြင့် တွေ့ဖူးကြုံဖူးလေ့ရှိကြသည်။ မိုးသီးကြွေကျမှုဖြစ်စဉ်များ၏ ရာခိုင်နှုန်းအများစုတို့တွင် အရပ်အခေါ်အားဖြင့် သာဂူစေ့အရွယ်မှ ဇီးကင်းအရွယ်ခန့်အထိသာရှိသော မိုးသီးများသည် ကမ္ဘာ့မြေပြင်ပေါ်သို့ တဖွဲဖွဲကျရောက်လေ့ရှိကြသည်။ မိုးသီးကြွေကျချိန်တွင် ကလေးသူငယ်များအနေဖြင့် အလွန်ပျော်ရွှင်လေ့ရှိကြသလို လူကြီးသူမများကလည်း ထူးထူးဆန်းဆန်းဖြစ်ရပ်တစ်ခုအဖြစ် စိတ်ဝင်တစားရှိကြသည်ကို တွေ့ရှိနိုင်သည်။

ကမ္ဘာ့မိုးလေဝသမှတ်တမ်းတွင် အရွယ်အစားအကြီးမားဆုံးသော မိုးသီးကြီးတစ်လုံး ကောင်းကင်ယံမှ မြေပြင်ပေါ်သို့ကျရောက်လာခဲ့ဖူးသည်။ ၁၉၈၆ ခုနှစ် ဧပြီလ ၁၄ ရက်နေ့က ဘင်္ဂလားဒေ့ရှ်နိုင်ငံ ဂိုပါလ်ဂရီဒေသ၌ တစ်ကီလိုဂရမ် (၂ ဒသမ ၂ ပေါင်) အလေးချိန်ရှိသော ရေခဲမိုးသီးကြီး ကြွေကျခဲ့ရာ ယင်းကို ကမ္ဘာ့အကြီးဆုံးသော မိုးသီးအဖြစ် မှတ်တမ်းတင်ခဲ့ကြသည်။

ကမ္ဘာတစ်ဝန်း၌ အထက်ဖော်ပြပါကဲ့သို့သော လွန်ကဲပြင်းထန်သည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပွားပေါ်ပေါက်ခဲ့ဖူးသလိုပင် သဘာဝအလျောက်ဖြစ်ပေါ်ခဲ့သော ထူးဆန်းသည့်ဖြစ်ရပ်တချို့လည်းရှိခဲ့ဖူးသည်။ သာဓကအားဖြင့် ဩစတြေးလျနိုင်ငံ နယူးဆောက်ဝေးလ်ပြည်နယ် ကမ်းရိုးတန်းဒေသတစ်ခု၌ အချင်း ၁၀ ပေရှိသော ရေမရေလုံးကြီးပန်းထွက်ရာ၌ အထက်သို့ ၅၀၁၂ ပေအထိ မြင့်တက်ခဲ့သောကြောင့် သဘာဝအလျောက် ရေပန်းထွက်မှုအမြင့်ဆုံးအဖြစ် မှတ်တမ်းတင်ခံခဲ့ရသည်။

၁၈၈၃ ခုနှစ်က အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်းအနီး၌ တည်ရှိခဲ့သော ကာရာကာတိုကျွန်းပေါ်ရှိ မီးတောင်ကြီးသည် ဟိုက်ဒရိုဂျင်ဗုံးအလုံး ၃၀ ပေါက်ကွဲမှုအားဖြင့် ပွင့်အန်ပေါက်ကွဲခဲ့ရာ လူ့သမိုင်းတစ်လျှောက် အကျယ်လောင်ဆုံးသော ဆူညံသံကြီးထွက်ပေါ်ခဲ့သည်။ အဆိုပါ မီးတောင်ပေါက်ကွဲသံကြီးကို ကီလိုမီတာ ၅၀၀၀ မျှ ကွာဝေးသော ဩစတြေးလျနိုင်ငံ ကုန်းတွင်းဒေသများကပင် အတိုင်းသား ကြားခဲ့ကြရသည်။

ကာရာကာတိုမီးတောင်ကြီး ပေါက်ကွဲမှုကြောင့် ပေ ၁၃၀ မြင့်မားသော ပင်လယ်လှိုင်းတံပိုးကြီးများထကြွကာ ဂျာဗားကျွန်းအနောက်ပိုင်းဒေသများ၊ ဆူမားတြားကျွန်းအရှေ့တောင်ပိုင်းရှိ ကျွန်းငယ်များနှင့် ရွာအားလုံးကို ဝါးမျိုပစ်လိုက်သည့်အတွက် လူပေါင်း ၃၆၀၀၀ ခန့်သေဆုံးခဲ့ရသည်။ ကာရာကာတိုကျွန်းကြီးလည်း တစ်စစီကြေမွပျက်စီးကာ ပင်လယ်ရေအောက်သို့ စုန်းစုန်းမြုပ်သွားခဲ့ပြီး ကမ္ဘာ့မြေပုံပေါ်မှ အပြီးတိုင်ပျောက်ကွယ်သွားခဲ့သည်။ ထိုဖြစ်ရပ်ကြီးသည် ကမ္ဘာ့အကြီးကျယ်ဆုံး မီးတောင်ပေါက်ကွဲမှုကြီးအဖြစ် မှတ်တမ်းတင်ခံခဲ့ရတာ ယနေ့အချိန်အထိ ထိုမျှလောက်ပြင်းထန်ကျယ်လောင်သော မီးတောင်ပေါက်ကွဲမှုမျိုးကို မကြုံဖူးကြရသေးပေ။

နောက်ဆုံးသာဓကတစ်ခုအဖြစ် ရေခဲအိုင်ပေါက်ကွဲမှုကြောင့် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးခဲ့ရသောဖြစ်ရပ်ကို ကမ္ဘာ့မှတ်တမ်း၌ အထင်အရှားမှတ်တမ်းတင်ထားခဲ့သည်ကို တွေ့ရှိနိုင်သည်။ ၁၉၄၁ ခုနှစ်က မီးတောင်ရှင်တစ်ခု၏ ထိပ်ပေါ်၌ သဘာဝအလျောက်ဖြစ်ပေါ်တည်ရှိနေသော ရေခဲအိုင်ကြီးမှာ မီးတောင်ပေါက်ကွဲပွင့်အန်မှုကြောင့် ဆက်စပ်ပေါက်ကွဲမှုဖြစ်ပေါ်ပြီး ရေခဲအိုင်တစ်ဖြစ်လည်း ဆူပွက်နေသောရေများက ဘေးမြေသားနံရံများကို ထိုးဖောက်ပြီး မြစ်ကြီးတစ်စင်းအသွင်ဖြင့် အလုံးအရင်းနှင့်စီးဆင်းလာမှုကြောင့် လူပေါင်း ၆၀၀၀ ကျော်သေဆုံးခဲ့ရသည့် ပီရူးနိုင်ငံ၏ ဖြစ်ရပ်သည် ရေခဲအိုင်ပေါက်ကွဲမှုကြောင့် ဖြစ်ရသော လူ့အသက်သေဆုံးရနှုန်းအမြင့်မားဆုံးအဖြစ် ကမ္ဘာ့သဘာဝဘေးအန္တရာယ်မှတ်တမ်း၌ မှတ်တမ်းတင်ခံခဲ့ရသော ဖြစ်ရပ်ကြီးတစ်ခုဖြစ်ခဲ့ရပေတော့သည်။

# ရွှေ့ပြောင်းနေထိုင်သူများအား ပုံစံ ၆၆/၆ အိမ်ထောင်စုစာရင်းများထုတ်ပေး

**လွိုင်ကော် ဇူလိုင် ၁၃**

ကယားပြည်နယ် လွိုင်ကော်မြို့နယ် နမ့်ကွက်ရပ်ကွက် မူလွန်ကျောင်း၌ ဇူလိုင် ၈ ရက်က အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကယားပြည်နယ် လွိုင်ကော်မြို့နယ် ဦးစီးမှူးရုံးနှင့် NRC အဖွဲ့တို့ ပူးပေါင်း၍ ရက် ၁၀၀ စီမံချက်အရ ပြောင်းရွှေ့အိမ်ထောင်စု ၄၅ စု၊ လူဦးရေ ၁၁၀ ၏ အိမ်ထောင်စုစာရင်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။




အဆိုပါပေးအပ်ပွဲသို့ ကယားပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတင်မြင့်၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဦးစီးမှူး၊ ညွှန်ကြားရေးမှူး ဦးဝင်းခိုင်တို့က စီမံချက်ကွင်းဆင်းဆောင် ရွက်ပေးမှုအခြေအနေများကို ရှင်းလင်းပြောကြားကာ အိမ်ထောင်စုစာရင်းများအား ကာယကံရှင်များ လက်ဝယ်သို့ တစ်ဦးချင်း အခမဲ့ပေးအပ်ခဲ့သဖြင့် ဒေသခံများကိုယ်စား နမ့်ကွက်ရပ်ကွက် အုပ်ချုပ်ရေးမှူးက "ပြောင်းရွှေ့ခဲ့တဲ့ မြို့နယ်တွေကို သွားရောက်စရာမလိုတော့လို့ ကုန်ကျစရိတ်မရှိဘဲ လက်ရှိနေထိုင်တဲ့မြို့မှာပဲ အခမဲ့ရရှိလို့ ဒေသခံများဝမ်းမြောက်လျက်ရှိပါတယ်"ဟု ပြောသည်။

**ကိုမျိုး(ရွှေပေါက္ကံ)**

# ဘိန်းအစားထိုးနှစ်ချင်းသီးနှံမျိုးစေ့နှင့် နှစ်ရှည်ပျိုးပင်များ တောင်သူများသို့ပေးအပ်

**သီပေါ ဇူလိုင် ၁၃**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ၂၀၁၆-၂၀၁၇ ခုနှစ် မူးယစ်ဆေးဝါးပပျောက်ရေး စတုတ္ထငါးနှစ်စီမံကိန်း ဘိန်းအစားထိုးနှစ်ချင်းသီးနှံမျိုးစေ့၊ နှစ်ရှည်ပျိုးပင်နှင့် ဓာတ်မြေဩဇာ(အခမဲ့) ပေးအပ်ပွဲကို ဇူလိုင် ၁၁ ရက်နံနက်က မြို့နယ်အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ နမ္မတူမြို့နယ် အုပ်ချုပ်ရေးမှူး ဦးသိန်းဆင့်နှင့် ကျောက်မဲခရိုင်စိုက်ပျိုးရေး ဦးစီးမှူး ဦးမောင်မောင်အေးတို့က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးထွန်းမင်းဦးက ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေး လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ခရိုင်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ဘိန်းအစားထိုးသီးနှံများဖြစ်သော မိုးစပါး၊ ပုလဲသွယ် (နယူးရော-၁) အစေ့ထုတ်ပြောင်းမျိုး၊ ထောပတ်၊ လိမ္မော်နှစ်ရှည်ပျိုးပင်၊ သွင်းအားစုဓာတ်မြေဩဇာများကို ဖြန့်ဖြူးပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**



**ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပန်းတောင်းမြို့နယ် ဥသျှစ်ပင်မြို့ လျှပ်စစ်အင်ဂျင်နီယာရုံး၏ အုပ်ချုပ်မှုနယ်မြေတွင် မိုးရာသီကာလအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းဝေးစေရေးအတွက် ဥသျှစ်ပင်ဈေးရှေ့တွင် မြို့လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်မျိုးမင်း ဦးဆောင်သောဝန်ထမ်းများ ဇူလိုင် ၈ ရက်က ဥသျှစ်ပင်ဈေးအတွင်း ပြည်သူများလျှပ်စစ်အသုံးပြုလျှင် သတိပြုဖွယ်ရာအချက်များပါဝင်သော လက်ကမ်းစာစောင်များအား ဖြန့်ဝေပေးစဉ်။**
မြင့်နိုင်(ပြည်)

# ဆေးပညာနှင့် အသည်းရောဂါ အကြောင်း ဟောပြော

**မိတ္ထီလာ ဇူလိုင် ၁၃**

မိတ္ထီလာမြို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့အမှတ်(၃၅) လုံခြုံရေးရဲတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ဝင်များ၊ မိသားစုဝင်များအား မြန်မာနိုင်ငံဆရာဝန်အသင်း(မန္တလေး)နှင့် (မိတ္ထီလာ)အသင်းတို့ပူးပေါင်း၍ ဆေးပညာနှင့် အသည်းရောင်ရောဂါအကြောင်း သိကောင်းစရာများ ဟောပြောပွဲနှင့် အခမဲ့ဘီပိုးကာကွယ်ဆေးထိုးနှံခြင်းကို ဇူလိုင် ၁၀ ရက် နံနက်က တပ်ဖွဲ့ခွဲခန်းမ၌ကျင်းပခဲ့ရာ ဒေါက်တာအေးအေးဟန် ဦးဆောင်သော အသည်းဖောင်ဒေးရှင်းမန္တလေးမှ အသည်းရောင်ရောဂါအကြောင်း သိကောင်းစရာများဟောပြော၍ အသည်းရောင် ဘီပိုးကာကွယ်ဆေးကို ထိုးနှံပေးခဲ့ကြပြီး ပါမောက္ခဒေါက်တာသက်သက်မြင့် ဦးဆောင်သော သားဖွားမီးယပ်အဖွဲ့က ပြင်ပလူနာဌာနတွင် အမျိုးသမီး ၉၅ ဦးတို့ကို သားအိမ်ဝ ကင်ဆာရှိမရှိ စစ်ဆေးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# စိုက်ပျိုးချိန်အမီချေးငွေကြောင့် လုပ်ငန်းတွင်ကျယ်




**တောင်ငူ ဇူလိုင် ၁၃**

တောင်ငူမြို့နယ် သမဝါယမဦးစီးဌာနမှ အခြေခံသမဝါယမ အသင်းများသို့ EXIM BANK ချေးငွေပေးအပ်ပွဲ အခမ်းအနားကို တောင်ငူမြို့ငါးဖယ်အင်းကျေးရွာဓမ္မာရုံ၌ ဇူလိုင် ၁၀ ရက်နံနက်က ကျင်းပသည်။

အခမ်းအနားတွင် ပဲခူးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိန်လှက အမှာစကားပြောကြားပြီး ရွှေအင်းမြေ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမအသင်း၊ သုခစံ စိုက်ပျိုးရေးနှင့် အထွေထွေသမဝါယမ အသင်း၊ မြင့်မြတ်သူ မွေးမြူရေးနှင့် အထွေထွေသမဝါယမ အသင်းများသို့ ချေးငွေစုစုပေါင်း ၂၂၆ သိန်းကို အသင်းဥက္ကဋ္ဌများလက်ဝယ်သို့ ပေးအပ်ခဲ့သည်။ အဆိုပါအခမ်းအနားသို့ တက်ရောက်လာသည့် တောင်သူဦးထိန်လင်းက "စိုက်ပျိုးချိန်အမီချေးငွေရတဲ့အတွက် ကျွန်တော်တို့ တောင်သူတွေအနေနဲ့ အများကြီးအကျိုးဖြစ်ထွန်းပါတယ်၊ ယခင်ကထက်ပိုပြီး လုပ်ငန်းခွင်ပိုပြီးတွင်ကျယ်လာပါတယ်"ဟု ပြောကြားခဲ့ကြောင်းသိရသည်။

**သူရ(တောင်ငူ)**

# မြစိမ်းရောင်ကျေးရွာစီမံခန့်ခွဲမှုနှင့် ငွေစာရင်းသင်တန်းဖွင့်

**ဘီးလင်း ဇူလိုင် ၁၃**

ဘီးလင်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နိုင်ငံတော်မှ မတည်သော အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ကျပ်သိန်း ၃၀၀ ဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် ဘီးလင်းမြို့နယ်၌ အကောင်အထည်ဖော်ဆောင်ရွက်နေသော မြစိမ်းရောင်ကျေးရွာစီမံကိန်း စီမံခန့်ခွဲမှုနှင့် ငွေစာရင်းသင်တန်းကို ဇူလိုင် ၁၁ ရက်က မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးရုံး၌ ဖွင့်လှစ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်သွားမည့် ဆပ်သွား၊ ဖားကဒူး၊ ကရဝေးဆိပ်ကျေးရွာများမှ မြစိမ်းရောင် ကော်မတီဝင်များတက်ရောက်ကြပြီး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနဦးစီးမှူး ဦးမြင့်နိုင်ဦးက စီမံခန့်ခွဲမှုဆိုင်ရာနှင့် တာဝန်ရှိသူများက စည်းကမ်းချက်များ၊ ငွေစာရင်းရေးသွင်းနည်းပုံစံများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဘီပိုးကာကွယ်ဆေးထိုးခြင်း ပထမအသုတ် ဒုတိယအကြိမ်ကျင်းပ



**ကြို့ပင်ကောက် ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ်တွင် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဘီပိုးကာကွယ်ဆေးထိုးခြင်း ပထမအသုတ် ဒုတိယအကြိမ်ကို တာဝတိံသာကျောင်းတိုက်ဓမ္မာရုံ၌ ဇူလိုင် ၁၁ ရက်နံနက် ၈ နာရီမှစတင်ကျင်းပခဲ့သည်။

အဆိုပါ ဘီပိုးကာကွယ်ဆေးထိုးခြင်းမှာဇွန် ၇ ရက်က ပထမအကြိမ်ဆေးထိုးထားသူ ၂၁၁၃ ဦးကို ဒုတိယအကြိမ် ထပ်မံထိုးနှံပေးခြင်းဖြစ်ပြီး တတိယအကြိမ်ကို နောက်နှစ်လအကြာတွင် ထပ်မံထိုးနှံပေးမည်ဖြစ်ကြောင်း သိရသည်။

ယင်းအစီအစဉ်ကို ကြို့ပင်ကောက်မြို့နယ် ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဝံသာနုရက္ခိတအဖွဲ့တို့က ဝိုင်းဝန်းကူညီ ဆောင်ရွက်နေခြင်းဖြစ်ပြီး ကြို့ပင်ကောက်မြို့နယ် ဝံသာနုရက္ခိတအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စိုးက "ပထမအကြိမ်ထိုးပြီးသားသူတွေ ယခုဒုတိယအကြိမ်ထိုးရမှာ ဖြစ်ပါတယ်။ အကြောင်းတစ်စုံတစ်ရာရှိလို့ လာမထိုးဖြစ်ရင်ဆေးကပျက်ပြယ်သွားမှာဖြစ်ပြီး နောက်တစ်ခါ အစကပြန်ထိုးရမှာဖြစ်ပါတယ်။ နောက်တစ်ကြိမ် အစကပြန်ထိုးဖို့ကို လာမယ့် ၂၆ ရက်မှာ ဆောင်ရွက်ဖို့ စီစဉ်နေပါတယ်"ဟု ပြောသည်။

**(မြို့နယ် ပြန်/ဆက်)**

# ဖြူစင်အလင်းရောင် ပညာဒါန အခမဲ့စာသင်ကျောင်းဖွင့်

**ပေါင်းတည် ဇူလိုင် ၁၃**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါင်းတည်မြို့နယ် ဖြူစင်အလင်းရောင်ပညာဒါန အခမဲ့စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲကို ဇူလိုင် ၉ ရက် နံနက်က နွယ်ချို(၁) ရပ်ကွက် (၁၈)လမ်းရှိ အဆိုပါကျောင်းရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ကျောင်းဆောင်သစ်ကို တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ ကျောင်းတည်ဆောက်ရေးကော်မတီနာယက ဆရာကြီးဦးသိန်းလွင်၊ တိုင်းဒေသကြီးပညာရေးမှူး ဒေါ်မြင့်မြင့်သန်း၊ တိုင်းဒေသကြီးလူမှုရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဦးမောင်မောင်လွင် အလှူရှင်ကိုယ်စား ကရုဏာရှင်ကူညီမှုအသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဆက်လက်၍ တာဝန်ရှိသူများက ကျောင်းနှင့်ပတ်သက်သည်များကို ရှင်းလင်းတင်ပြပြီး အထိမ်းအမှတ်အလံများ ပေးအပ်သည်။ ယခုဖွင့်လှစ်သည့် ကျောင်း၏ တာဝန်ခံဆရာတော် ဦးဩဘာသက ဖြူစင်အလင်းရောင် ပညာဒါနအခမဲ့ စာသင်ကျောင်းကို ၂၀၀၉ ခုနှစ်မှ စတင်ခဲ့ကြောင်း ယခုကျောင်းသစ်ကြီးကို ရပ်ဝေး/ရပ်နီး စေတနာရှင်များ၊ မြို့နယ်အတွင်းရှိ စေတနာရှင်များက ကျောင်းနှင့်ပရိဘောဂအပြင် စာသင်ခုံများအတွက် အလှူငွေကျပ်သိန်း ၁၇၀၀ ကျော် လှူဒါန်းခဲ့ရာ ကျောင်းဆောင်သစ်တွင် စာသင်ခန်းရှစ်ခန်းနှင့်စာကြည့်တိုက် တစ်ခန်းပါရှိကာ စတုတ္ထတန်းမှ တက္ကသိုလ်ဝင်တန်းအထိ ကျောင်းသား ကျောင်းသူ ၇၀၀ ကျော်ပညာသင်ကြားနေကြောင်းနှင့် ပညာဒါနယူလိုသူ ဆရာ ဆရာမ ၁၇ ဦးတို့က တာဝန်ခံဆရာတော်နှင့်အတူ သင်ကြားလျက်ရှိကြောင်း သိရသည်။

**တင်ဝင်းဇော်(မင်းသားကြီး)**

# တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် ဒေသခံပြည်သူများ တွေ့ဆုံ

**ပူတာအို ဇူလိုင် ၁၃**

ကချင်ပြည်နယ်အစိုးရအဖွဲ့ဝင် လီဆူ၊ ရှမ်း၊ ဗမာ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများနှင့် ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ၊ နိုင်ငံရေးပါတီဝင်များ ဘာသာရေးအသင်းအဖွဲ့များနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များ တွေ့ဆုံပွဲကို ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ဇူလိုင် ၁၁ ရက်က ကျင်းပခဲ့သည်။

တွေ့ဆုံပွဲတွင် ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစိုင်းစိန်လင်းက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ကြရန်၊ တိုင်းရင်းသားစာပေများ၏ တန်ဖိုးနှင့် တိုင်းရင်းသားစာပေများ မပျောက်ပျက်အောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ပြောကြားပြီး ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးခင်မောင်မြင့်(ခ)ဦးဒိတ်က ဒေသခံပြည်သူများ၏ အသံများကို များများနားထောင်ချင်ကြောင်း၊ ဒေသခံပြည်သူများက ပွင့်ပွင့်လင်းလင်းဆွေးနွေးမှသာ ဒေသလိုအပ်ချက်များကို သိရှိလာမည်ဖြစ်ကြောင်း ပြောကြားသည်။ ထို့နောက် လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးအားတီယောဟန်က အစိုးရ၏ ရက် ၁၀၀ စီမံချက်ကာလအတွင်း ဌာနဆိုင်ရာများမှ ပြည်သူများအတွက် လုပ်ငန်းဆောင်ရွက်ရာတွင် အမှန်တကယ် ထိရောက်မှုရှိမရှိ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက လက်တွေ့ကွင်းဆင်း လေ့လာသွားမည်ဖြစ်ကြောင်း၊ လီဆူ၊ ရှမ်း နှင့် ဗမာတိုင်းရင်းသားများသာမက အခြားတိုင်းရင်းသားများကလည်း ဒေသလိုအပ်ချက်များကို ပွင့်ပွင့်လင်းလင်း တင်ပြဆွေးနွေးစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဒေသခံပြည်သူများက တိုင်းခန္တီ နာရေးကူညီမှုအသင်းအတွက် ကားများလိုအပ်ချက်ရှိနေခြင်း၊ မိုးတွင်းကာလတွင် ဆန်ပြတ်လပ်မှုမဖြစ်ပွားစေရေး ကူညီဆောင်ရွက်ပေးရန်၊ သတင်းမီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာစေရန်၊ ကောင်ကထောင်ရပ်ကွက် သုသာန်သွားလမ်းကို ခင်းပေးရန်နှင့် ကွန်ကရစ်တံတားဆောက်လုပ်ပေးရန်၊ မြို့မရပ်ကွက် မြို့ပတ်လမ်းတွင် ကတ္တရာခင်းပေးရန် စသည့် လိုအပ်ချက်များကို တင်ပြကြပြီး လီဆူတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် လီဆူ၊ ရဝမ် ၊ ဂျိမ်းဖော၊ ရှမ်း စာပေနှင့် ယဉ်ကျေးမှုအဖွဲ့များအား ထောက်ပံ့ ငွေကျပ် လေးသိန်းစီကိုလည်းကောင်း၊ အခမ်းအနားပြင်ဆင်စရိတ် ကျပ်တစ်သိန်းကိုလည်းကောင်း၊ တိုင်းခန္တီ နာရေးကူညီမှုအသင်းအတွက် ထောက်ပံ့ငွေကျပ် တစ်သိန်းကိုလည်းကောင်း တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများက ပေးအပ်ခဲ့ကြသည်။

**(ခရိုင် ပြန်/ဆက်)**

## သတင်းတိုများ

### စာဖတ်စွမ်းရည်ပြိုင်ပွဲပြုလုပ်

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းစာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးနှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရေးအတွက် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ဇူလိုင် ၁ ရက်က ပြုလုပ်ခဲ့ပြီး ပုလဲမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှူး ဦးမြင့်သိန်းစိုးက စာဖတ်စွမ်းရည်ပြိုင်ပွဲ ကျင်းပသည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားကာ ကျောင်းစာကြည့်တိုက်အတွက် သုတရသစာအုပ်များကို ပေးအပ်လှူဒါန်းသည်။ ထို့နောက် စာဖတ်စွမ်းရည်ပြိုင်ပွဲကို ကျင်းပရာ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၀ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရသူများအား မြို့နယ်ပြန်/ဆက်ဦးစီးမှူးက ဆုများပေးအပ်ချီးမြှင့်ခဲ့သည်။

**မင်းခန့်စိုး(ဧယျာမြေ)**

### ရိုးရာလက်ဝှေ့ ရွှေခါးပတ်ချန်ပီယံများ ဂုဏ်ပြု

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်က ကြီးမှူးကျင်းပခဲ့သည့် ၂၀၁၆ ခုနှစ် အဌမအကြိမ်မြောက် မြန်မာ့ရိုးရာလက်ဝှေ့ရွှေခါးပတ်ချန်ပီယံဗိုလ်လုပွဲကြီးတွင် ရွှေခါးပတ်ပိုင်ရှင်များအား Great Tiger Group က ထပ်ဆင့်ဂုဏ်ပြုဆု ချီးမြှင့်ပွဲကို ဇူလိုင် ၁၁ ရက်က ရန်ကုန်မြို့ သိမ်ဖြူလက်ဝှေ့ရုံ လေ့ကျင့်ရေးခန်းမ၌ ကျင်းပသည်။ ရှေးဦးစွာ မြန်မာနိုင်ငံရိုးရာလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသိန်းအောင်က အမှာစကား ပြောကြားပြီး GTG မှ ဦးစိုးမင်းက ထပ်ဆင့်ဂုဏ်ပြုရခြင်းအကြောင်းပြောကြားကာ ရွှေခါးပတ်ချန်ပီယံရရှိခဲ့ကြသော အားကစားသမားများအား ငွေကျပ် ငါးသိန်းနှင့် GTG အထိမ်းအမှတ်အလံများကို ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ချီးမြှင့်ကြသည်။

**တင်စိုး(မြန်မာ့အလင်း)**

### မူးယစ်ဆေးဝါးအန္တရာယ်အကြောင်းပညာပေးဆွေးနွေး

ကမာရွတ်မြို့နယ် ပြည်ရိပ်မွန်အိမ်ရာ ဇေယျာသုခဘုန်းတော်ကြီးကျောင်း၌ ရပ်ကွက်နေပြည်သူများအား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်အကြောင်း ပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၆ ရက်က ပြုလုပ်ခဲ့ပြီး ဆွေးနွေးပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းနိုင်ထွန်းနှင့် မြို့နယ်သတင်းစာဆရာများအသင်းဥက္ကဋ္ဌ ဦးခင်မောင်သော်တို့က မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် ကြုံတွေ့ရနိုင်သော လူမှုရေး၊ စီးပွားရေးဆိုင်ရာ နောက်ဆက်တွဲဆိုးကျိုးများအကြောင်းကို ဆွေးနွေးခဲ့သည်။

**ခင်မောင်သော်(ကမာရွတ်)**

### ကျေးလက်စာကြည့်တိုက်များအတွက် စာအုပ် ၃၀၀၀ နီးပါး လှူဒါန်း

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ်အတွင်းရှိ ကျေးလက်စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေး၊ စာငှားသူ စာဖတ်သူများဖြင့် သက်ဝင်လှုပ်ရှားမှုရှိစေရေးနှင့် စာဖတ်ရှိန်မြှင့်တင်နိုင်ရေးကို ရည်ရွယ်၍ မြို့နယ်အတွင်း တောင်ပေါ်ဒေသရှိ ကျေးရွာစာကြည့်တိုက် ၃၀ အတွက် တစ်တိုက်လျှင် စာအုပ်စာစောင် ၅၀ နှုန်းဖြင့် စုစုပေါင်း စာအုပ် ၁၅၀၀ ကို ပုလဲမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတိုးတိုးဝင်းကလည်းကောင်း၊ မြေပြန့်ဒေသရှိ ကျေးရွာစာကြည့်တိုက် ၂၉ တိုက်အတွက် စာအုပ် စာစောင် ၁၄၅၀ ကို မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဦးမြင့်သိန်းစိုးကလည်းကောင်း ကျေးရွာအုပ်ချုပ်ရေးမှူးများထံ ပေးအပ်ခဲ့သည်။

**မင်းခန့်စိုး( ဧယျာမြေ)**

# လမ်းပေါ်နေကလေးများ ပပျောက်အောင် မလုပ်နိုင်သေးသော်လည်း လျော့နည်းသွားစေရန် လူမှုရေးရာစီမံခန့်ခွဲမှုစနစ်အရ ဆောင်ရွက်နေ

**မုံရွာ ဇူလိုင် ၁၃**

လမ်းပေါ်နေကလေးများကို ပပျောက်အောင် ဆောင်ရွက်နိုင်ခြင်း မရှိသေးသော်လည်း လျော့နည်းသွားစေရမည်ဖြစ်ကြောင်း လူမှုဝန်ထမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ကျော်မိုးက မုံရွာမြို့ ဝင်းယူနတီဟိုတယ်၌ ဇူလိုင် ၁၁ ရက်က ကျင်းပခဲ့သော လူမှုရေးရာ စီမံခန့်ခွဲမှုလုပ်ငန်း မိတ်ဆက်ခြင်းအခမ်းအနားတွင် ပြောကြားသည်။

"လူမှုရေးရာ စီမံခန့်ခွဲမှုစနစ်ဆိုတာ ရပ်ရွာအတွင်း လူမှုရေးပြဿနာဖြစ်တယ်ဆိုရင် စနစ်တကျလေ့ကျင့်ပေးထားတဲ့ လူမှုဝန်ထမ်းဦးစီးက ဝန်ထမ်းတွေကနေ သူ့ရပ်ရွာထဲမှာရှိတဲ့ ဝန်ဆောင်မှုပေးနိုင်တဲ့ အဖွဲ့အစည်း လူပုဂ္ဂိုလ်တွေနဲ့အတူ ကူညီဖြေရှင်းပေးတဲ့ လုပ်ငန်းစဉ်ဖြစ်ပါတယ်။ ယနေ့လုပ်ငန်းစဉ်ဟာ ကလေးသူငယ်တွေကိုကာကွယ်တဲ့ လုပ်ငန်းစဉ်နဲ့ စတင်မှာဖြစ်ပါတယ်။ ကလေးတွေအနေနဲ့ လိင်ပိုင်းဆိုင်ရာ နှိပ်စက်စော်ကားခံရတာတွေ၊ လူမှောင်ခိုအကူးခံရတာတွေ၊ ပြစ်မှုကျူးလွန်ခံရတဲ့ကလေးတွေရှိတယ်။ အဲဒီကလေးတွေအတွက် တရားဥပဒေလမ်းကြောင်းအရ ဆောင်ရွက်ပေးရမယ့်လုပ်ငန်းစဉ်တွေကို လူမှုဝန်ထမ်းဦးစီးဌာန ဝန်ထမ်းတွေက လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်ကို အကောင်အထည်ဖော်တာဖြစ်ပါတယ်။ လမ်းပေါ်နေကလေးတွေ လူကြီးတွေဆိုတာ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတောင် ရှိနေတာဆိုတော့ ပပျောက်အောင်တော့ မလုပ်နိုင်သေးပေမယ့် လျော့နည်းစေမှာတော့ အာမခံပါတယ်"ဟု ညွှန်ကြားရေးမှူးက ပြောသည်။

ကလေးသူငယ်များကို စောင့်ရှောက်သည့်လုပ်ငန်းစဉ်များတွင် လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုစနစ်မှာ ထိရောက်သည့်လုပ်ငန်းစဉ်ဖြစ်ပြီး ယခင်က ဆောင်ရွက်နိုင်ခြင်းမရှိသော်လည်း ယခုအခါ ဆောင်ရွက်လာနိုင်မည်ဖြစ်သည့်အပြင် ယခုစနစ် အကောင်အထည်ဖော်ပြီးနောက်ပိုင်းတွင် စနစ်ကြောင့် ပိုမိုဆောင်ရွက်လာနိုင်မည်ဟု ယုံကြည်ကြောင်းလည်း ညွှန်ကြားရေးမှူးက ဆိုသည်။

လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်းစနစ်အရ ယခင်က ရပ်ကွက်ကျေးရွာများတွင် ကလေးသူငယ်ဆိုင်ရာ ပြဿနာများဖြစ်လျှင် မြို့နယ်တွင်ရှိသော ကလေးသူငယ်ကူညီရေးကော်မတီမှ ကူညီဖြေရှင်းပေးနေရာမှ ယခုအခါတွင် ခန့်အပ်ထားသောလူမှုဝန်ထမ်းများက ဌာနများဖြင့်ချိတ်ဆက်၍ အကူအညီပေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အထူးသဖြင့် ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့မှ လမ်းပေါ်ရောက်ကလေးများ လျော့နည်းသွားရန် အစိုးရချည်းသက်သက်မဟုတ်ဘဲ အရပ်ဘက်အဖွဲ့အစည်းများ၊ INGO အဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲမှုလုပ်ငန်းစနစ် မိတ်ဆက်ရှင်းလင်းခြင်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ခရိုင် ၁၂ ခုတွင် ကျင်းပခဲ့ပြီးဖြစ်ကာ ယခုအခါ မြန်မာနိုင်ငံတစ်ဝန်းရှိ မြို့ပေါင်း ၁၀ မြို့တွင် တိုးချဲ့ဆောင်ရွက်လျက်ရှိသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# တပ်မတော် နယ်လှည့်အထူးကုဆေးအဖွဲ့က ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေး

**သံဖြူဇရပ် ဇူလိုင် ၁၃**

မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ် အတွင်းရှိ ဒေသခံပြည်သူများအား တပ်မတော် နယ်လှည့် အထူးကုဆေးအဖွဲ့က ဇူလိုင် ၁၁ ရက်မှ ၁၄ ရက်အထိ အခမဲ့ ကျန်းမာရေးစောင့်ရှောက်ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။



တပ်မတော် နယ်လှည့်အထူးကု ဆေးအဖွဲ့သည် အမှတ်(၄) တပ်မတော်တန်းမြင့်လေ့ကျင့်ရေးကျောင်းတွင် အခြေပြုပြီး ဒေသခံရဟန်းရှင်ပြည်သူများအား ကျန်းမာရေးစောင့်ရှောက် ကုသပေးလျက်ရှိပြီး ရွှေ့လျားခွဲစိတ်ကုသယာဉ်၊ ဓာတ်မှန်ရိုက်ယာဉ်၊ ဓာတ်ခွဲယာဉ်များဖြင့် ဝဲကလီတပ်နယ် အခြေပြုအဖွဲ့နှင့် နယ်လှည့်အထူးကုဆေးအဖွဲ့များခွဲကာ ကျိုက္ခမီမြို့၊ ကျုံကဒတ်ကျေးရွာ၊ စက်စဲကျေးရွာ၊ ပငကျေးရွာ၊ ဝယ်ဝင်ကရာကျေးရွာ၊ စခန်းကြီးကျေးရွာနှင့် ဝဲခမိကျေးရွာများမှ ပြည်သူကိုလည်း နေရပ်အရောက် ကျန်းမာရေးစစ်ဆေးကုသမှုများ လိုက်လံဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

တပ်မတော်တန်းမြင့် လေ့ကျင့်ရေးကျောင်းတွင် အခြေပြုဆေးကုသပေးနေမှုကို အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးဝင်းနှင့် တာဝန်ရှိသူများက ဇူလိုင် ၁၁ ရက်က လာရောက်ကြည့်ရှုပြီး ဆေးကုသရန် ရောက်ရှိနေကြသည့် ပြည်သူများနှင့် ဆေးဝန်ထမ်း တပ်မတော်သားများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်အားပေးခဲ့သည်။

**(မြို့နယ် ပြန်/ဆက်)**

# ကျေးရွာများတွင် စိုက်ပျိုးရန် ပျိုးပင်များ အခမဲ့ဝေငှပေးသွားမည်



**ရေတာရှည် ဇူလိုင် ၁၃**

မြန်မာနိုင်ငံအတွင်း သစ်တောဖုံးလွှမ်းမှုဧရိယာ ကျယ်ပြန့်လာစေရေးနှင့် ဂေဟစနစ်ကောင်းမွန်ရေးအတွက် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနက မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းကို နည်းလမ်း ၁၀ မျိုးဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး သစ်ပင်စိုက်ပျိုးပွဲများ ပြုလုပ်ပြီးနောက် ကျန်သောပျိုးပင်များကို ကျေးရွာများသို့ အခမဲ့ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ သစ်တောဦးစီးဌာနက ကျေးရွာတွေမှာ သစ်ပင်စိုက်ပျိုးချင်တယ်ဆိုရင် တစ်အိမ်ထောင်ကို ကျွန်းပင်ပေါက်သုံးပင်နှုန်းနဲ့ အခြားအရိပ်ရ ပျိုးပင်ပေါက်နှစ်ဆယ်နှုန်းကို ဇူလိုင် ၁၅ ရက်နေ့အပြီး အခမဲ့ဝေငှပေးသွားမယ့်အပြင် စိုက်ပျိုးမယ့်ကျေးရွာတွေမှာ ဒီကဝန်ထမ်းတွေ စေလွှတ်ပြီးတော့ စနစ်တကျ စိုက်ပျိုးပေးသွားမှာဖြစ်ပါတယ်"ဟု မြို့နယ်သစ်တောဦးစီးဌာနမှူး ဦးကျော်ဌေးက ပြောသည်။

ရေတာရှည်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်၊ မဟော်ဂနီ၊ ယင်းမာ၊ ယူကလစ်၊ ပျဉ်းမ၊ ခရေ၊ စန္ဒကူး၊ စိန်ပန်း၊ တညင်း၊ သင်းဝင်အစရှိသည့် သစ်မျိုးအရေအတွက် စုစုပေါင်း ၅၀၂၂၅၀ ပင်ကို ဌာန၏အစီအစဉ်ဖြင့်လည်းကောင်း၊ တပ်ရင်း/တပ်ဖွဲ့၊ ဌာနဆိုင်ရာများ၏ မိုးရာသီသစ်ပင်စိုက်ပွဲ အစီအစဉ်ဖြင့်လည်းကောင်း၊ ဘုန်းတော်ကြီးကျောင်းများ၊ ဆေးရုံ၊ ဆေးပေးခန်း၊ စာသင်ကျောင်းများ၌လည်းကောင်း စိုက်ပျိုးရန်ဖြန့်ဝေပေးပြီးနောက် ကျန်ရှိသော ပျိုးပင်များကို ကျေးလက်တောရွာများတွင် စိုက်ပျိုးနိုင်ရန် အခမဲ့ ဝေငှပေးသွားမည့်အပြင် စနစ်တကျစိုက်ပျိုးနိုင်ရေးအတွက်လည်း အကူအညီများ ပေးသွားမည်ဖြစ်ကြောင်းလည်း သိရသည်။

**ကိုလွင်(ဆွာ)**

# (၁၃)ကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာသံဃာ အထွေထွေညီလာခံ ထားဝယ်မြို့၌ကျင်းပ

**ထားဝယ် ဇူလိုင် ၁၃**

World Buddhist Sangha Youth(WBSY)က ကြီးမှူး၍ (၁၃) ကြိမ်မြောက် ကမ္ဘာ့ဗုဒ္ဓဘာသာသံဃာ အထွေထွေညီလာခံ (13th World Buddhist Sangha Youth General Conference)ကို ထားဝယ်မြို့ သာသနဝိမာန်တော်ကြီး၌ ဇူလိုင် ၁၁ ရက်က ကျင်းပခဲ့သည်။

ညီလာခံသို့ WBSY ဥက္ကဋ္ဌ ထားဝယ်မြို့ မြို့မယဉ်ငေး သာသနာ့ရိပ်သာ ဆရာတော်နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဆရာတော် သံဃာတော်များ၊ သြစတြေးလျနိုင်ငံမှ သံဃာတော်ကိုးပါးနှင့် သီလရှင်ခြောက်ပါး၊ ထိုင်းနိုင်ငံမှ သံဃာတော်ခြောက်ပါး၊ သီရိလင်္ကာနိုင်ငံမှ သံဃာတော် ၁၀ ပါး၊ ဗြိတိသျှနိုင်ငံမှ သံဃာတော်သုံးပါးနှင့် သီလရှင်တစ်ပါး၊ ကနေဒါနိုင်ငံမှ သံဃာတော်တစ်ပါး၊ မလေးရှားနိုင်ငံမှ သံဃာတော်သုံးပါး၊ အိန္ဒိယနိုင်ငံမှ သံဃာတော်ခုနစ်ပါး၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ သံဃာတော် ၁၁ ပါး၊ ဂျပန်နိုင်ငံမှ သံဃာတော်နှစ်ပါး၊ ဆွီဒင်နိုင်ငံမှ သံဃာတော်ခုနစ်ပါးနှင့် အလှူရှင်များ တက်ရောက်သည်။



ညီလာခံတွင် မြို့မယဉ်ငေးသာသနာ့ရိပ်သာဆရာတော်က အဖွင့်နှုတ်ခွန်းဆက်စကားမိန့်ကြားပြီး အလိုတော်ပြည့်ဆရာတော် ဒေါက်တာအရိယာဝံသထံမှ ပို့သသော ဓမ္မသဝဏ်လွှာကို ဖတ်ကြားသည်။ ထို့နောက် သီရိလင်္ကာဆရာတော်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓတက္ကသိုလ်မှ ပါမောက္ခဆရာတော်ဒေါက်တာ ဓမ္မပီယ၊ အမေရိကန်၊ ဂျပန်၊ မလေးရှားနှင့် သြစတြေးလျ ဆရာတော်များက ဘာသာတူအချင်းချင်း ချစ်ကြည်ရင်းနှီးစွာ လက်တွဲကြပြီး ကမ္ဘာကြီးငြိမ်းချမ်းသာယာရေးနှင့် အနာဂတ်သာသနာတိုးတက်ပြန့်ပွားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြကာ ညီလာခံအပြီးတွင် တနင်္သာရီတိုင်းဒေသကြီးအစိုးရကိုယ်စား ထားဝယ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးခင်မောင်ချိုက ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

## သတင်းတိုများ

### လယ်ယာမြေလုပ်ပိုင်ခွင့် ပုံစံ(၇)များ လွှဲပြောင်းပေးအပ်

မြစ်ကြီးနားမြို့နယ် ဆင်ဘိုမြို့ တာလောကြီးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၌ ဒေသခံတောင်သူများအား လယ်ယာမြေလုပ်ကိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ လွှဲပြောင်းပေးအပ်ပွဲကို ဇူလိုင် ၁ ရက်က ပြုလုပ်ခဲ့ပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်က အမှာစကားပြောကြားကာ မြစ်ကြီးနားခရိုင် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး ဦးဇေယျာကျော်က လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပေးအပ်ရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာလောကြီးကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတောင်သူ ၂၀၂ ဦးပိုင်ဆိုင်သည့် လယ်ယာမြေဧက ၂၀၉၀ ဧကအတွက် လယ်ယာမြေလုပ်ကိုင်ခွင့် ပုံစံ(၇) ၂၀၂ စောင်ကို လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

**မိုယ်းကျ (မြစ်ကြီးနား)**

### ရဲတပ်ဖွဲ့ဝင်များစုပေါင်း၍ သစ်ပင်စိုက်ပျိုး

တောင်သာမြို့နယ် ရဲတပ်ဖွဲ့မှူးဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက တောင်သာတောင်ခြေ၌ သစ်ပင်များ စိုက်ပျိုးခြင်း၊ ရေလောင်းခြင်းများကို ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်မှုတစ်ရပ်အဖြစ် ဇူလိုင် ၁၀ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ “မန်ကျည်း၊ တမာ၊ ကုက္ကိုနဲ့ မဲဇလီပင် ၁၅၀ ကို သတ်မှတ်နေရာမှာ ကျင်းတူးစိုက်ပျိုးပြီး ရေလောင်းတယ်။ ဒီလုပ်ငန်းတွေဟာ ရဲလုပ်ငန်းစဉ်ထဲက တစ်ခုကို လက်တွေ့ဖော်ဆောင်တာပါ”ဟု မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ကပြောသည်။ တောင်သာမြို့နယ် ရဲတပ်ဖွဲ့အနေဖြင့် လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် မှုခင်းကျဆင်းရေး လုပ်ငန်းများကိုလည်း ပြည်သူ့ဝန်ဆောင်မှုကို ရှေးရှုကာ အပိုင်းလေးပိုင်းခွဲလျက် မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်နေကြောင်း သိရသည်။

**လင်းလက်ကြယ်(တောင်သာ)**

# နယ်လှည့်စာကြည့်တိုက်နှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခြင်းလုပ်ငန်း ကွင်းဆင်းဆောင်ရွက်

**အောင်လံ ဇူလိုင် ၁၃**

မကွေးတိုင်းဒေသကြီး အောင်လံမြို့ တရောကုန်းရပ် အမှတ်(၂) အခြေခံပညာမူလတန်းကျောင်း၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ် တိုင်းရင်းဆေးကုဌာနတို့ ပူးပေါင်း၍ အသိပညာပေးဟောပြောပွဲနှင့် နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ခြင်း၊ နံရံကပ်စာစောင်ပြသခြင်းနှင့် တိုင်းရင်းဆေးဖြင့် အခမဲ့ကုသပေးခြင်းလုပ်ငန်းများကို ဇူလိုင် ၁၁ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြသည်။

ဟောပြောပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးမှူး ဒေါ်တင်သူဇာလှိုင်က ကျောင်းသားကျောင်းသူများအနေဖြင့် ကျောင်းစာများအပြင် ပြင်ပအသိပညာနှင့် ဗဟုသုတများ တိုးပွားစေရေးအတွက် စာပေများဖတ်ရှုကြရန်နှင့် မြို့နယ်စာကြည့်တိုက်တွင် စာကြည့်တိုက်အသင်းဝင်ပြီး စာအုပ်စာစောင်များကို လာရောက်ဖတ်ရှုငှားရမ်းပုံများကို အသေးစိတ်ဟောပြောသည်။



ထို့နောက် မြို့နယ်တိုင်းရင်းဆေးကုဌာနမှူး ဒေါ်ခင်အေးအေးနိုင်က တိုင်းရင်းဆေးဖြင့် ရောဂါများကို အမြစ်ပြတ်အောင်ကုသနိုင်ပုံများနှင့် မီးဖိုချောင်အတွင်းမှ ဆေးဖက်ဝင်သော အစား အသောက်များ၏ အစွမ်းသတ္တိများအကြောင်းတို့ကို ဟောပြောကာ ကလေးများအား ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ပေးခဲ့သည်။ ဆက်လက်၍ ကလေးများအား ပုံပြောပြခြင်း၊ နံရံကပ်စာစောင်များ ပြသခြင်းနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲ အစီအစဉ်များလည်း ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးရေး ပညာပေးဟောပြော

**အင်္ဂပူ ဇူလိုင် ၁၃**

အင်္ဂပူမြို့နယ် ဇီးပင်ကွင်းကျေးရွာ အမကကျောင်း၌ လူမှောင်ခိုနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မြို့နယ်အမျိုးသမီးရေးရာအဖွဲ့က ဦးစီး၍ ဇူလိုင် ၁၁ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် အင်္ဂပူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စောစုမြိုင်က ဟောပြောပွဲပြုလုပ်သည့်ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ ရဲအုပ်ဒေါ်ဖြိုးဖြိုးဌေးနိုင်က လူမှောင်ခိုနှင့် လူကုန်ကူးမှုဆိုင်ရာများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌက မသန်စွမ်းကလေးငယ်လေးဦးအား တစ်ဦးလျှင် ကျပ်တစ်သောင်းတန်ဖိုးရှိ ထောက်ပံ့ပစ္စည်းများကို ပေးအပ်ခဲ့သည်။

**မန်းကျော်(ပြန်/ဆက်)**



# အမျိုးသမီးရေးရာအဖွဲ့ စကားဝိုင်းဆွေးနွေး

**မုဒုံ ဇူလိုင် ၁၃**

မုဒုံမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ အထွေထွေစကားဝိုင်းဆွေးနွေးပွဲကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမ၌ ဇူလိုင် ၁၁ ရက်က ပြုလုပ်ခဲ့ပြီး မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ခင်သီတာမြင့်က အမှာစကားပြောကြားကာ မြို့နယ်ဥပဒေအရာရှိ ဒေါ်ချောချောအေးက အမျိုးသမီးများ အကြမ်းဖက်ခံရမှုနှင့် လူမှောင်ခိုကူးမှုဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်နှင့် ရပ်ကွက်၊ ကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များက အထွေထွေစကားဝိုင်းဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

# Miss Universe ကျိုင်းတုံ ၂၀၁၆ ပြိုင်ပွဲအတွက် စာနယ်ဇင်းအပ်နှံပွဲပြုလုပ်



**ကျိုင်းတုံ ဇူလိုင် ၁၃**

Miss Universe Myanmar 2017 ပြိုင်ပွဲကြီးအတွက် ရွေးချယ်မည့် Miss Universe ကျိုင်းတုံ/ တာချီလိတ် ၂၀၁၆ ပြိုင်ပွဲအကြို စာနယ်ဇင်းအပ်နှံပွဲကို ကျိုင်းတုံမြို့ တိုင်းလိခန်းမ၌ ဇူလိုင် ၉ ရက်က ကျင်းပခဲ့သည်။

ကျိုင်းတုံနှင့် တာချီလိတ်မြို့နယ်များမှ အမျိုးသမီးငယ်များ ဝင်ရောက်ယှဉ်ပြိုင်မည့် ယင်းပြိုင်ပွဲကို ယခုလ ၃၁ ရက်တွင် ကျိုင်းတုံမြို့တော်ခန်းမ၌ ကျင်းပမည်ဖြစ်ပြီး ကျိုင်းတုံနှင့် တာချီလိတ်ကိုယ်စားပြု အလှမယ်နှစ်ဦးရွေးချယ်ကာ ရန်ကုန်မြို့တွင် ကျင်းပမည့် Miss Universe Myanmar 2017 ပြိုင်ပွဲတွင် ဆက်လက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

“အာခါ၊ လားဟူနှင့် ရှမ်းတိုင်းရင်းသူတွေ ပါဝင်တယ်။ အလှကိုယ်စီရှိတယ်။ ဒီပြိုင်ပွဲက ရှမ်းပြည်နယ် (အရှေ့ပိုင်း)ကိုယ်စားပြုမယ့် အလှမယ်ထွက်လာမယ်။ မြန်မာတိုင်းရင်းသူတွေရဲ့ အလှနဲ့ယဉ်ကျေးမှုကို နိုင်ငံတကာအထိပြသနိုင်တဲ့ အခွင့်အရေးရှိလို့ အမျိုးသမီးငယ်တွေ ကြိုးစားစေချင်တယ်”ဟု စာနယ်ဇင်းအပ်နှံပွဲသို့ တက်ရောက်သော အာခါတိုင်းရင်းသားများ ဖွံ့ဖြိုးတိုးတက် ရေးအဖွဲ့မှ ကိုလီတာက ပြောသည်။

ပြိုင်ပွဲကို Model Up Date Online Media မှ တာဝန်ယူကာ ကျင်းပခြင်းဖြစ်ပြီး ပြိုင်ပွဲတွင် ကျိုင်းတုံကိုယ်စားပြုအလှမယ် ရှစ်ဦးနှင့် တာချီလိတ်ကိုယ်စားပြုအလှမယ် ရှစ်ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# အပြာရောင်ကောင်းကင်မှာ တောက်ပလာမယ့် ဘယ်လ်ဂျီယံ လူငယ်ကြယ်ပွင့်

မိုးမြင့်လင်းလက်

၂၀၁၆-၂၀၁၇ ပရီမီယာလိဂ်ရာသီမှာတော့ ထိပ်တန်းအသင်းကြီးတွေရဲ့ကစားသမားအပြောင်းအရွှေ့က ပရိသတ်တွေအတွက် စိတ်ဝင်စားမှုဖြစ်လာရပြန်ပါတယ်။ ပြီးခဲ့တဲ့ ယူရို ၂၀၁၆ မှာ ကမ္ဘာ့ဘောလုံးပရိသတ်ကို စိတ်ဝင်စားမှု အရှိန်မြင့်တက် စေခဲ့တဲ့ ဘယ်လ်ဂျီယံအသင်းဟာ ကစားသမား အများအပြားကို ကမ္ဘာ့ပရိသတ်ရှေ့ကို ချပြနိုင်ခဲ့ပါတယ်။ ဘယ်လ်ဂျီယံ ကစားသမားတွေဟာ ကမ္ဘာ့ထိပ်တန်းအဆင့်ရှိပြီး ခြေစွမ်းလည်း ပြနိုင်ကြတာမို့ အခုဆိုရင် ထိပ်တန်းကလပ်တွေက အလုအယက် ဝယ်ယူနေကြပြီဖြစ်ပါတယ်။ အဲဒီကစားသမားတွေထဲမှာ ဘယ်လ်ဂျီယံ လူငယ်တိုက်စစ်မှူး ဘတ်ရှူအာယီလည်း တစ်ဦးအပါအဝင်ဖြစ်ပါတယ်။

အသက် ၂၂ နှစ်အရွယ်သာရှိသေးတဲ့ ဘတ်ရှူအာယီဟာ ချယ်လ်ဆီး နည်းပြသစ် ကွန်တီရဲ့စိတ်ဝင်တစားခေါ်ယူမှုကြောင့် ချယ်လ်ဆီးတိုက်စစ်အတွက် ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။ မာဆေးလ်အသင်းကနေပြီး ပြောင်းရွှေ့ကြေးပေါင် ၃၉ သန်းနဲ့ ခေါ်ယူခဲ့တဲ့ ဘတ်ရှူအာယီအတွက်တော့ ချယ်လ်ဆီးရဲ့ဂိုးသွင်းစွမ်းအားကို မြင့်တက်နိုင်ဖို့ တာဝန်ရှိလာပြီဖြစ်ပါတယ်။ ဘတ်ရှူအာယီရဲ့နာမည်အရင်းကတော့ မစ်ချယ်ဘတ်ရှူအာယီတွန်ဂါဖြစ်ပြီး ငယ်စဉ်ကတည်းက ဘောလုံးကစားခြင်းကို အရူးအမူးဖြစ်ခဲ့သူပါပဲ။ ဘယ်လ်ဂျီယံနိုင်ငံရဲ့ဘရပ်ဆဲလ်၊ အန်ဒါလက်ချ်၊ စတန်းဒတ်စတဲ့ အသင်းတွေမှာ လူငယ်ကစားသမားဘဝနဲ့ ဖြတ်သန်းခဲ့သူဖြစ်ပြီး သူရဲ့အရည်အသွေးကို တောက်ပလာအောင် ကြိုးစားမြှင့်တင်ခဲ့သူဖြစ်ပါတယ်။ အရပ် ၅ ပေ ၁၁ လက်မကျော်မြင့်တဲ့ ဘတ်ရှူအာယီဟာ လူငယ်တိုက်စစ်မှူးတစ်ဦးဖြစ်ပေမယ့် ဂိုးသွင်းသေချာသူတစ်ဦးဖြစ်ပြီး ကစားခဲ့တဲ့အသင်းတိုင်းမှာ အဓိက ဂိုးသွင်းသူ တစ်ဦးဖြစ်လာခဲ့ပါတယ်။

ပြီးခဲ့တဲ့ ၂၀၁၄ ခုနှစ်မှာ ဘယ်လ်ဂျီယံနိုင်ငံရဲ့ Ebony Shoe Award ဆုကိုရရှိခဲ့ပြီး ထူးချွန်တဲ့လူငယ်တိုက်စစ်မှူးတစ်ဦးအဖြစ် ကမ္ဘာ့ထိပ်တန်းကလပ်တွေက စိတ်ဝင်စားမှုရှိလာခဲ့ပါတယ်။ ဒါကြောင့် မာဆေးလ်ကလပ်က ခေါ်ယူခဲ့ပြီး ပြင်သစ် ကလပ်မာဆေးလ်မှာ အဓိက တိုက်စစ်မှူးတစ်ဦးအဖြစ် တာဝန်ယူပြီး ဂိုးတွေသွင်းပေးခဲ့သူဖြစ်ပါတယ်။ ဒါကြောင့် ပြီးခဲ့တဲ့နှစ် ဘောလုံးရာသီမှာတော့ မာဆေးလ်ကလပ်ရဲ့သွင်းဂိုးထက်ဝက်နီးပါးဟာ ဘတ်ရှူအာယီသွင်းယူခဲ့တဲ့ ဂိုးတွေဖြစ်နေခဲ့ပါတယ်။

ဒါကြောင့် ဥရောပ ထိပ်သီးကလပ်တွေဖြစ်တဲ့ ရီးရဲမက်ဒရစ်၊ ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်နဲ့ ပီအက်စ်ဂျီတို့က စိတ်ဝင်တစားနဲ့ ခေါ်ယူဖို့ စောင့်ကြည့်နေတဲ့အချိန်မှာပဲ ချယ်လ်ဆီးက ပြောင်းရွှေ့ကြေးပေါင် ၃၉ သန်းပေးပြီး ခေါ်ယူခဲ့တာဖြစ်ပါတယ်။ ဒီလိုပြောင်းရွှေ့ဈေးနှုန်းဟာ ချယ်လ်ဆီးအတွက်ကတော့ ၂၀၁၂ ခုနှစ်က ဟာဇက်ကိုခေါ်ယူခဲ့တဲ့ ပမာဏဖြစ်နေပြီး ထိုက်တန်တဲ့ ပေးဆပ်မှုတွေကိုတော့ ဘတ်ရှူအာယီထံက ပြန်လည်ရယူဖို့ စောင့်နေပြီဖြစ်ပါတယ်။



ဘတ်ရှူအာယီဟာ တိုက်စစ်ကို ထက်မြက်တဲ့ ဂိုးသွင်းမှုတွေနဲ့အတူ ဦးဆောင်နိုင်မလားဆိုတာ စောင့်ကြည့်ရမှာဖြစ်ပြီး တိုက်စစ်မှူး လိုအပ်နေတဲ့ ချယ်လ်ဆီးရဲ့ အာနည်းမှုကို ဘယ်လောက်အထိ ဖြည့်ဆည်းပေးနိုင်မလဲဆိုတာကလည်း အချိန်ကာလတစ်ခုအကဲခတ်ရမှာဖြစ်ပါတယ်။ ပြိုင်ဘက်ဂိုး ဧရိယာအတွင်းမှာ လျင်မြန်တဲ့ လှုပ်ရှားမှုတွေနဲ့အတူ အဆုံးသတ်ကောင်းမွန်သေချာတဲ့ ဘတ်ရှူအာယီဟာ ထိုက်တန်တဲ့ ခြေစွမ်းရှိမရှိဆိုတာလည်း လာမည့် ဩဂုတ်လမှာ စတင်တော့မယ့် ပရီမီယာလိဂ်ပြိုင်ပွဲကစောင့်ကြိုနေပြီဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လ်ဂျီယံ လူငယ်တိုက်စစ်မှူးဘတ်ရှူအာယီဟာ ပရီမီယာလိဂ်မှာ ချယ်လ်ဆီးအတွက် အပြာရောင်ကောင်းကင်မှာ ထွန်းလင်းလာမယ့် ကြယ်ပွင့်တစ်ပွင့် ဖြစ် မဖြစ်ဆိုတာ မကြာခင်မှာ အဖြေထွက်လာတော့မှာဖြစ်ပါတယ်။ ဒါကြောင့် ဘယ်လ်ဂျီယံတိုက်စစ်မှူးရဲ့သွင်းဂိုးတွေဟာ ချယ်လ်ဆီးအသင်းကို ရလဒ်ကောင်းတွေ ဆောင်ကြဉ်းပေးနိုင်မလားဆိုတာ စောင့်ကြည့်အကဲခတ်ရတော့မှာ ဖြစ်ပါတယ်။ ။

## ယူရို ၂၀၁၆ အကောင်းဆုံးအသင်းမှာ ပါဝင်လာတဲ့အလမ်

ယူရို ၂၀၁၆ အကောင်းဆုံးဘောလုံးအသင်းအဖြစ် ရွေးချယ်လိုက်ပါပြီ။ ယူရို ၂၀၁၆ ချန်ပီယံ ပေါ်တူဂီအသင်းမှ လေးဦး ပါဝင်လာပါတယ်။ အာရွှန်ရမ်ဆေးနဲ့ ဂျိုးအလမ်တို့ဟာ ဝေလ်အသင်းကိုယ်စားပြု ပါဝင်ခွင့်ရခဲ့ပါတယ်။ ဒီမစ်ထရီပေယက်စ်နဲ့ ဂရစ်မန်းတို့ကတော့ အိမ်ရှင်ပြင်သစ်အသင်း ကိုယ်စားပြုအရွေးခံရပါတယ်။ ဂျာမနီအသင်းမှ ဂျိုရှုအာကင်မစ်၊ ဘိုတန်နဲ့ တိုနီခရုစ်တို့ သုံးဦးပါဝင်ပါတယ်။ ဝေးလ်အသင်းမှာ ဂါးရက်ဘေးလ်ကတော့ အံ့သြစွာနဲ့ပဲ မပါဝင်ခဲ့ပါဘူး။ ပြင်သစ်နိုင်ငံမှာကျင်းပတဲ့ ယူရိုပြိုင်ပွဲကြီးမှာ ဝေးလ်အသင်းအနေနဲ့ ဆီမီးဖိုင်နယ်အထိ တက်ခွင့်ရခဲ့ပါတယ်။ ဒါဟာ သမိုင်းမှာတော့ ပထမဆုံးပါ။ အသက် ၂၇ နှစ်အရွယ်ရှိတဲ့ ဂါးရက်ဘေးလ်ဟာ ခရစ်ကိုးမန်းရဲ့ဝေးလ်အသင်းမှာ ခြောက်ပွဲပါဝင်ကစားပြီး သုံးဂိုးသွင်းယူပေးနိုင်ခဲ့ပါတယ်။ သို့ပေမယ့် ယူအီးအက်ဖ်အေက ရမ်ဆေးနဲ့ ဂျိုးအလမ်ကိုပဲ ယူရို ၂၀၁၆ အကောင်းဆုံးအသင်းမှာ ပါဝင်ရွေးချယ်ခဲ့ပါတယ်။





## ချယ်လ်ဆီးက အလိုရှိနေတဲ့ ကွင်းလယ်ကစားသမား ကန်တီ

ချယ်လ်ဆီးအသင်း နည်းပြအန်တိုနီယိုကွန်တီက ကန်တီကိုခေါ်ယူဖို့ ဆွေးနွေးနေပြီဖြစ်ပါတယ်။ ချယ်လ်ဆီးအနေနဲ့ ကန်တီးကို ခေါ်ယူဖို့ ဒုတိယအကြိမ် ကြိုးစားအားထုတ်မှုဖြစ်ပါတယ်။ ပြီးခဲ့တဲ့ရာသီက လက်စတာအသင်းက ပေါင် ၅ ဒသမ ၆ သန်းနဲ့ ခေါ်ယူခဲ့တဲ့ ကန်တီကို ချယ်လ်ဆီးက ပေါင် သန်း ၂၀ ကျော်ပေးပြီး ခေါ်ယူဖွယ်ရှိပါတယ်။ ယူရို ၂၀၁၆ အပြီးမှာတော့ ကန်တီဟာ နိုင်ငံလက်ရွေးစင်အဖြစ်မှ အနားယူခဲ့ပါတယ်။ ပြင်သစ်အသင်းနဲ့အတူ ယူရို ၂၀၁၆ မှာ ပါဝင်ကစားခဲ့တဲ့ ကန်တီကို ချယ်လ်ဆီးက အရခေါ်ယူဖွယ်ရှိပါတယ်။ ပေါင် သန်း ၂၀ နဲ့ ခေါ်ယူဖွယ်ရှိနေပါတယ်။ ကန်တီကို ပီအက်စ်ဂျီအသင်းကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေပါတယ်။ ကန်တီအနေနဲ့ တရုတ်အသင်း ရှန်ဟိုင်း SIPG က ပေါင် ၃၅ သန်းအထိ ပေးခေါ်ပေမယ့်သွားဖို့ စိတ်အားထက်သန်မှု မရှိပါဘူး။ ချယ်လ်ဆီး နည်းပြ ကွန်တီအနေနဲ့ အင်္ဂါနေ့ကစပြီး လုပ်ငန်းတာဝန်တွေ စတင်ထမ်းဆောင်နေပြီဖြစ်ပါတယ်။ လက်စတာကွင်းလယ်ကစားသမား ကန်တီကိုတော့ အရခေါ်ယူဖွယ်ရှိနေပါတယ်။

## မန်စီးတီးက ပေါင် ၁၇ သန်းနဲ့ ခေါ်ယူမယ့် ဘရူနိုပီယက်စ်

မန်စီးတီးအသင်းက နောက်ခံလူ ဘရူနိုပီယက်စ်ကို ပေါင် ၁၇ သန်းနဲ့ ခေါ်ယူဖို့ ဆက်လက်ဆွေးနွေးမှုတွေ ပြုလုပ်နေပါတယ်။ နည်းပြသစ် ဂွာဒီယိုလာက ရာသီသစ် မစတင်မီ ကစားသမားကောင်းတွေ အမြန်စုဆောင်းနေပါတယ်။ ဒီအထဲမှာ တိုရီနို နောက်ခံလူ ဘရူနိုပီယက်စ်ဟာလည်း အဓိက ပါဝင်လာပါတယ်။ မန်စီးတီးက ပေါင် ၁၇ သန်းနဲ့ ခေါ်ယူဖို့ ပြင်ဆင်နေပါတယ်။ မန်စီးတီးက အက်သလက်တီကိုတောင်ပံတိုက်စစ်မှူး မိုရမ်နိုကိုလည်း ခေါ်ယူဖို့ ပြင်ဆင်နေပါတယ်။ အဲဗာတန် နောက်တန်းလူ ဂျွန်စတုန်း၊ ဂျူဗင်တပ်စ်မှ ဘူနုစီတို့ကိုလည်း မန်စီးတီးက ခေါ်ယူဖို့ ပြင်ဆင်နေပါတယ်။ ဂွာဒီယိုလာက အသက် ၂၉ နှစ် အရွယ်ရှိ ဘူနုစီကို ဂျူဗင်တပ်စ်က ငါးနှစ်စာချုပ်နဲ့ ကမ်းလှမ်းခဲ့သော်လည်း မန်စီးတီးက ခေါ်ယူဖို့ ကြိုးစားနေပါတယ်။ ဘာစီလိုနာက ဘရာဗိုနဲ့ စတာဂျင်တို့ကိုလည်း မကြာသေးတဲ့ သီတင်းပတ်က ဆွေးနွေးနေပါတယ်။ မန်စီးတီးအသင်းဟာ ဩဂုတ် ၁၃ ရက် အဖွင့်မှာ ဆန်းဒါးလန်းနဲ့ ကစားရမှာဖြစ်ပါတယ်။ ဩဂုတ် ၂၀ မှာ စတုတ်၊ ဩဂုတ် ၂၈ ရက်မှာ ဝက်စ်ဟမ်းနဲ့ ဆက်တိုက်တွေ့ပြီး စက်တင်ဘာလ ၁၀ ရက်မှာတော့ ပြိုင်ဘက် မန်ယူနဲ့ စတင်တွေ့မှာ ဖြစ်ပါတယ်။



ကောင်းမြတ်သူ-စုစည်းသည်။

# သထုံခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသစ် တည်ဆောက်ပြီး



**သထုံ ဇူလိုင် ၁၃**
မွန်ပြည်နယ် သထုံမြို့အထက(၁) ကျောင်းအနီး၌ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ချထားပေးသည့် ရန်ပုံငွေကျပ်သိန်း ၁၁၀၀ အသုံးပြုဆောက်လုပ်ခဲ့သည့် သထုံခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးသစ် တည်ဆောက်ရေးလုပ်ငန်းများ ပြီးစီးနေပြီဖြစ်၍ ဇူလိုင် ၁၁ ရက်က စတင်ဖွင့်လှစ်ကာ ရုံးလုပ်ငန်းများကို ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

“ဒီရုံးကို ၂၀၁၅ ဒီဇင်ဘာလကုန်ပိုင်းလောက်က စပြီးဆောက်တာပါ။ သီးသန့်ရုံးအဆောက်အအုံရပြီဆိုတော့ အရင်ကထက် ရုံးလုပ်ငန်းတွေ ပိုလုပ်နိုင်မှာပေါ့။ အပေါ်ထပ်က ခရိုင်ရုံးဖြစ်ပြီးတော့ အောက်ထပ်က မြို့နယ်ရုံးပါ။ ကျယ်လည်းကျယ်ပါတယ်”ဟု ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်ဦးက ပြောသည်။

ယခင်က ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများကို သထုံခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အဆောက်အအုံများတွင် ယာယီအဖြစ် ဖွင့်လှစ်ခဲ့ရပြီး ယခုဖွင့်လှစ်ခဲ့သည့် ရုံးအဆောက်အအုံမှာ မွန်ပြည်နယ်အတွင်း ပထမဆုံး တည်ဆောက်ပြီးစီးသည့် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးဖြစ်ကြောင်းလည်း သိရသည်။

အဆိုပါရုံးသစ်မှာ အလျား ပေ ၇၀ နှင့် အနံ ၄၄ ပေ ရှိသည့် အာရ်စီနှစ်ထပ် အဆောက်အအုံဖြစ်ပြီး ခြောက်လကျော်ခန့် အချိန်ယူတည်ဆောက်ခဲ့ရကြောင်း ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ သိရသည်။

**သက်ဦး(သထုံ)**

# မြစ်ရေလျှံမိုးမှုကြောင့် သီးနှံစိုက်တောင်သူများအခက်တွေ့နေ

**မုံရွာ ဇူလိုင် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်တောင်ဘက် ရေဝင်ရပ်ဖြစ်သည့် ကျေးရွာများတွင် မြစ်ရေလျှံမိုးမှုကြောင့် သီးနှံစိုက်တောင်သူများမှာ စိုက်ပျိုးထားသော သီးနှံများဆုံးရှုံးကာ အခက်ကြုံနေရကြောင်း သိရသည်။



“အခုလို မြစ်ရေရုတ်တရက်ဝင်ရောက်မှုကြောင့် သီးနှံစိုက်တောင်သူတွေ အခက်တွေ့ရတာပေါ့။ ကျုပ်တို့တောင်သူတွေက သီးနှံကောင်းမှ စားဝတ်နေရေးက အဆင်ပြေတာပါ။ အခုလိုမြစ်ရေက ရုတ်တရက်ဝင်တော့ သီးနှံတော်တော်များများ ဆုံးရှုံးမှုတွေနဲ့ ကြုံရတယ်။ ကျွန်တော်တို့ဆို ပြောင်းဖူးတွေ မသိမ်းလိုက်ရဘူး။ အခြားသီးနှံတွေဖြစ်တဲ့ နှမ်း၊ ပဲတီစိမ်း၊ မတ်ပဲ စတာတွေရော ရေထဲပါသွားတယ်။ တောင်သူတွေမှာ လက်ဝယ်ရောက်ခါနီးမှ ရေဝင်တော့ ဘာမှမတတ်နိုင်ဘူးပေါ့ဗျာ” ဟု ဒေသခံ ပြောင်းဖူးစိုက်တောင်သူတစ်ဦးဖြစ်သည့် ဦးသက်မိုးထွန်းက ပြောသည်။

မုံရွာမြို့နယ်တွင် ပြီးခဲ့သည့် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက စံချိန်တင် ရေကြီးရေလျှံမှုကြောင့် လူအများစိုးရိမ်သောကရောက်နေသည့်ကြားတွင် ယခုကဲ့သို့ မြစ်ရေရုတ်တရက်ဝင်ရောက်ခြင်းကြောင့် တောင်သူများအနေဖြင့် ပို၍ အခက်တွေ့ရကြောင်း၊ မြစ်ရေဝင်ခြင်းကြောင့် လယ်ယာမြေများမှာ မြေဆီမြေလွှာ ကောင်းလာသော်လည်း ယခုလို သီးနှံသိမ်းခါနီးအချိန်တွင် ရေဝင်ခြင်းကြောင့် သီးနှံစိုက်တောင်သူအများစုအနေဖြင့် ဆုံးရှုံးမှုများ ရင်ဆိုင်နေရကြောင်းလည်း ၎င်းက ဆက်လက်ပြောကြားသည်။

**မင်းမင်း(မုံရွာ)**

# ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးရန် ကွင်းဆင်းဆောင်ရွက်

**ပုလဲ ဇူလိုင် ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့နယ် လက်တောင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအား အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနက ဇူလိုင် ၆ ရက်က ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပုလဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ထွန်းမြင့်က “ကျောင်းသား ကျောင်းသူများရဲ့ စာသင်ချိန်ကို အနှောင့်အယှက်မဖြစ်စေဘဲ အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ရရှိနိုင်စေရေး အတွက် ပြည်သူ့အတွက် ရက် ၁၀၀ သစ္စာစီမံချက်နဲ့ ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ပါတယ်။ ကျန်ရှိနေတဲ့ အခြေခံပညာကျောင်းများနဲ့ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများကိုလည်း နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်”ဟု ပြောသည်။

အသက်၁၀နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို လက်တောင်းကြီးကျေးရွာ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၄၆ ဦးအတွက် ပြုလုပ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# စိတ်ကြွရူးသွပ်ဆေးပြားနှင့် လက်နက်ခဲယမ်းများ ဆက်တိုက်ဖမ်းဆီးရမိ

**တာချီလိတ် ဇူလိုင် ၁၃**
တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံရွာမှ မူးယစ်ဆေးဝါးသတင်းရရှိသော နေအိမ်များသို့ မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့က ဇူလိုင် ၁၁ ရက်က ဝင်ရောက်ရှာဖွေခဲ့ရာ စိတ်ကြွရူးသွပ်ဆေးပြား၊ ဘိန်းဆီ၊ ခပ်ခူးနှင့် လက်နက်ခဲယမ်းများကို ဆက်တိုက်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သက်သေများနှင့်အတူ အဆိုပါကျေးရွာရှိ အားနေး၏ နေအိမ်သို့ မူးယစ်ဆေးဝါးသတင်းအရ ဝင်ရောက်ရှာဖွေရာ ၎င်းထံမှ DOUBLE MINT စာတန်းပါ အစိမ်းရောင်ကော်ဘူးအတွင်းထည့်လျက် WY စာတန်းပါ စိတ်ကြွဆေးပြား ၁၄၈ ပြား၊ အလေးချိန် ၁၄ ဒသမ ၈ ဂရမ်(တန်ဖိုး ၃၇၀၀၀၀ ကျပ်ခန့်)၊ စိတ်ကြွဆေးပြားရှူရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ဦးအားဆော်နှင့် ဒေါ်ဂေါင်ပေတို့၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ဦးအားဆော် ၊ ဒေါ်ဂေါင်ပေနှင့် သားဖြစ်သူ ကျစောတို့ထံမှ WY စာတန်းပါ ပန်းရောင်စိတ်ကြွဆေးပြား ၁၆၈၅ ပြား အလေးချိန် ၁၆၈ ဒသမ ၅ ဂရမ်ခန့်ကိုလည်းကောင်း၊ အိုက်ခမ်းငင်း၏ နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ ၎င်းအိမ်နေ အိုက်နမ်း၊ အိုက်လုံနှင့် အိမ်ရှင် အိုက်ခမ်းငင်းတို့ထံမှ သံကိုယ်ထည်ဖြင့် ပြုလုပ်ထားသော လက်လုပ်လေသေနတ် အရှည်တစ်လက်၊ ပလတ်စတစ်ဖြင့် ထုပ်လျက် ဘိန်းဆီနှင့်ရောနှောထားသော ခပ်ခူးလေး ဂရမ်ခန့်နှင့် ကျည်ခြောက်တောင့်ထည့်သွင်းထားသော ကျည်အိမ်တပ်လျက် အမေရိကန်နိုင်ငံထုတ် ပွိုင့်-၂၂ သေနတ်အတိုတစ်လက်တို့ကို တွေ့ရှိသဖြင့် သက်သေများရှေ့တွင် ရှာဖွေပုံစံဖြင့် သိမ်းဆည်းကာ ဖမ်းဆီးရမိသူများအား တာချီလိတ်မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။



**မြင့်မိုရ်(တာချီလိတ်)**

## သတင်းတိုများ

### တိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပ

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ လူသစ်တန်း အမျိုးသား ပိုက်ကျော်ခြင်းပြိုင်ပွဲ နှစ်ယောက်တွဲနှင့် သုံးယောက်တွဲ အကြိုဗိုလ်လုပွဲများကို မန္တလေးမြို့ ဗထူးအားကစားခန်းမ၌ ဇူလိုင် ၁၁ ရက်က ကျင်းပသည်။ သုံးယောက်တွဲပြိုင်ပွဲတွင် အောင်မြေသာစံမြို့နယ်အသင်းက မဟာအောင်မြေမြို့နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ချမ်းမြသာစည်မြို့နယ်အသင်းက ချမ်းအေးသာစံမြို့နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရခဲ့သည်။ နှစ်ယောက်တွဲပြိုင်ပွဲတွင် ချမ်းအေးသာစံမြို့နယ်အသင်းက တံတားဦးမြို့နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပြင်ဦးလွင်မြို့နယ်အသင်းက အောင်မြေသာစံမြို့နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း အနိုင်ရခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

### သောက်သုံးရေကန် တာပေါင်ကျိုးပေါက်မှု ပြုပြင်လျက်ရှိ

ပုလဲမြို့နယ် အင်မထီးကျေးရွာ အနောက်မြောက်ဘက်ရှိ သောက်သုံးရေကန်တာပေါင်ကျိုးပေါက်မှုပြုပြင်ခြင်းနှင့် ကန်အတွင်း သဲနုန်းတူးဖော်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ကန်အတွင်း ရေဝင်ရေကျော် တည်ဆောက်ခြင်းလုပ်ငန်းများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ၏ ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၉၀ ဖြင့် ပုလဲမြို့နယ် ဆည်မြောင်းဦးစီးဌာနက တာဝန်ယူ၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ရေကန်ပြုပြင်ခြင်းလုပ်ငန်းများကို ဇွန် ၁၆ ရက်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ၈၀ ရာခိုင်နှုန်း ပြီးစီးနေပြီး ဇူလိုင် ၁၅ ရက်ခန့်တွင် လုပ်ငန်းအားလုံးပြီးစီးမည်ဖြစ်ကြောင်း သိရသည်။

**မင်းခန့်စိုး(ဇေယျာမြေ)**

# မိုးပဲတီစိမ်းများ အောင်မြင်ဖြစ်ထွန်းသော်လည်း အမြတ်နည်း

**တပ်ကုန်း ဇူလိုင် ၁၃**
နေပြည်တော် တပ်ကုန်းမြို့နယ် ဆင်သေ၊ ခြုံကြီး၊ ကင်မွန်းတန်း၊ ကြံဖို၊ ရွှေဥဒေါင်း၊ ပေါက်ပင်သာ၊ ဂွေးပင်၊ ရွှေးစု၊ ကျားသေအိုင်ကျေးရွာများ၌ စိုက်ပျိုးထားသော မိုးပဲတီစိမ်း စိုက်ခင်းများမှာ ပိုးမွှားကင်း၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိသော်လည်း စိုက်ပျိုးမှုကုန်ကျစရိတ်မြင့်မားခြင်းနှင့် သီးနှံဈေးကျခြင်းကြောင့် တောင်သူများအတွက် အကျိုးအမြတ်နည်းလျက်ရှိကြောင်း သိရသည်။

“ပဲတီစိမ်းရေဆင်း(၁၁)မျိုးတွေကို နယုန်လလောက်မှာ စတင်စိုက်ပျိုးပါတယ်။ မျိုးစေ့တစ်ပြည်ကို လေးထောင်နှုန်းနဲ့ ဝယ်ယူရပါတယ်။ တစ်ဧကကို မျိုးစေ့ လေးပြည်နှုန်း စိုက်ပျိုးပြီး ဆေးဖိုး၊ အလုပ်သမားခနဲ့ ထွန်ယက်ခများအပါအဝင် တစ်ဧကသွင်းအားစုပေါင်း ကျပ်တစ်သိန်းနှုန်းလောက် ကုန်ကျပါတယ်။ အခုစိုက်ပျိုးထားတဲ့ မိုးပဲတီစိမ်း အခြောက်တောင့်တွေကို ဝါဆိုလပြည့်ကျော် လေးရက်၊ငါးရက်လောက်ဆိုရင် စတင်ဆွတ်ခူး နေပူလှန်းပြီး စက်နဲ့ခြွေလှေ့မှာဖြစ်ပါတယ်။ ပေါ်ဦးပေါ်ဖျားဈေးကွက်က ပဲတစ်တင်းကို သုံးသောင်းကျော်ရောင်းချရပြီး အခုပေါက်ဈေးအနေနဲ့ တစ်တင်းကို နှစ်သောင်းရှစ်ထောင်ရောင်းချပါတယ်။ အထွက်နှုန်းအနေနဲ့ တစ်ဧကကို ၁၀ တင်းနှုန်းလောက်ထွက်ရှိပြီး တစ်ဧကအမြတ်ငွေ တစ်သိန်းကျော်လောက် ခန့်မှန်းထားပါတယ်”ဟု ဆင်သေကျေးရွာမှ မိုးပဲတီစိမ်း ငါးဧကစိုက်ပျိုးထားသည့် တောင်သူမခင်နွယ်ဝင်းက ပြောသည်။

ကျေးလက်နေ တောင်သူများအနေဖြင့် မိုးဦးတွင် ပဲတီစိမ်း၊ နှမ်း၊ ပြောင်း၊ ငရုတ်စသည့် သီးနှံမျိုးစုံကို စိုက်ပျိုးသဖြင့် နေ့စားအလုပ်သမားများအနေဖြင့် ပေါင်းမြက်ရှင်း၊ ဆေးဖျန်းစသည့် အလုပ်အကိုင်များ နေ့စဉ်ရရှိကာ မိသားစုဝင်ငွေအတွက် အထောက်အကူဖြစ်ကြောင်း သိရသည်။



**တင်စိုးလွင်**

# စန္ဒကူးနံ့သာကျောင်းတော်ရာစေတီတော် ဘုရားပွဲနှင့် ငါးကျွေးဆိပ်ဖွင့်ပွဲကျင်းပရန် စီစဉ်နေ

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာဒေသရှိ သာသနာ့သမိုင်းဝင် စန္ဒကူးနံ့သာ ကျောင်းတော်ရာ စေတီတော်ကြီး၏ နှစ်စဉ် ကျင်းပမြဲဖြစ်သော ဘုရားပွဲတော်နှင့် ငါးကျွေးဆိပ်ဖွင့်ပွဲ ကျင်းပရန် စီစဉ်နေကြောင်း သိရသည်။

စေတီတော်မြတ်ကြီး၏ အရှေ့ဘက် သုံးဖာလုံခန့်အကွာတွင် ဖြတ်သန်းစီးဆင်းနေသော မုန်းချောင်းအတွင်း နှစ်စဉ်နှစ်တိုင်း ဝါတွင်းကာလတွင် ဘုရားဖူးငါးကြီးများဟု ဒေသခံများယုံကြည်ကြသော ငါးကြီးများ ဘုရားဖူးလာရောက်လေ့ရှိကြသည်။ ဘုရားဖူးငါးကြီးများကို ငါးကျွေးဆိပ်ဖွင့်လှစ်ကာ အစာကျွေးလေ့ရှိကြပြီး ငါးကြီးများသည် ဝါတွင်းကာလ လေးလပတ်လုံး အဆိုပါ ငါးကျွေးဆိပ်ကမ်း ဝန်းကျင်တွင် နေထိုင်ကြကာ သီတင်းကျွတ်လပြည့်ကျော်ရက်များတွင် ပြန်သွားကြမြဲဖြစ်ကြောင်း သိရသည်။

ဘုရားဖူးငါးကြီးများကို မြန်မာနိုင်ငံဒေသအသီးသီးမှ ဘုရားဖူးပြည်သူများ လာရောက်၍ အစာကျွေး ကုသိုလ်ပြုကြလေ့ရှိသည်။ ဘုရားဖူးငါးကြီးများအား ဒေသထွက် အစားအစာများဖြစ်သော ဖွဲနုဆုပ်၊ ထန်းသီးမုန့်များ ကျွေးလေ့ရှိကြပြီး ငါးစာကျွေးသော ပြည်သူများအနေဖြင့် ဘုရားဖူးငါးကြီးများနှင့်အတူ ဓာတ်ပုံရိုက်ခြင်း၊ ငါး၏ ဦးခေါင်းအား ရွှေချခြင်းများကိုပါ ပြုလုပ်လေ့ရှိကြကြောင်း၊ ငါးစာကျွေးကုသိုလ်ပြုသူများမှာ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလျက်ရှိကြောင်း သိရသည်။

ဘုရားဖူးငါးကြီးများ လာရောက်သည့်ရေလမ်းကြောင်းတွင် အန္တရာယ်ကင်းရှင်းစေရန်အတွက် ဂေါပကအဖွဲ့၊ ဒေသအုပ်ချုပ်ရေးအဖွဲ့နှင့် ငါးလုပ်ငန်းဦးစီးဌာနတို့မှ တာဝန်ရှိသူများက ဒေသတွင်းမှ ရေလုပ်သားများအား ဝါဆိုလဆန်း ၁ ရက်နေ့မှ သီတင်းကျွတ်လကွယ်နေ့အထိ ငါးဖမ်းဆီးခြင်း၊ ငါးထောင်ခြင်းများနှင့် ပိုက်တန်းခြင်းများ မပြုလုပ်ရန် အသိပေးနှိုးဆော်ထားပြီး စောင့်ကြည့်မှုများလည်း ပြုလုပ်လျက်ရှိသည်။



နှစ်စဉ် ဝါတွင်းကာလတွင် စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရား၌ ဘုရားဖူးငါးကြီးများအား အစာကျွေးရန် ငါးစာကျွေးဆိပ်ကမ်းသာ ဖွင့်ပွဲကို ဝါဆိုလပြည့်နေ့တွင် ကျင်းပရာ ယခုနှစ်တွင် ဇူလိုင် ၁၉ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး စည်ကားသိုက်မြိုက်စွာ ကျင်းပရန် စီစဉ်လျက်ရှိသည်။ ငါးကျွေးဆိပ်ဖွင့်ပွဲ ကျင်းပရန်အတွက် ဘုရားကြီး၏ ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ငါးစာကျွေးခေါ်ဆောင်သော သီတာရေကြည် လူငယ်အဖွဲ့များ၊ ဓမ္မစကြာ ဝတ်အသင်းအဖွဲ့ဝင်များက အဆိုပါ ငါးကြီးများကို စက်ရေယာဉ် သုံးစင်းဖြင့် ဘူးသည်ငါးကျွေးဆိပ်ကမ်းမှ မုန်းချောင်းတစ်လျှောက် ရောဝတီမြစ်နှင့် မုန်းချောင်းဆုံရာအထိ သွားရောက်ခေါ်ဆောင်လာမည်ဖြစ်ကြောင်း သိရသည်။

ငါးကျွေးဆိပ်ကမ်းသာဖွင့်ပွဲသို့ ပွင့်ဖြူမြို့နယ်အတွင်းရှိ ကျေးရွာများမှ ဒေသခံပြည်သူများ၊ အနယ်နယ် အရပ်ရပ်မှ ပြည်သူများ လာရောက်ကြပြီး ညအိပ်တည်းခိုး ဘုရားဖူးကြကြောင်း၊ ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးနိုင်ရန်အတွက် ဘုရားဝင်း အရှေ့ဘက်တွင် ရှေးဟောင်း သုခမ္မာဇရပ် ၃၆ လုံး၊ မြောက်ဘက်တွင် နှစ်ထပ်ဆောင်ဇရပ် ၁၀ လုံးရှိပြီး အခမဲ့ တည်းခိုနိုင်ကြကြောင်း၊ ဇရပ်များတွင် သန့်စင်ခန်း၊ ရေချိုးခန်းများနှင့် လျှပ်စစ်မီးများရရှိရန်ပါ ဆောင်ရွက်ပေးထားကြောင်း သိရသည်။ ဘုရားပွဲကာလတွင် ဒေသထွက် စားသောက်ဆိုင်များ၊ အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင်များကလည်း စည်ကားစွာ လာရောက်ဖွင့်လှစ်လေ့ရှိသည်။

စန္ဒကူးနံ့သာ ကျောင်းတော်ရာဘုရားကြီးတွင် ဖူးမြော်ကြည်ညို လေ့လာနိုင်သည့်နေရာများမှာ ကျောင်းတော်ရာစေတီတော်မြတ်ကြီး၊ ထောင့်စေတီ လေးဆူ၊ မဟာပုဏ္ဏ ရဟန်းတော်အရှင်မြတ် ဓာတ်တော်စေတီ၊ မဟာပုဏ္ဏအရှင်၏ မူလကျောင်းနေရာစေတီနှင့် ရုပ်တုစံကျောင်းတော်၊ သမိုင်းရုပ်စုံပြတိုက်၊ ကျောက်စာတိုက်၊ ဗုဒ္ဓပြတိုက်၊ ဓမ္မစကြာပြခန်း၊ ရာဟုထောင့် မဟာဗောဓိပင် အဓိဋ္ဌာန်အောင်မြေနေရာ၊ စနေထောင့် ဗုဒ္ဓစွယ်တော်ပွားပြခန်း၊ ကြေးပိဿာချိန် ၃၅၀၀ ဖြင့် ပူဇော်ထားသော ကြေးသွန်းမဟာမုနိဘုရား၊ ဝါဏိစ္စဂါမရွာနှင့် ဘူးသည်ငါးကျွေးဆိပ်နေရာများဖြစ်သည်။

စန္ဒကူးနံ့သာ ကျောင်းတော်ရာစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်လိုသူများအနေဖြင့် မကွေး-မင်းဘူး-စကု-လယ်ကိုင်းမှတစ်ဆင့် ကျောင်းတော်ရာလမ်းခွဲသို့ လေးမိုင်ခရီးဖြင့်လည်းကောင်း၊ စလင်း-ပွင့်ဖြူမှတစ်ဆင့် ကံသာကြီးကျေးရွာအနီးရှိ ကျောင်းတော်ရာလမ်းခွဲ(မုန်တောကြီးလမ်း)မှ ငါးမိုင်ခရီးဖြင့်လည်းကောင်း လာရောက်နိုင်ပြီး ဝါတွင်းကာလ ဘုရားဖူးလာသောငါးကြီးများအား ငါးစာကျွေးကုသိုလ်ပြု၍ ကျောင်းတော်ရာ စေတီတော်မြတ်ကြီးသို့ စိတ်အေးချမ်းသာ ပျော်ရွှင်စွာ ဘုရားဖူးလာရောက်နိုင်ပါကြောင်း နှိုးဆော်လိုက်ပါသည်။

**သတင်းဆောင်းပါး - သူရထွန်း(ပွင့်ဖြူ)**

## သတင်းတိုများ

### ကောက်စိုက်စက်ဖြင့် စပါးပျိုးထောင်ခြင်းလက်တွေ့သရုပ်ပြ

ရှမ်းပြည်နယ် နောင်ချိုမြို့နယ် ကြူအင်းကျေးရွာအုပ်စုအတွင်းရှိ တောင်သူများအား မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနနှင့် စက်မှုလယ်ယာဦးစီးဌာနတို့ ပူးပေါင်း၍ ကောက်စိုက်စက်ဖြင့်ပျိုးထောင်စိုက်ပျိုးခြင်းကို ဇူလိုင် ၉ ရက်က လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

သရုပ်ပြပွဲတွင် ပျိုးသက်နု ကောက်ကွက်ကြဲစိုက်ပျိုးနည်းစနစ်ဖြင့် တိုက်ရိုက် အစေ့ချခြင်း၊ စပါးမျိုးကြဲပက်စိုက်ပျိုးခြင်းနှင့် ကောက်စိုက်စက်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းများကို စက်မှုလယ်ယာဦးစီးဌာန ဝန်ထမ်းများက လက်တွေ့ပြသခဲ့ကြပြီး ဒေသခံတောင်သူများက လေ့လာကြည့်ရှုခဲ့သည်။ **စိုးဝင်း(နောင်ချို)**

### စုပေါင်းစာဖတ်ဝိုင်းနှင့် စာပေဆွေးနွေးပွဲပြုလုပ်

မွန်ပြည်နယ် ပေါင်မြို့နယ်အတွင်း လူမှုရေးအသင်းအဖွဲ့များမှ အသင်းဝင်များ အသိပညာဗဟုသုတတိုးပွားစေရန်နှင့် စာဖတ်ရှိန်မြှင့်တင်ရေးအတွက် စာဖတ်ဝိုင်းနှင့် စာပေဆွေးနွေးပွဲကို ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက စီစဉ်၍ ဇူလိုင် ၁၁ ရက်က ပြုလုပ်ခဲ့သည်။

ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး စာဖတ်ခန်း၌ ပြုလုပ်သည့် စုပေါင်းစာဖတ်ဝိုင်းနှင့် စာပေဆွေးနွေးပွဲတွင် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မြင့်မြင့်ရီနှင့် ပြန်/ဆက်ဦးစီးဌာနမှူး ဒေါ်စိုးစိုးအေးတို့က အမှာစကား ပြောကြားပြီး စာပေဆွေးနွေးပွဲကို ဆက်လက်ပြုလုပ်ခဲ့သည်။ ပေါင်မြို့နယ်အတွင်း စာဖတ်ဝိုင်းနှင့် စာပေဆွေးနွေးပွဲများကို တစ်လလျှင်တစ်ကြိမ်ခန့် ပြုလုပ်သွားရန် စီစဉ်ထားကြောင်း သိရသည်။ **ခင်မောင်ဝေ(ပေါင်)**



**နေပြည်တော် ဘူတာကြီး၌ မှုခင်းကျဆင်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရထားစီးခရီးသွားပြည်သူများ၏ လုံခြုံရေးအတွက် ရှာဖွေစစ်ဆေးရေးလုပ်ငန်းများကို ရထားရဲတပ်ဖွဲ့ အမှတ်(၂)တပ်ဖွဲ့ခွဲမှူး(နေပြည်တော်)မှ ဒုတိယရဲမှူးကြီး ခင်မောင်လှကြီးကြပ်သည့် ရထားရဲတပ်ဖွဲ့ဝင်များ ဇူလိုင် ၉ ရက်က ဆောင်ရွက်နေစဉ်။**
**ကိုမျိုး(ရွှေပေါက္ကံ)**

# နှစ် ၅၀ ကျော်သက်တမ်းရှိ မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားကို မြန်မာနှင့်ထိုင်း နှစ်နိုင်ငံ အင်ဂျင်နီယာများပူးပေါင်း၍ ပြုပြင်မွမ်းမံနေ

**တာချီလိတ် ဇူလိုင် ၁၃**

နှစ်ပေါင်း ၅၀ ကျော်သက်တမ်းရှိပြီဖြစ်သော မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတား ရေရှည်တည်တံ့ခိုင်မာရေးအတွက် ထိုင်းနိုင်ငံမှ တာဝန်ယူကာ နှစ်နိုင်ငံအင်ဂျင်နီယာများ ပူးပေါင်း၍ ပြန်လည်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို စတင်အကောင်ထည်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။



တံတားပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်အတွက် မြန်မာ-ထိုင်း နှစ်နိုင်ငံ အင်ဂျင်နီယာများက ဇွန်လကုန်ပိုင်းက ကြိုတင်ကြည့်ရှုလေ့လာခဲ့ကြောင်း၊ ထိုင်းနိုင်ငံရှိ အဝေးပြေးလမ်းမဦးစီးဌာန အမှတ်(၁) ချင်းရိုင်းအဝေးပြေးလမ်းမဌာနခွဲမှ စီမံချက်အင်ဂျင်နီယာ နိုင်းထုံ ချိုင်းချားနုစွမ်နှင့် အဖွဲ့နှင့် မြန်မာနိုင်ငံ တံတားဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွေးတို့ ဦးဆောင်သော အဖွဲ့ဝင်များက ကွင်းဆင်းလေ့လာခဲ့ပြီး ဇူလိုင်လဆန်းပိုင်းတွင် ထိုင်းအင်ဂျင်နီယာ ၂၇ ဦးဖြင့် တံတားပြုပြင်ရန် လုပ်ငန်းခွင်ပြင်ဆင်ခြင်း၊ တံတားရက်မများ မတင်ခြင်း၊ တံတားနှင့် လမ်းပြင်ဆင်ခြင်း၊ ကတ္တရာကွန်ကရစ်ခင်းခြင်းနှင့် လမ်းကြောင်းပြမျဉ်းဆွဲခြင်း စသည့်လုပ်ငန်းငါးရပ်ကို ဆောင်ရွက်နေကြောင်း သိရသည်။

"ဒီတံတားကြီးက နှစ်ပေါင်း ၅၀ ကျော်သွားပြီ။ လွန်ခဲ့တဲ့ သုံးလေးနှစ်ကစပြီး တာချီလိတ်မြို့ မယ်ဆိုင်ချောင်း ရေလျှံတက်ပြီး ရေကြီးစဉ်က တောင်ပေါ်က သစ်တုံးသစ်ကိုင်းကြီးတွေပါလာပြီး တံတားကို ဝင်တိုက်တယ်။ ကျွန်တော်တို့ ကားနဲ့ဖြတ်သွားရင်ဖြစ်ဖြစ် လမ်းလျှောက်သွားရင်ဖြစ်ဖြစ် တံတားက လှုပ်နေတယ်။ တချို့က စိုးရိမ်စိတ်ဖြစ်ကြတယ်။ အခုလို ပြုပြင်မွမ်းမံတော့ နှစ်နိုင်ငံက တံတားကို ဖြတ်သန်းသူတွေအတွက် ပိုပြီးအဆင်ပြေသွားတယ်"ဟု တာချီလိတ်မြို့မှ ဒေသခံတစ်ဦးက ပြောသည်။

အဆိုပါ မြန်မာ-ထိုင်းချစ်ကြည်ရေး တံတားသည် ကြိုတင်အားဖြည့် သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်ပြီး အရှည် ၂၉၃ ပေ ၄ လက်မခွဲ၊ အကျယ် ၂၆ ပေ၊ လူသွားလမ်းအကျယ် တစ်ဖက် ၅ ပေစီရှိကြောင်းနှင့် ၁၉၅၈ ခုနှစ်က စတင်တည်ဆောက်ခဲ့ပြီး ၁၉၆၁ ခုနှစ်တွင် စတင်အသုံးပြုခဲ့သောတံတားဖြစ်ကြောင်း လမ်းဦးစီးဌာနမှ သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**

# သီးနှံအထွက်နှုန်းတိုးတက်ရေး တောင်သူပညာပေးလုပ်ငန်းများ ဆောင်ရွက်

**လယ်ဝေး ဇူလိုင် ၁၃**

ရာသီဥတုပြောင်းလဲမှုကြောင့် သီးနှံများ ထိခိုက်မှုမရှိစေရေး၊ သီးနှံထွက်နှုန်း တိုးတက်ရေးနှင့် သီးနှံပုံစံများ မှန်ကန်ရေးအတွက် တောင်သူပညာပေးဆွေးနွေးပွဲကို လယ်ဝေးမြို့နယ် မြွေရိုးလေးအသိပညာပေးစင်တာ(KC)၌ ဇူလိုင် ၁၀ ရက်က ပြုလုပ်ခဲ့သည်။

တောင်သူပညာပေးအစီအစဉ်များကို စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဒေါ်သူဇာမြင့်နှင့် တိုင်းဒေသကြီးနှင့် ခရိုင် စိုက်ပျိုးရေးဦးစီးဌာနများမှ တာဝန်ရှိသူများက ကွင်းဆင်းပြုလုပ်ခဲ့ခြင်းဖြစ်ပြီး ဒေသခံတောင်သူများအား ဆန်၊ စပါးစိုက်ပျိုးရေးနည်းစနစ်များကိုလည်းကောင်း၊ မိုးပဲတီစိမ်းနှင့် အစေ့ထုတ်ပြောင်း စိုက်ပျိုးနည်းစနစ်များကိုလည်းကောင်း အသေးစိတ် ရှင်းလင်းဆွေးနွေးခဲ့ကြသည်။

လက်ရှိအချိန်တွင် လယ်ဝေးမြို့နယ်အတွင်း မိုးသီးနှံအဖြစ် စိုက်ပျိုးခဲ့သော မိုးနှမ်း၊ ဖရုံနှင့် မိုးပဲတီစိမ်းများကို ရိတ်သိမ်းနေပြီဖြစ်ကာ ဖရုံသီးများမှာ အထွက်နှုန်းကောင်းပြီး ဈေးကောင်းရနေသဖြင့် မြွေရိုးလေးနှင့် သဲကော ကျေးရွာများမှ ဒေသခံတောင်သူများအနေဖြင့် ဝင်ငွေကောင်းပြီး အဆင်ပြေလျက်ရှိကြကြောင်း သိရသည်။

**မင်းမင်းလတ်(မန်းတက္ကသိုလ်)**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းမှ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမသဘာဝဓာတ်ငွေ့စက်ရုံတွင် ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ၃၃ ကေဗွီ ရွာမ-တညင်းကုန်းလိုင်းပေါ်ရှိ ၃၃/၆ဒသမ၆ကေဗွီ ခေတ္တရာဓာတ်အားခွဲရုံမှ ၃၃ကေဗွီ ဓာတ်အားလိုင်း ဆက်သွယ်၍ ၂ဒသမ၅ အမ်ဗွီအေ ၃၃/၃ဒသမ၃ကေဗွီ ဓာတ်အားခွဲရုံတစ်ခုတည်ဆောက်ခြင်းလုပ်ငန်းအား Turn Key စနစ် ဆောင်ရွက်ခြင်းကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၂-၇-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၂-၈-၂၀၁၆ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၄း၀၀နာရီ

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**ရုံးအမှတ်(၄၄)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၁၂၇၂**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ကချင်ပြည်နယ်ဥပဒေချုပ်ရုံးမှ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း မြို့နယ်ဥပဒေရုံး(၁)ရုံး တည်ဆောက်ရေးလုပ်ငန်းအား မြန်မာကျပ်ငွေဖြင့် တည်ဆောက်လိုပါ၍ မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

- အင်ဂျန်းယန်မြို့နယ်ဥပဒေရုံးသစ် (၁) လုံး
  (ရေ၊ မီး၊ ခြံစည်းရိုးကာရံခြင်းအပါအဝင်)

တင်ဒါပုံစံ၊ စည်းကမ်းချက်နှင့် ဗီသုကာပုံစံများကို ပြည်နယ်ဥပဒေအရာရှိ၊ ကချင်ပြည်နယ် ဥပဒေချုပ်ရုံး၊ မြစ်ကြီးနားမြို့သို့ တင်သွင်းနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**တင်ဒါပုံစံများစတင်ရောင်းချမည့်ရက်** - ၁၅-၇-၂၀၁၆ရက်
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၁၅-၈-၂၀၁၆ရက် ညနေ ၁၆း၀၀နာရီ

**ဆက်သွယ်ရန်ဖုန်း-၀၇၄-၂၂၄၂၉၊ ၀၇၄-၂၉၅၄၀**
**ကချင်ပြည်နယ်ဥပဒေချုပ်ရုံး၊ မြစ်ကြီးနားမြို့**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်နယ်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် ရခိုင်ပြည်နယ် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အောက်ဖော်ပြပါအဆောက်အအုံဆောက်လုပ်ခြင်းလုပ်ငန်းများအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ဝေသာလီအားကစားကွင်းအတွင်း အားကစားသမားအိပ်ဆောင်(၄)ဆောင် တည်ဆောက်ခြင်းလုပ်ငန်း။ (အလျားပေ ၈၀× အနံ ၂၅ ပေ× အမြင့် ၁၂ ပေ)
(ခ) မြောက်ဦးမြို့ အားကစားသမားအိပ်ဆောင် (၂) ဆောင် တည်ဆောက်ခြင်းလုပ်ငန်း။ (အလျားပေ ၈၀× အနံ ၂၅ ပေ × အမြင့် ၁၂ ပေ)
(ဂ) မြောက်ဦးမြို့ အားကစားခန်းမ (၁)ခု တည်ဆောက်ခြင်းလုပ်ငန်း။ (အလျား ၁၂၀ပေ× အနံ ၉၀ပေ × အမြင့် ၃၆ ပေ)
(ဃ) သံတွဲမြို့ အားကစားသမားအိပ်ဆောင် (၂) ဆောင် တည်ဆောက်ခြင်းလုပ်ငန်း။ (အလျားပေ ၈၀× အနံ ၂၅ ပေ× အမြင့် ၁၂ ပေ)
(င) ကျောက်ဖြူမြို့ အားကစားခန်းမ (၁) ခု တည်ဆောက်ခြင်းလုပ်ငန်း။ (အလျား ၁၂၀ ပေ × အနံ ၉၀ ပေ × အမြင့် ၃၆ ပေ)
(စ) ကျောက်ဖြူခရိုင် အား/ကာ ဝန်ထမ်းအိမ်ရာ(၂)ခန်းတွဲ RC (၂) ထပ် တည်ဆောက်ခြင်း။ (အလျား ၄၅ပေ × အနံ ၃၅ ပေ× အမြင့် ၂၂ ပေ) RC (၂)ထပ်
(ဆ) မောင်တောမြို့ အားကစားခန်းမ(၁)ခုတည်ဆောက်ခြင်းလုပ်ငန်း။ (အလျား ၁၂၀ ပေ × အနံ ၉၀ ပေ× အမြင့် ၃၆ ပေ)
(ဇ) ပုဏ္ဏားကျွန်းမြို့ အထူးတန်းပွဲကြည့်စင် (၁) ခု တည်ဆောက်ခြင်းလုပ်ငန်း။ (အလျား ၁၀၀ပေ × အနံ ၂၈ ပေ × အမြင့် ၂၄ ပေ)
(ဈ) သံတွဲမြို့ အားကစားသမားအိပ်ဆောင် (၂)ဆောင် တည်ဆောက်ခြင်းလုပ်ငန်း။ (အလျား ၈၀ ပေ × အနံ ၂၅ ပေ× အမြင့် ၁၂ ပေ)
(ည) ဧည့ဝတီဘောလုံးကွင်းအတွင်း ခြံစည်းရိုး(သံပန်းကာရံခြင်း) လုပ်ငန်း။ (၁၆၀၀ပေ)
(ဋ) ပြည်နယ်အား/ကာရုံး အကြီးစားပြင်ဆင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်း။ (အလျား ၈၀ ပေ × အနံ ၂၅ ပေ× အမြင့် ၁၂ ပေ)
(ဌ) ကမ်းထောင်းကြီးမြို့မအားကစားကွင်း ပြုလုပ်ခြင်း လုပ်ငန်း။ (အလျား ၄၀၀ ပေ × အနံ ၃၀၀ ပေ)

၂။ တင်ဒါပိတ်ရက်မှာ ၂၂-၇-၂၀၁၆ ရက် ၁၂း၀၀ နာရီတွင် နောက်ဆုံးထားတင်သွင်းရန်နှင့် တင်ဒါပုံစံအသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါလိပ်စာအတိုင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**ရခိုင်ပြည်နယ်အားကစားနှင့်ကာယပညာဦးစီးဌာန**
**ပြည်နယ်အား/ကာရုံး၊ စစ်တွေမြို့**
**ဖုန်း-၀၄၃-၂၁၂၄၅၊ ၀၄၃-၂၁၂၄၄**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်အတွင်း တိုင်းရင်းဆေးပညာဦးစီးဌာနမှ ငွေလုံးငွေရင်း အသုံးစရိတ်ခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါပစ္စည်းများအား မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ တရားဝင် အသိအမှတ်ပြုလိုင်စင်ရ (ကုမ္ပဏီ၊ အရောင်းဆိုင်)များမှ အိတ်ဖွင့်တင်ဒါခေါ်ယူအပ်ပါသည်။

(က) ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းကိရိယာများ
(ခ) GMP အဆင့်တိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးစက်ရုံသုံး စက်ပစ္စည်းများ
(ဂ) ရုံးသုံးနှင့်အထွေထွေသုံးစက်ပစ္စည်း
(ဃ) ဆေးရုံသုံးနှင့်ရုံးသုံးပရိဘောဂပစ္စည်းများ

၂။ **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၄-၇-၂၀၁၆ရက်(ကြာသပတေးနေ့)
**တင်ဒါပိတ်သည့်ရက်/အချိန်** - ၃-၈-၂၀၁၆ရက် (တနင်္လာနေ့) ၁၆း၀၀နာရီ
**တင်ဒါပေးသွင်းရမည့်နေရာ** - ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ် ၄၇၊ နေပြည်တော်

၃။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ် ၄၇၊နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင် လာရောက်၍ဖြစ်စေ ဖုန်း-၀၆၇-၄၃၁၀၉၂၊ ၄၃၁၁၄၆၊ ၄၃၁၀၄၉၊ ၄၃၁၁၄၈တို့သို့ ဆက်သွယ်၍ဖြစ်စေ စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာန အောက်ဖော်ပြပါတည်ဆောက်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန်ရှိပါသဖြင့် ပြည်တွင်း လုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းတည်နေရာ | ဆောင်ရွက်မည့်လုပ်ငန်း |
|---|---|---|
| (က) | မန္တလေးမြို့ GMP တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးစက်ရုံ | Renovation Work for Warehouse |
| (ခ) | နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ် | အမျိုးသားပရဆေးဥယျာဉ် အမှုထမ်းအိမ်ရာ ဆောက်လုပ်ခြင်း၊ (၆)ခန်းတွဲ၊ (၂)ထပ်၊ (၉၆'× ၅၀')RC (ရေ၊ မီး၊ မိလ္လာ အပါအဝင်) |

၂။ တင်ဒါတင်သွင်းလိုသည့်ကုမ္ပဏီများသည် ဦးစီးဌာနသတ်မှတ်ထားသော လုပ်ငန်းစံနှုန်း၊ ဒီဇိုင်းပုံစံများနှင့်အညီ အသေးစိတ်ရေးဆွဲတွက်ချက်တင်ပြရန်ဖြစ်ပြီး ကုမ္ပဏီမှတ်ပုံတင်မိတ္တူ၊ ကုမ္ပဏီ Profile တင်ပြရမည်ဖြစ်ပါသည်။ တင်ဒါလုပ်ငန်းတစ်ခုထက်ပိုမိုတင်သွင်းလိုသည့် သက်ဆိုင်ရာလုပ်ငန်းတစ်ခုချင်းအတွက် သတ်မှတ်တင်ဒါ အာမခံကြေးပေးသွင်းပြီးမှ တင်ဒါပုံစံတစ်ခုချင်း တင်သွင်းရမည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၄-၇-၂၀၁၆ ရက်(ကြာသပတေးနေ့)
**တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်** - ၃-၈-၂၀၁၆ ရက်၊ ညနေ ၁၆း၀၀ နာရီ
**တင်ဒါရောင်းချတင်သွင်းရမည့်နေရာ** - တိုင်းရင်းဆေးပညာဦးစီးဌာန၊ ရုံးအမှတ်(၄၇)နေပြည်တော်

၃။ အသေးစိတ်အချက်အလက်များကို ဤဦးစီးဌာနရုံး ဖုန်း-၀၆၇-၄၃၁၀၉၂၊ ၄၃၁၀၉၁၊ ၄၃၁၀၉၆ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**တိုင်းရင်းဆေးပညာဦးစီးဌာန**

## ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်း ရုံးသုံးစက်ပစ္စည်းများနှင့်ပရိဘောဂပစ္စည်းများဝယ်ယူရန်

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ မြန်မာ့စာတိုက်လုပ်ငန်းတွင် အသုံးပြုရန်လိုအပ်သော အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများနှင့် ပရိဘောဂပစ္စည်းများကို ပြည်တွင်းငွေဖြင့် ဝယ်ယူလိုပါသည်။

(က) UPS (Power Trees-1250 Volts) Metal Frame 100 Nos
(ခ) Office Table (Wood with three drawers)(5'x3') 50 Nos

၂။ တင်ဒါပုံစံများကို မြန်မာ့စာတိုက်လုပ်ငန်း(ရုံးချုပ်)၊ နေပြည်တော် ဗဟိုစာတိုက်ကြီးတွင် အခမဲ့ရယူနိုင်ပြီး ၁၃-၈-၂၀၁၆ရက် ၁၆း၃၀နာရီတွင် တင်ဒါပိတ်သိမ်းပါမည်။ သတ်မှတ်ထားသည့်အချိန်ထက် ကျော်လွန်ပေးသွင်းသော တင်ဒါများအား လက်ခံမည်မဟုတ်ပါ။

၃။ တင်ဒါပုံစံနှင့် တင်ဒါခေါ်ယူသည့်ပစ္စည်းများ၏ အသေးစိတ်အချက်အလက်များကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်း (ရုံးချုပ်)၊ တင်ဒါစိစစ်ရေးကော်မတီသို့ စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရေးကော်မတီ**
**ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန**
**မြန်မာ့စာတိုက်လုပ်ငန်း (ရုံးချုပ်)၊ နေပြည်တော်ဗဟိုစာတိုက်ကြီး**
**ဖုန်း-၀၆၇-၄၂၀၀၀၈ (ရုံးချိန်အတွင်းသာ)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ကယားပြည်နယ်

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ကယားပြည်နယ်ရုံး လွိုင်ကော်မြို့တွင် ပြည်နယ်ရုံးအဆောက်အအုံ(၆၅ပေ×၃၈ပေ) (RC)နှစ်ထပ် ရေမီးအပါ(၁) လုံးဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာများကို ၁၆-၇-၂၀၁၆ရက်မှစတင်၍ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ကယားပြည်နယ်၊ လွိုင်ကော်မြို့တွင် ဝယ်ယူနိုင်မည်ဖြစ်ပြီး ၁၆-၈-၂၀၁၆ရက် ၁၆း၀၀နာရီနောက်ဆုံးထား၍ ပြန်လည်တင်သွင်းကြရန်ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ကယားပြည်နယ်၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ဖုန်း-၀၈၃-၂၂၉၆၁၊ ၀၈၃-၂၄၀၀၂၁တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန**
**ကယားပြည်နယ်၊ လွိုင်ကော်မြို့**

# ပစ္စည်းခေါင်းစဉ်ဖြင့် ဝင်ငွေခွန်ပေးဆောင်ခြင်းဆိုင်ရာ သိမှတ်ဖွယ်

* **အကျုံးဝင်သည့်ဝင်ငွေများ**။ ကိုယ်ပိုင်ဖြစ်သည့်မြေ သို့မဟုတ် မြေနှင့် အဆောက်အအုံ ငှားရမ်းခြင်းနှင့် ကိုယ်ပိုင်မဟုတ်သည့်မြေ သို့မဟုတ် မြေနှင့်အဆောက်အအုံ ထပ်ဆင့်ငှားရမ်းခြင်းမှ ရရှိသည့်ဝင်ငွေများ ပါဝင်သည်။ ငှားရမ်းခရငွေကို အခွန်စည်းကြပ်ရန်အတွက် တွက်ချက် ရာတွင် အမှန်ငှားရမ်းခရငွေနှင့် ဒေသဆိုင်ရာအာဏာပိုင်အဖွဲ့အစည်းက သတ်မှတ်သည့်ငှားရမ်းခနှုန်း၊ ယင်းနှစ်ရပ်အနက် များရာငွေကို ငှားရမ်းခရငွေအဖြစ် တွက်ချက်မည်ဖြစ်ပါသည်။

* **ဝင်ငွေတွက်ချက်မှု**။ ငှားရမ်းခရရှိသည့် ငှားရမ်းခရငွေ စုစုပေါင်းအပေါ် ငှားရမ်းခရရှိသည့် ဝင်ငွေနှစ်အတွက် သတ်မှတ်ပေးထားသည့် ဝင်ငွေခွန်နှုန်းဖြင့် အခွန်စည်းကြပ်ရမည်။ ဥပမာ-နေအိမ်ကို ဇွန်လ ၂၀၁၆မှ မေလ ၂၀၁၇အထိ တစ်နှစ်ငှားရမ်းခြင်းအတွက် ၂၀၁၇-၂၀၁၈ စည်းကြပ်နှစ်တွင် အဆိုပါတစ်နှစ်စာ ငှားရမ်းခရငွေ စုစုပေါင်းအပေါ် ၂၀၁၆ခုနှစ် ပြည်ထောင်စု၏အခွန်အကောက်ဥပဒေပါ အခွန်နှုန်းဖြင့် အခွန်စည်းကြပ်ပါမည်။

* **အခွန်နှုန်း**။

- သတ်မှတ်သည့် စုစုပေါင်းငှားရမ်းခရငွေမှ ဝင်ငွေခွန်ဥပဒေ ပုဒ်မ ၆ အရ သက်သာခွင့်များနုတ်ပယ်ပြီး ကျန်ငွေအပေါ် ၁၀ရာခိုင်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။

**ကျသင့်ဝင်ငွေခွန်=(စုစုပေါင်းငှားရမ်းခရငွေ-အခြေခံ သက်သာခွင့်များ)×၁၀ရာခိုင်နှုန်း**

**ဥပမာ-**

ဦးလှသည် နှစ်အတွင်း အိမ်ငှားရမ်းခငွေတစ်လ ၅သိန်းဖြင့် တစ်နှစ်ငှားရမ်းခသိန်း ၆၀ရရှိသူ ဖြစ်ပါက

| | |
|---|---|
| စုစုပေါင်းအိမ်ငှားရမ်းခရငွေ | = ၆၀၀၀၀၀၀ |
| အခြေခံသက်သာခွင့် (၆၀၀၀၀၀၀×၂၀%) | = ၁၂၀၀၀၀၀ |
| အတူနေမိဘအတွက် သက်သာခွင့် (တစ်ဦး ၁၀၀၀၀၀၀ စီ × ၂ ဦး) | = ၂၀၀၀၀၀၀ |
| အိမ်ထောင်ဖက်အတွက် သက်သာခွင့် | = ၁၀၀၀၀၀၀ |
| သားသမီး ၂ ဦးအတွက် သက်သာခွင့် (တစ်ဦး ၅၀၀၀၀၀ စီ × ၂ ဦး) | = ၁၀၀၀၀၀၀ |
| (နုတ်)သက်သာခွင့် စုစုပေါင်း | = ၅၂၀၀၀၀၀ |
| အခွန်စည်းကြပ်ရန် ဝင်ငွေ | = ၈၀၀၀၀၀ |
| ကျသင့်အခွန်=အခွန်စည်းကြပ်ရန်ဝင်ငွေ×၁၀ရာခိုင်နှုန်း | = ၈၀၀၀၀ |

➡ နိုင်ငံတော်ပိုင် စီးပွားရေးအဖွဲ့အစည်းများ၊ မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုကော်မရှင် ခွင့်ပြုမိန့်ဖြင့် ဆောင်ရွက်သောလုပ်ငန်းများ၊ ကုမ္ပဏီများ၊ သမဝါယမအသင်းများဖြစ်ပါက စုစုပေါင်းငှားရမ်းခ ရငွေမှ ယင်းငွေရရှိရန် ကုန်ကျသည့်စရိတ်များကို နုတ်ပယ်ပြီးရရှိသည့် အသားတင်အမြတ် ဝင်ငွေအပေါ် ၂၀၁၆ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေပါ အဆိုပါအဖွဲ့အစည်းများအတွက် သီးခြားသတ်မှတ်ပေးထားသည့် အခွန်နှုန်းဖြင့် အခွန်တွက်ချက်ပါသည်။

* **အကျိုးသက်ရောက်သည့်နေ့**။ ၁-၄-၂၀၁၆ရက်မှ စတင်ရရှိသည့် ငှားရမ်းခရငွေအတွက်မှ စတင်အကျိုးသက်ရောက်ပါသည်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန မန္တလေးမြို့

# အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

၁။ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်၊ မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဘဏ္ဍာ ရန်ပုံငွေဖြင့် ရက်ကန်းနှင့်အသက်မွေးပညာသင်တန်းကျောင်း(မိတ္ထီလာ)၊ မိတ္ထီလာမြို့တွင် အဆောက်အအုံ (ပေ ၈၀× ပေ ၃၀× ၂၆ ပေ)၊ RCC(၂)ထပ်၊ အဆောက်အအုံ(၁)လုံး၊ (၄" အဝီစိတွင်းအပါအဝင်)ဆောက်လုပ်ရန်ရှိပါသဖြင့် တရားဝင်အသိအမှတ်ပြုလိုင်စင်ရသည့် ဆောက်လုပ်ရေးကုမ္ပဏီများအား အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါအဆိုပြုလွှာများကို မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန မန္တလေးမြို့တွင် ၁၄-၇-၂၀၁၆ ရက်မှ စတင်ဝယ်ယူနိုင်ပြီး ၁၅-၈-၂၀၁၆ ရက် ညနေ ၄း၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။

၃။ တင်ဒါနှင့်ပတ်သက်သည့် အသေးစိတ်အချက်အလက်များအား သိရှိလိုပါက မန္တလေးတိုင်းဒေသကြီး၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ၈၂×၂၅ လမ်းထောင့်၊ အောင်မြေသာစံမြို့နယ် ဖုန်း-၀၂-၃၉၆၀၉၊ ၀၉-၂၀၀၀၇၃၀၊ ၀၉-၄၀၃၇၀၅၉၂၉ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

## လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းမှ အောက်ဖော်ပြပါ ပစ္စည်းများအား DDP (At Site) အရောက်မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသည်-

| | | |
|---|---|---|
| Tender No. 06/EPGE/16-17 | (1) 10" Gas Pipe- | 132 Nos |
| | (2) 10", 90° Bend- | 2 Nos |
| | (3) 10", 45° Bend- | 2 Nos |
| | (4) 6"x4" Reducer- | 3 Nos |

၂။ Tender No-06 ၏ တင်ဒါပိတ်ရက်မှာ ၁၁-၈-၂၀၁၆ရက်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ဖော်ပြပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း**
**ရုံးအမှတ်(၂၇)၊ နေပြည်တော် ဖုန်း-၀၆၇-၈၁၀၄၂၇၈နှင့် ၈၁၀၄၂၇၉**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနတွင် အသုံးပြုရန်အတွက် လိုအပ်သောပစ္စည်းများကို အောက်ပါအတိုင်း ဌာနအရောက်ကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့် လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်။

(က) သစ်ပင်ပုံသွင်းစက် (၅) လုံး
(ခ) သစ်ခုတ်လွှ(၃၆"၊ ၁၈") (၁၆) လုံး
(ဂ) မြက်ဖြတ်စက်(ကျောပိုး၊လက်တွန်း) (၈၅) လုံး

၂။ ဈေးနှုန်းလွှာပိတ်ရက်မှာ ၂၇-၇-၂၀၁၆ ရက်၊ ၁၆း၀၀ နာရီဖြစ်ပြီး တင်ဒါပုံစံများအား မြို့တော်ခန်းမ(ပထမထပ်)ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ပစ္စည်းဝယ်ယူရေးဌာနခွဲတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်း-၃၈၈၇၃၂သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**

### မွေးသက္ကရာဇ်မှန်

တောင်ကြီးမြို့၊ အထက (၁၀)၊ တက္ကသိုလ်ဝင်တန်း(က)မှ မောင်သူရစိုး၏ မွေးသက္ကရာဇ်မှန်မှာ ၇-၅-၂၀၀၁ဖြစ်ပါကြောင်း။

### ဖခင်အမည်မှန်

အထက ခိုလမ်၊ ပဥ္စမတန်း(က)မှ မသန်းသန်းဝင်း၏ ဖခင်အမည်မှန်မှာ ဦးလှနိုင် ၉/ ညဥန(နိုင်)၂၀၃၈၇၉ဖြစ်ပါကြောင်း။

**ဦးလှနိုင်**

### ဖခင်အမည်မှန်

လွိုင်ကော်မြို့၊ ချိကယ် အထက(ခွဲ)၊ ပဥ္စမတန်းမှ မဖားမြာ၏ ဖခင်အမည်မှန်မှာ ဦးအောင်မြင့်ဦး ၂/လကန(နိုင်)၀၇၅၄၇၆ဖြစ်ပါကြောင်း။

**ဦးအောင်မြင့်ဦး**

### ဖခင်အမည်မှန်

လွိုင်ကော်မြို့၊ အထက (၂)၊ အဋ္ဌမတန်း(င)မှ မမြတ်သီရိကို၏ ဖခင်အမည်မှန်မှာ ဦးကျော်ရယ် ၂/လကန(နိုင်)၀၂၂၈၆၁ ဖြစ်ပါကြောင်း။

**ဦးကျော်ရယ်**

### ပျောက်ဆုံးကြောင်း

ကျွန်တော်၏ ရှမ်းရွှေမြေတောင်တန်းကုမ္ပဏီ မှတ်ပုံတင်လက်မှတ်အမှတ် ၅၂/၂၀၁၅- ၂၀၁၆(ရှမ်း) ၂၈-၇-၂၀၁၅သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ကျေးဇူးဆပ်ပါမည်။

**ဦးစိုင်းဆမ်**
**အုပ်ချုပ်မှုဒါရိုက်တာ**
**ဖုန်း-၀၉-၃၆၁၀၄၆၅၂**

# မြန်မာ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

စာမျက်နှာ - ၅

## ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေဆိုင်ရာ ကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ "၇" အရ တောင်တရုတ်ပင်လယ်အရေးကိစ္စတွင် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်အပေါ် မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ထုတ်ပြန်ကြေညာချက်

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်

၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၁၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့သည့် ၁၉၈၂ ခုနှစ် ကုလသမဂ္ဂပင်လယ်ပြင်ဥပဒေဆိုင်ရာကွန်ဗင်းရှင်း၏ နောက်ဆက်တွဲ "၇"အရ တောင်တရုတ်ပင်လယ်အရေးကိစ္စနှင့်ပတ်သက်သည့် အနုညာတခုံရုံး၏ ဆုံးဖြတ်ချက်ကို မြန်မာနိုင်ငံက မှတ်သားထားပါသည်။ အဆိုပါ အနုညာတခုံရုံးဆုံးဖြတ်ချက်၏ အကျိုးသက်ရောက်မှုနှင့် ဒေသအတွင်းနှင့် ပြင်ပသို့ရိုက်ခတ်လာနိုင်မည့် ဂယက်ကို မြန်မာနိုင်ငံမှ စောင့်ကြည့်လေ့လာလျက်ရှိသည်။

မြန်မာနိုင်ငံသည် တောင်တရုတ်ပင်လယ်ပိုင်ဆိုင်မှုကိုကြေညာသည့် နိုင်ငံမဟုတ်သော်လည်း တောင်တရုတ်ပင်လယ်၏ ဖြစ်ပေါ်တိုးတက်မှုများကို အလေးအနက်ထားရှိပါသည်။ မြန်မာနိုင်ငံအနေနှင့် အငြင်းပွားမှုကို ၁၉၈၂ ပင်လယ်ပြင်ဥပဒေဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်းအပါအဝင် နိုင်ငံအားလုံးမှ အသိအမှတ်ပြုသည့် အပြည်ပြည်ဆိုင်ရာဥပဒေအခြေခံမူများနှင့်အညီ ဆွေးနွေးမှုနှင့် ချစ်ကြည်ရင်းနှီးစွာ ညှိနှိုင်းမှုများမှတစ်ဆင့် ငြိမ်းချမ်းစွာဖြေရှင်းရန် ကြိုးပမ်းမှုများအားလုံးကို အစဉ်အမြဲ အားပေးထောက်ခံပါသည်။

သက်ဆိုင်သည့်နိုင်ငံများအနေနှင့် အခြေအနေကို တင်းမာစေမည့် လုပ်ဆောင်မှုများအပေါ် ထိန်းထိန်းသိမ်းသိမ်းဆောင်ရွက်ရန်နှင့် ပြဿနာကို အင်အားသုံးခြင်း သို့မဟုတ် ခြိမ်းခြောက်ခြင်းမှ ရှောင်ကြဉ်ရန် တိုက်တွန်းပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❒

## (၆၉)နှစ်မြောက် အာဇာနည်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံ တိုင်ဝက်လွှင့်ထူရန်နှင့် ဥသြဆွဲရန် ညွှန်ကြားထား

နေပြည်တော် ဇူလိုင် ၁၃

၂၀၁၆ ခုနှစ် ဇူလိုင်လ ၁၉ ရက်(အင်္ဂါနေ့)၊ (၆၉)နှစ်မြောက် အာဇာနည်နေ့တွင် ဝမ်းနည်းခြင်းအထိမ်းအမှတ်အနေဖြင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို နိုင်ငံတစ်ဝန်းလုံး တိုင်ဝက်လွှင့်ထူရေး၊ အာဇာနည်ခေါင်းဆောင်ကြီးများ ကျဆုံးသည့် နံနက် ၁၀ နာရီ ၃၇ မိနစ်အချိန်တွင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားက ဥသြဆွဲအချက်ပေးရေးနှင့် ယင်းအချိန်တွင် သွားလာနေသည့် မော်တော်ယာဉ်များ ခေတ္တရပ်ပြီး ဟွန်းတီးစေရေးတို့အတွက် အောက်ခြေအဖွဲ့အစည်းအဆင့်ဆင့်သို့ ဆက်လက်ညွှန်ကြားရန် နိုင်ငံတော်သမ္မတရုံးက အစိုးရရုံးဌာနအားလုံးသို့ ညွှန်ကြားထားကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

## ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ဆီမီးသို့ ရန်ကုန်နှင့် ရတနာပုံ တက်ရောက်

သတင်း - ညီမြတ်သော်တာ၊ ဓာတ်ပုံ - ဖိုးသော်ဇင်

ရန်ကုန် ဇူလိုင် ၁၃

၂၀၁၆ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက်ပြိုင်ပွဲ ကွာတားဖိုင်နယ်(ပထမနေ့) ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ ရန်ကုန်ယူနိုက်တက်နှင့် ရတနာပုံအသင်း ဆီမီးဖိုင်နယ်တက်ရောက်သွားသည်။

အောင်ဆန်းကွင်း၌ ကျင်းပသော ပွဲတွင် ရန်ကုန်အသင်းက ဟံသာဝတီအသင်းကို သုံးဂိုးပြတ်အနိုင်ရရှိခဲ့သည်။ နည်းပြ ဦးမျိုးမင်းထွန်းလက်ထက်တွင် ပုံစံကောင်းပြသနေသည့် ရန်ကုန်အသင်းသည် ယခုပွဲတွင်လည်း အခက်အခဲမရှိ နိုင်ပွဲရယူကာ

စာမျက်နှာ ၁၄ ကော်လံ ၄ ❍



ရန်ကုန်နှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်နေစဉ်



## ပြည်သူ့အတွက် တန်ဖိုးနည်းယုဇနအထပ်မြင့်အိမ်ရာအပိုင်း(၂) တည်ဆောက်လျက်ရှိ

ရန်ကုန် ဇူလိုင် ၁၃

နှစ်စဉ် ရန်ကုန်မြို့တွင်း လူဦးရေတိုးပွားလာသည့်အတွက် အခြေခံလူတန်းစားများ ခေတ်နှင့်အညီ နေထိုင်မှုအဆင့်အတန်းမြင့်မားရေးအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်သူ့အတွက် တန်ဖိုးနည်းအိမ်ရာပေါင်း မြောက်မြားစွာတို့ကို တည်ဆောက်ပေးလျက်ရှိရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် စစ်တောင်းရိပ်မွန် (၉၂)ရပ်ကွက် သီဟိုဠ်လမ်းမဘေးဝဲယာတစ်လျှောက် မြေကွက်လပ်လွတ်ပေါ်၌ စီမံကိန်းဧရိယာ ၁၇ ဧကပေါ်တွင် တန်ဖိုးနည်း ယုဇနအထပ်မြင့်အိမ်ရာ အပိုင်း(၂) ကို ၂၀၁၅ ခုနှစ် မတ်လက စတင်တည်ဆောက်လျက်ရှိသည်။ ခြောက်ခန်းတွဲ လေးထပ်မြင့် အဆောက်အအုံတိုက်ခန်း၌

စာမျက်နှာ ၈ ကော်လံ ၁ ✻

## ချင်းတွင်းမြစ်ရေ စိုးရိမ်ရေမှတ် ဆက်လက်တည်ရှိနိုင်

နေပြည်တော် ဇူလိုင် ၁၃

ယနေ့ မွန်းလွဲ ၁၂ နာရီခွဲ တိုင်းထွာချက်များအရ ချင်းတွင်းမြစ်ရေသည် မော်လိုက်မြို့တွင် လေးပေခန့်၊ ကလေးဝမြို့တွင် နှစ်ပေခန့်၊ မင်းကင်းမြို့တွင် နှစ်ပေခွဲခန့်နှင့် ကနီမြို့တွင် သုံးပေခန့် ယင်းမြို့များ၏ စိုးရိမ်ရေမှတ်အသီးသီး အထက်သို့ ကျော်လွန်နေသည်။ အဆိုပါမြစ်ရေများသည် နောက်နှစ်ရက်အတွင်း မော်လိုက်မြို့နှင့် ကလေးဝမြို့တို့တွင် တစ်ပေခွဲခန့်စီ၊ မင်းကင်းမြို့တွင် တစ်ပေခန့်၊ ကနီမြို့တွင် ပေဝက်ခန့် ကျဆင်းနိုင်ပြီး ယင်းမြို့များ၏ စိုးရိမ်ရေမှတ် အသီးသီးအထက် ဆက်လက်တည်ရှိနိုင်သည်။

အဆိုပါ မြစ်ရေသည် မုံရွာမြို့တွင် ပေဝက်ခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အကြံပြုထားသည်။

(မြန်မာ့အလင်း)

